
www.burmeseclassic.com
ရီရီငွေး မွေးဖွားသည့်
သိုက်ဖွား
ကိုးသင်္ချိုင်းအဓိဋ္ဌာန်ရှင်
BURMESE CLASSIC .com
ချက်ချောက်ခြားခြားဂမ္ဘီရလုံးချင်းဝတ္ထုသစ်
ပန်းချီထွန်းအောင်
www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန် အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ... ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ... ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ... ဒို့အရေး

### ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

### နိုင်ငံရေးဦးတည်ချက် (၄)ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

### စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပပျောက်ပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သိုက်ဖွား

ကိုးသင်္ချိုင်းအဓိဋ္ဌာန်ရှင်

www.burmeseclassic.com

www.burmeseclassic.com


သိုက်ဖွား

ကိုးသင်္ချိုင်းအဓိဋ္ဌာန်ရှင်

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်- ၅၀၀၂၁၃၀၇၀၈

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၁၂၀၇၀၈

မျက်နှာဖုံးဒီဇိုင်း ● ထွန်းအောင်

ထုတ်ဝေသည့်လ ● ၂၀၀၈ ခုနှစ်၊ စက်တင်ဘာလ

အကြိမ် ● ပထမအကြိမ်

အုပ်ရေ ● ၅၀၀

ထုတ်ဝေသူ ● ဦးကျော်ဆန်း
ရဲအောင်စာပေ

ပုံနှိပ်သူ ● ဦးကျော်စိန်
ကျောက်စိမ်းပုံနှိပ်တိုက်

တန်ဖိုး ● ၁၀၀ ကျပ်

အိုယွန်းယှဉ်စာပေမှ ပြည်လုံးကျွတ် ဖြန့်ချိပါသည်။


BURMESE CLASSIC .com

## မာတိကာ


အခန်း (၁)

မိုင်းသောက်ရွာဟောင်းကြီး

အခန်း (၂)

မိုင်းသောက်ကျ[illegible]တီးကုန်း

အခန်း (၃)

နန်းတင်နှင့်မြွေ

အခန်း (၄)

တောခြောက်တဲ့မြိုင်

အခန်း (၅)

ကိုင်းသချိုင်းအဓိဋ္ဌာန်ရှင်

အခန်း (၆)

ခမောက်မည်းနဲ့မိန်းကလေး


www.burmeseclassic.com

www.burmeseclassic.com


အခန်း (၇)

ဖုတ်ဝင်စားတဲ့ကျောက်တောင်

အခန်း (၈)

လိုဏ်ဂူထဲကဖြစ်ရပ်ဆန်း

အခန်း (၉)

အနွယ်တော်များနှင့်တွေ့ဆုံခြင်း




## အခန်း (၁)

## “မိုင်းသောက်ရွာဟောင်းကြီး”

တကယ်လို့သာ. . .။

ကျွန်တော်ဟာ နန့်မဲလန့်ရွာက မိုင်းသောက်ရွာသို့ မသွားဖြစ်ခဲ့ဘူးဆိုရင် ဒီလို ကြောက်မက်ဖွယ် တုန်လှုပ်ဖွယ်ကောင်းတဲ့ ဇာတ်လမ်းမျိုး ဖြစ်ပေါ်လာမှာမဟုတ်ဘူး။

ကျွန်တော်ဟာ နာနာဘာဝ တစ္ဆေ သရဲနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို သိပ်နားမလည်ခဲ့ဘူး။ ကျွန်တော် ဘွဲ့ရပြီးတဲ့အခါမှာ မြို့ကြီးပြကြီးမှာ မနေလိုတဲ့အတွက် “စေလိုရာစေ” ကျောင်းဆရာအလုပ်ကို လျှောက်ခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



အလုပ်ခန့်တော့ ရှမ်းပြည်နယ်အရှေ့ပိုင်း အစွန်အဖျား ရွာကလေးဖြစ်တဲ့ နန့်မဲလန်ဆိုတဲ့ ရွာကလေးမှာ မူလတန်းပြ ဆရာအဖြစ် တာဝန်ကျခဲ့တယ်။

မိဘဆွေမျိုးတွေက မသွားစေချင်လို့ တားပေမယ့် ကျွန်တော်ကိုယ်တိုင်က တိုင်းရင်းသားကျေးရွာကလေးဆီကို သွား လိုတဲ့ဆန္ဒရှိတာကြောင့် မိဘဆွေမျိုးအသိုင်းအဝိုင်းနဲ့ အတိုက် အခံပြောခဲ့ရတယ်။

ဒီလိုနယ်စပ်ဒေသကို ကျောင်းဆရာအဖြစ်နဲ့သွားတယ် ဆိုတာကလည်း လမ်းပမ်းခက်ခဲတဲ့ဒေသက တိုင်းရင်းသားကလေး လူငယ်တွေရဲ့ ပညာရေးကို ဖွံ့ဖြိုးတိုးတက်စေချင်လို့ပါ။ အခုလို ငယ်ရွယ်တုန်းအချိန်မှာ ကျွန်တော်တတ်ကျွမ်းတဲ့ပညာကို ဖြန့် ဝေချင်တဲ့ဆန္ဒနဲ့ပါ။

အဲဒီမူလတန်းကျောင်းကလေးမှာ ကျောင်းအုပ်ဆရာ ကြီးရယ် နယ်ခံဆရာမနှစ်ဦးနဲ့ ကျွန်တော်သာရှိတဲ့အတွက် အတန်း တိုင်းကို တစ်ယောက်တစ်လှည့် စာသင်ပေးခဲ့ရတယ်။





အဲဒီကလေးတွေက သူတို့ရဲ့တိုင်းရင်းသားဘာသာနဲ့ "ဆရာကျောင်း"လို့ မပီတပီ ခပ်ဝဲဝဲအသံကလေးနဲ့ ခေါ်ခဲ့ကြ တယ်။ မြန်မာလိုတော့. . . "ဆရာ"ပေါ့. . .။

ကလေးတွေက ဆရာကျောင်းလို့ခေါ်တဲ့အတွက် ရွာသူ ရွာသားတွေကပါ ကျွန်တော့်ကို ဆရာကျောင်းလို့ခေါ်ပြီး ရိုရိုသေ သေဆက်ဆံခဲ့ကြတယ်။

ရပ်ရေးရွာရေး သာသနာရေးအစ ကျွန်တော့်ကို နေရာ ပေးတာကြောင့် ကျွန်တော်ဟာ ရှေ့ဆုံးကပါဝင်ခဲ့တယ်။ နဂိုကမှ ပရဟိတလုပ်ငန်းတွေကို အတော်ဝါသနာပါတော့ ဒီအလုပ်ဟာ ကျွန်တော်နဲ့ အံဝင်ခွင်ကျဖြစ်နေတယ်။ နောက်ပြီး အဲဒီနားက ရွာကလေးတွေဟာ ဝေးသီခေါင်ဖျား တောကျတဲ့အတွက် ရိုးရာ အစွဲအလမ်းတွေကလည်း တစ်ပုံကြီး. . .။

ဒီနေ့ ကျောင်းအားရက် တနင်္ဂနွေနေ့. . .။

နန့်မဲလန်ရွာနဲ့ ငါးမိုင်လောက်ဝေးတဲ့ မိုင်းသောက်ရွာသစ် ကို ကျွန်တော် သွားရောက်ခဲ့တယ်။ အဲဒီမှာ အလှူရှိလို့သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



အဲဒီရွာကလူကြီးတစ်စုနဲ့ စကားပြောဖြစ်ခဲ့တယ်။

"ဒီရွာက မိုင်းသောက်ရွာသစ်ပေါ့ ဆရာကျောင်းရဲ့"

"မိုင်းသောက်ရွာသစ်ဆိုတော့ မိုင်းသောက်ရွာဟောင်းက ရှိသေးလို့လား"

"ရှိပြီကော ဆရာကျောင်းရယ်"

"မိုင်းသောက်ရွာဟောင်းက ဘယ်နားမှာလဲ"

"ဒီကနေ ငါးမိုင်ကျော်လောက်ဝေးတဲ့ မိုင်းနဲ့မြစ်ကွေ့နားမှာပေါ့. . . အခု လူမနေတော့ဘူး"

"ဒါဆိုရင်. . . မိုင်းသောက်ရွာဟောင်းကြီးကို ဘာ့ကြောင့်စွန့်ပစ်တာလဲ. . . ပြောပြပါဦး"

"အေး. . . ပြောပြမယ် ဆရာကျောင်း"

လို့ဆိုပြီး မိုင်းသောက်ရွာဟောင်းကြီးအကြောင်း ပြောပြခဲ့တယ်။

မိုင်းသောက်ရွာကြီး. . . ။

အဲဒီရွာကြီးဟာ မိုင်းနဲ့မြစ်ကမ်းနံဘေးမှာ တည်ရှိတဲ့





ရွာကြီးဖြစ်တယ်။ အခြားရွာတွေနဲ့ ရေလမ်းကုန်လမ်းက သွားလာနိုင်တဲ့အတွက် စည်ကားတဲ့ရွာကြီးတစ်ရွာပေါ့. . . ။

အဲဒီရွာကြီးမှာ လယ်ယာလုပ်ငန်း၊ ငါးပိ ငါးခြောက်လုပ်ငန်းတွေရှိတဲ့အတွက် စီးပွားရေးကောင်းခဲ့တယ်။ ရွာသားအတော်များများဟာ ငါးဖမ်းတယ်၊ အရက်သောက်တယ်။

တစ်နေ့မှာ. . . ။

ဈေးသည်မိန်းမကြီးတစ်ယောက်ဖြစ်တဲ့ ဒေါ်နန်းရွက်ကြီးဟာ အိပ်မက်မက်ခဲ့တယ်. . . အဲဒီအိပ်မက်ထဲမှာ ဝတ်ဖြူစင်ကြယ်ဝတ်ထားတဲ့ အဘိုးအိုတစ်ဦးက သူမဆီကိုရောက်လာပြီး. . .

ငါ့သမီးက စိတ်ရင်းကောင်းတယ်၊ စိတ်ထားဖြူစင်တယ်၊ ဥပုဒ်သီလလည်းစောင့်သူဖြစ်တယ်. . . ။ ဒါကြောင့် မကြာခင်မှာ ဖြစ်ပေါ်လာမယ့်အကြောင်းကို ငါ့သမီးထံ လာရောက်ပြောခြင်းဖြစ်တယ်. . ."

"အဘိုး. . . မကြာခင် ဖြစ်ပေါ်လာမဲ့ အကြောင်းက ဘာလဲ. . . ပြောပြပါ"



www.burmeseclassic.com

www.burmeseclassic.com

"အေး. . . များမကြာခင်အချိန်မှာ ဒီမြစ်ကြီးဟာ ရေတွေတက်လာပြီး ဒီရွာကြီးကို ဖျက်ဆီးလိမ့်မယ်. . . ဒီတော့ တော့ ဘေးလွတ်ရာပြောင်းနေဖို့ ရွာသူရွာသားတွေကိုပြောပြပါ"

"ကောင်းပါပြီ"

"တကယ်လို့အခြားသူတွေကို ပြောလို့မရရင်တောင် ငါ့သမီးက အဘိုးစကားနားထောင်ပြီး ဘေးလွတ်ရာကိုပြောင်းရွှေ့နေထိုင်ပါ"

"ကောင်းပါပြီ အဘိုး"

ဈေးသည်မကြီး ဒေါ်နန်းရွှက်မှာ ထူးခြားတဲ့အိပ်မက်ကြောင့် ဆက်ပြီးအိပ်မပျော်ခဲ့ပေ။ နံနက်မိုးသောက် အလင်းရောက်ချိန်မှာ ဈေးရောင်းထွက်ရင်း တစ်အိမ်ဝင် တစ်အိမ်ထွက် သူမရဲ့အိပ်မက်ကို ပြောပြပြီး ဘေးလွတ်ရာပြောင်းနေဖို့ ပြောတယ်။

ဒါပေမယ့် ရွာသူရွာသားတွေက သူတို့ရဲ့နိုင်မာတဲ့ စီးပွားရေးနဲ့ အိမ်ကြီးရခိုင်တွေကို စွန့်ပစ်ပြီး ဘေးလွတ်ရာပြောင်း





နေဖို့ဆိုတာ စိတ်ကူးထဲတောင်မရှိဘူး။ ဈေးသည်မကြီး ဒေါ်နန်းရွှက်ရဲ့စကားတွေကိုလည်း ဘယ်သူကမှ အယုံအကြည်မရှိဘူး။ ရယ်စရာအဖြစ်နဲ့ ပြောဆိုရယ်မောခဲ့ကြတယ်။

ဒေါ်နန်းရွှက်ဟာ ဘယ်လိုမှ ပြောမရတဲ့အဆုံးမှာ သူ့မိသားစုကိုခေါ်ပြီး ဘေးလွတ်ရာကို ပြောင်းရွှေ့နေထိုင်ခဲ့တယ်။

ဒေါ်နန်းရွှက်ကြီး ပြောင်းသွားပြီး တစ်ပတ်ခန့်အကြာ။

ညဉ့်သန်းခေါင်အချိန်မှာ မိုင်းနဲ့မြစ်ဟာ ရေအရမ်းကြီးပြီး မိုင်းသောက်ရွာကြီးကို ရေလုံးကြီးတွေနဲ့တိုက်ဖျက်ခဲ့လို့ အဲဒီရွာကြီး ပျက်စီးခဲ့ရတယ်။ ညဉ့်သန်းခေါင်အချိန်မှာဖြစ်တာမို့ ရွာသူရွာသားတွေ အိပ်မောကျနေတဲ့အတွက် အားလုံးနီးပါး သေဆုံးခဲ့တယ်။

နောက်နေ့မနက်မှာတော့ ရွာပျက်ကြီးအဖြစ်နဲ့သာ တွေ့ခဲ့ရတယ်။ ကျန်တဲ့တစ်ချို့တစ်ဝက် ရွာသားများဟာ. . .

"ငါတို့. . ဒေါ်နန်းရွှက်ကြီးရဲ့စကားကို နားမထောင်မိတာ မှားလေခြင်း"လို့ နောင်တရပြီး ဒေါ်နန်းရွှက် ပြောင်းသွားတဲ့နေရာကို

www.burmeseclassic.com

www.burmeseclassic.com



လိုက်လာခဲ့ကြတယ်။

ပြီးတော့ အဲဒီမှာ ရွာတည်ခဲ့တယ်။

"အဲဒီနေရာကတော့. . . အခု ဆရာကျောင်းရောက်နေတဲ့ မိုင်းသောက်ရွာသစ်ပဲဖြစ်တယ်"

"ဩော်. . . ဒီရွာတည်ဖြစ်ပုံကလဲ စိတ်ဝင်စားစရာကောင်းသားပဲ"

❁ ❁ ❁



အခန်း(၃)

"နန်းတင်နှင့် မြွေ"

နှံ့မဲလန်ရွာကလေး. . .။

အဲဒီရွာကလေးက ကျွန်တော် ကျောင်းဆရာလုပ်တဲ့ ရွာကလေး။ အဲဒီရွာက တစ်ချို့ရွာသူရွာသားတွေဟာ စပါးစိုက်ပျိုးကြတယ်၊ တစ်ချို့ကတော့ တောင်ယာစိုက်ပျိုးခဲ့ကြတယ်။

ရိုးသားတဲ့ရွာကလေးဖြစ်ပေမယ့် ရိုးရာအစွဲအလမ်းတွေ က အများသား. . .။



www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့မှာ ရိုးအေးလှတဲ့ရွာကလေးမှာ ထိတ်လန့်စရာ အဖြစ်ဆန်းနဲ့ ကြုံတွေ့ခဲ့ရတယ်။ အဲဒါကတော့. . .။

ရွာလည်က အမျိုးသမီးတစ်ယောက်က အစပြုခဲ့တာပဲ။ ရွာထဲကအိမ်တွေဟာ ထင်းနဲ့ချက်တာကြောင့် အိမ်အပြင်ဘက်မှာ ထင်းစင်တွေထားလေ့ရှိတယ်။ ဖြစ်ချင်တော့ ငန်းမြွေကြီးက အဲဒီထင်းစင်ထဲမှာ မြွေကလေးတွေပေါက်နေတယ်။

နန်းတင်ဆိုတဲ့ အမျိုးသမီးက နံနက်စောစော ထမင်းချက်ဖို့ ထင်းစင်ထဲက ထင်းတွေကို ဆွဲအချ. . .။

လက်မှာ "စူးကနဲ" ဖြစ်သွားခဲ့တယ်။

"ဟင်. . . ဘာဖြစ်တာလဲ မသိဘူး"

နန်းတင်ကလည်း ဒီလိုတွေးပြီး သူ့လက်ကို ကြည့်လိုက်တော့ သူမရဲ့လက်ဖမိုးမှာ အစွယ်ရာနှစ်ပေါက်နဲ့အတူ သွေးစို့နေတာကို တွေ့လိုက်ရတယ်။ ဒီတော့ ကြောက်လန့်တကြားနဲ့ သူ့ယောက်ျားကို လှမ်းခေါ်လိုက်တယ်။

"အစ်ကိုစိုင်းရေ. . . လာပါဦး"





ကိုစိုင်းက သူ့မိန်းမအသံကို ကြားလိုက်ရတဲ့အတွက်. . .။

"ဟဲ့ နန်းတင်. . . ဘာဖြစ်တာတုန်း"

"ကျွန်မကို မြွေကိုက်သွားပြီ"

"ဟာ. . . ဒုက္ခပါပဲ"

ကိုစိုင်းက နန်းတင်ရဲ့လက်ဖမိုးကို ကြည့်လိုက်တော့ သွေးစို့နေတဲ့ အစွယ်ရာလေးတွေကို တွေ့လိုက်ရတယ်။

"နန်းတင်. . . ဘယ်မလဲမြွေ"

"ဟို. . . ထင်းစင်ပေါ်မှာ"

ကိုစိုင်းက ထင်းစင်ပေါ်ကို လှမ်းကြည့်လိုက်တော့. . .။

ပါးပြင်းမိုးထားတဲ့ ငန်းမြွေကြီးကို တွေ့လိုက်ရတယ်။

"ဟာ. . . ဒါက ငန်းမြွေကြီးပဲ. . . ငန်းမြွေကအဆိပ်ပြင်းတယ်. . . ဒီအတိုင်းထားလို့တော့မဖြစ်ဘူး. . . ရိုက်သတ်မှပဲ"

ပြောပြောဆိုဆို မြွေကြီးရဲ့ဦးခေါင်းကို သစ်သားချောင်းနဲ့ လှမ်းပစ်လိုက်တာ မြွေကြီးရဲ့ဦးခေါင်းကို တိုက်ရိုက်ထိမှန်သွားတယ်။ ဒဏ်ရာရသွားတဲ့မြွေကြီးကို အချက်ပေါင်းများစွာ ရိုက်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

နောက် ဥပေါက်ကလေးတွေကိုလည်း စိစိညက်ညက်ကျေအောင် ကိုက်သတ်လိုက်တယ်၊ မြွေမကြီးရော ဥပေါက်တွေပါ သေကုန်တယ်၊

"နန်းတင်. . . ငါ မြွေဆရာသွားပင့်ဦးမယ်"

"အစ်ကိုစိုင်း. . . ကျွန်မ အဆိပ်တွေတက်နေပြီထင် တယ်"

ပြောပြောဆိုဆို လဲကျသွားတဲ့အတွက် နန်းတင်ကိုပွေ့ ပြီး အိမ်နီးနားချင်းတွေကို အော်ခေါ်ခဲ့တယ်။

"နန်းတင်ကို ငန်းမြွေကိုက်သွားလို့ မြွေဆရာသွားပင့် ပေးပါ"

ကိုစိုင်းက နန်းတင်ကိုပွေ့ထားတဲ့အတွက် မြွေဆရာပင့် အိမ်နီးနားချင်းတွေက အကူအညီပေးလိုက်တယ်။

မြွေဆရာကြီးလိုက်လာခဲ့တယ်။

လူနာဟာ သတိလစ်နေပြီ။ မြွေဆရာကြီးက အလာ ကောင်းပေမယ့် အခါနှောင်းခဲ့ပြီ။ မြွေဆိပ်ကပြင်းထန်လွန်းတာ ကြောင့် နန်းတင်ရဲ့အသက်ကို မကယ်နိုင်ဘူး. . .။ နန်းတင်





တစ်ယောက် မြွေဆိုးပေါက်တဲ့ဒဏ်ရာကြောင့် တမလွန်ကို ဘဝ ကူးသွားခဲ့တယ်။

မြွေဆရာကြီးက သူ မကုနိုင်တဲ့အတွက်. . .။

"ဒါဟာ. . . မြွေရိုးရိုးမဟုတ်ဘူး မြွေကွယ့်. . . ဒါကြောင့် ဆေးမမီတာ"

"မြွေ ဟုတ်လား"

"သိုက်ဟုတ်တာပေါ့"

ဒါနဲ့ တစ်ရွာလုံးမှာ နန်းတင်တစ်ယောက် မြွေကိုက်လို့ သေတယ်ဆိုပြီး နာမည်ကြီးသွားတယ်။ သူတို့အယူအဆက မြွေကိုက်လို့သေရင် "အစိမ်းသေ"တဲ့. . .။ ဆေးမမီ ဘူးလို့ ပြောကြတယ်။

အစိမ်းသေဟာ မကျွတ်မလွတ်တဲ့ဘဝကို ရောက်တယ် လို့ အယူအဆရှိကြတယ်၊ ဒါကြောင့် ရွာသူရွာသားတွေက အစိမ်း သေဆိုရင် အလွန်ကြောက်လန့်တုန်လှုပ်ခဲ့ကြတယ်။

အစိမ်းသေ နန်းတင်ရဲ့ ရုပ်အလောင်းကို သူတို့အိမ်ထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ အလောင်းစင်ပြင်ထားတယ်။ ကိုစိုင်းတို့မိသားစုကတော့ အလွန်စိတ်မချမ်းသာအောင် ဖြစ်ခဲ့ရတယ်။

ညအချိန်ရောက်တဲ့အခါမှာ အလောင်းကို စောင့်ခဲ့ကြတယ်။ ဖဲရိုက်တဲ့သူကရိုက်တယ်။ ဖရုံစေ့ဝါးတဲ့သူက ဝါးတယ်။ စကားထိုင်ပြောတဲ့သူကလည်း စကားပြောကြဆိုကြနဲ့ နန်းတင်ဟ့်အိမ်မှာ လူစည်ကားနေတယ်။

ကျွန်တော်ကလည်း ကျောင်းဆရာတစ်ယောက်မို့ နန်းတင်ရဲ့အသုဘအိမ်ကို သွားခဲ့တယ်။

အချိန်က တော်တော်ညဉ့်နက်လာပြီ. . .။

ညဉ့်ဆယ်နာရီကျော်လောက်အချိန်မှာ. . .။

သင်္ချိုင်းကုန်းဘက်က ခွေးအူသံတွေ ကြားလိုက်ရတယ်။

''အူး. . . ဝူး. . . ဝူး''

''အူး. . . ဝူး. . . ဝူး''

ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံကြောင့် ကျွန်တော့်ရဲ့ စိတ်ထဲမှာပင် တစ်မျိုးဖြစ်သွားခဲ့တယ်။





နောက်တော့ ခွေးအတွေရဲ့အသံလည်း ကြားရတယ်။

''အု. . . အု. . . အု''

''အု. . . အု. . . အု''

ညဉ့်နက်လေလေ ကြောက်မက်ဖွယ်အသံတွေကြားရလေပဲ။ ခွေးအူသံတွေကြားတော့ အဲဒီရွာ သက်ကြီးဝါကြီး အဘလုံက. . .။

''အင်း. . . ရွာထဲကို ခွေးအတွေ ဝင်လာပြီ. . . ဒါဟာ မကောင်းတဲ့လက္ခဏာပဲ''

အဲဒီလိုပြောလိုက်တော့ ရွာသားတစ်ချို့ကလည်း. . .။

''အဘလုံပြောတာမှန်တယ်. . . အခုတောင် မနန်းတင်က အစိမ်းသေသေပြီ. . . နောက်ထပ် ဘယ်သူများ သေဦးမလဲ မသိဘူး''

''ဟုတ်တယ်. . . အစိမ်းသေနဲ့ ခွေးအ အူသံတွေဟာ မကောင်းဆိုးဝါးရဲ့အသံတွေပဲ''

အဲဒီလိုပြောနေတုန်းမှာ. . .။



www.burmeseclassic.com

www.burmeseclassic.com



"ဂစ်"

"ဂစ်"

"ဂစ်"

ဆိုတဲ့ ငှက်ဆိုးထိုးသံကြားပြီးတော့...။

အိမ်ရှေ့နားမှာ...။

ဖုတ်ကနဲ...ပြုတ်ကျသံ ကြားလိုက်ရတယ်။

"အိမ်ရှေ့မှာ တစ်ခုခုပြုတ်ကျသံ ကြားတယ်"

ဒါနဲ့ ကျွန်တော်အပါအဝင် အားလုံးက အိမ်အပြင်ကို ထွက်ကြည့်တော့...။

"ဟာ...လင်းတကြီးပါလား"

လင်းတကြီးတစ်ကောင် ကျလာပြီး မြေပေါ်သို့ရောက် သည်နှင့် အတောင်တဖျပ်ဖျပ်ခပ်ကာ သေဆုံးသွားခဲ့တယ်။

လင်းတကြီး သေဆုံးသွားသည့်နိမိတ်ကိုကြည့်ပြီး...။

"အင်း...ဒါဟာ နိမိတ်မကောင်းဘူး"

အဘလုံက ခေါင်းတစ်ခါခါဖြင့် ပြောလိုက်တယ်။





"ဒီ...လင်းတအသေကိုယူပြီး မြှုပ်ပစ်လိုက်"

"ဟုတ်ကဲ့"

ရွာသားတစ်ယောက်က လင်းတအသေကောင်ကို ယူ လိုက်တယ်။ အားလုံးက အလောင်းစင်ပြင်ထားတဲ့အခန်းမှာ ဝင်ထိုင်လိုက်တယ်။ ဖဲကစားတဲ့သူကလည်း ဆက်ပြီးကစားနေ တယ်။

ကိုစိုင်းကတော့ မိန်းမသေလို့ စိတ်ဆင်းရဲပြီး အိမ်ရှေ့ ကွပ်ပျစ်မှာ ခြေတွဲလောင်းချပြီးထိုင်နေတယ်။ ကျွန်တော် စိတ် ထဲမှာလည်း ကိုစိုင်းကို အရမ်းကိုသနားမိတယ်။ သူ့ရဲ့ချစ်ဇနီး ချက်ချင်း သေဆုံးသွားတဲ့အတွက် သူ ဘယ်လောက်များ ဝမ်း နည်းကြေကွဲနေလေမလဲ...။

အဲဒီအချိန်မှာ...။

ကိုစိုင်းက...။

"အား"

လို့ စူးစူးရှရှ အော်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုစိုင်း. . . ဘာဖြစ်လို့လဲ"

ကျွန်တော်က လှမ်းပြောပြီး အပြေးသွားလိုက်တယ်။

အဘလုံကလည်း. . .။

"မောင်စိုင်း. . . မောင်စိုင်း"

လို့ လှမ်းခေါ်လိုက်တယ်။

အဲဒီအချိန်မှာ ကိုစိုင်းဟာ ကွပ်ပျစ်ပေါ်ကနေ အောက်ကို. . .။

ဘုန်းကနဲ ကျသွားပါတော့တယ်။

"ဟာ. . . ကိုစိုင်း လဲကျသွားပြီ"

ကိုစိုင်းဆီကို ရောက်သွားတဲ့အခါမှာ ကိုစိုင်းဟာ မြေပြင်ပေါ်မှာ တုံးလုံးကြီးလဲကျသွားတယ်။ ပါးစပ်မှာတော့ အမြှုပ်တစီစီနဲ့. . .။ ကိုစိုင်းရဲ့ခြေထောက်နားက ငန်းမြွေကြီးတစ် ကောင် လျောကနဲ ထွက်သွားတယ်။

"အင်း. . . ဒီမြွေကြီးက တရားခံပဲ"

လို့ ကျွန်တော် ချက်ချင်းသိလိုက်တယ်။ ဒီမြွေကြီး ထွက်





သွားတာကို အားလုံးက ကြောင်ပြီးကြည့်နေတယ်။ ပထမဦးဆုံး သတိရလာသူက အဘလုံ. . .။

"ငန်းမြွေကြီးကွာ နည်းတာမဟုတ်ဘူး. . . ဒင်းက အဆိပ် ပြင်းလွန်းတယ်. . . မောင်စိုင်း. . . မောင်စိုင်း"

ငန်းမြွေကြီးကိုက်သွားတဲ့အတွက် ကိုစိုင်းတစ်ယောက် ဝေဒနာပြင်းစွာ ခံစားနေရတယ်။ အဲဒီအချိန်ဟာ သန်းခေါင် ကျော်လောက်ရှိနေပြီ။ မြွေဆရာကြီးကို သွားခေါ်ပေမယ့် အချိန် ကြာသွားတဲ့အတွက် ကိုစိုင်းကိုလည်း အသက်မကယ်နိုင်ပြန် ဘူး. . .။

တစ်လောင်းမှ နှစ်လောင်း ဖြစ်သွားလေရဲ့. . .။

ဒီတော့ တစ်ချို့က တီးတိုးစကားဆိုကြတယ်။

"အစိမ်းသေနန်းတင်က သူ့ယောက်ျားကို လာခေါ်သွား တာနဲ့တူတယ်"

"ဟုတ်မှာပေါ့. . . နန်းတင်က မြွေယောင်ဆောင်ပြီး ကိုက်လိုက်တာဖြစ်မယ်"



www.burmeseclassic.com

www.burmeseclassic.com



"လင်းတ ပြုတ်ကျပြီးသေကတည်းက နိမိတ်မကောင်းဘူး. . . နောက်တစ်ယောက်သေမယ်လို့ထင်သားပဲ"

"အဲဒါက အရေးမကြီးဘူး. . . နောက်သေတဲ့လူကို အရင်ချရမယ်"

"ဒါဆို. . . ကိုစိုင်းကို မနက်ဖြန်ချရမှာပေါ့. . . နန်းတင်က သဘာက်ခါချရမယ်"

"နေကြပါဦး. . . ကိုစိုင်းအမေကြီးနဲ့တိုင်ပင်ပါဦး"

အသုဘနှစ်ထပ်ကွမ်းဖြစ်သွားတဲ့အတွက် အဲဒီအိမ်မှာ တစ်ယောက်တစ်ပေါက်နဲ့ ဆူညံသွားတယ်။

"မောင်စိုင်းရေ. . မောင်စိုင်းရဲ့. . အမေအိုကြီးကိုပစ်ပြီး မိန်းမနောက်ကိုလိုက်သွားတယ်ပေါ့. . . အမေ ရင်ကွဲရချည်သားရယ်"

ပုပုနွေးနွေးသေကာစ ကိုစိုင်းအလောင်းကိုဖက်ပြီး သူ့ရဲ့မိခင်ကြီးက ငိုကြွေးနေတယ်။ ကျွန်တော်လည်း မိခင်တစ်ယောက်ရဲ့သောကကိုကြည့်ပြီး ရင်ထုမနာဖြစ်ခဲ့ရတယ်။



တစ်ချို့လူတွေက ဒီလို လင်းတကျတာမျိုးတွေ သချိုင်းမြေမှာ တောကောင်ဖြစ်တဲ့ ခွေးအတွေ့ဝင်ရင် ခုနစ်စဉ်အမျှင် တန်းပြီး လူသေတတ်တယ်တဲ့. . .။

ကျွန်တော် ထင်တာကတော့ ငန်းမြွေမကြီးနဲ့ ဥပေါက်တွေကို ကိုစိုင်းက သတ်လိုက်တယ်။ သူတို့ရဲ့ သွေးသံရဲရဲတွေကို ကိုစိုင်း ကိုင်မိသွားတယ်။ မြွေတွေဟာ အနံ့ခံစူးရှတယ်။ ငန်းမြွေမရဲ့အနံ့ဟာ ကိုစိုင်းရဲ့ကိုယ်မှာ စွဲနေတော့ ကိုစိုင်းလက်ချက်နဲ့ သူ့အသိုက်အမြုံ ပျက်စီးသွားမှန်းသိပြီး ကိုစိုင်းကို ပေါက်လိုက်တာဖြစ်မယ်လို့ထင်တယ်။

ဒီလိုနဲ့ပဲ နောက်မှသေတဲ့ ကိုစိုင်းကို အရင်အသုဘချခဲ့ရတယ်။ အဲဒီမှာလည်း ကိုစိုင်းအမေကြီးက တက်မတတ် ချက်မတတ် ငိုကြွေးနေတဲ့အတွက် အဲဒီအမေကြီး သေသွားမှာတောင် စိုးရိမ်ရတယ်။

ရပ်ရွာဓလေ့အရ ကိုစိုင်းကို မြေမှာမြှုပ်နှံလိုက်တယ်။ သချိုင်းကပြန်လာကတည်းက ပုပ်အဲ့အဲ့အနံ့ဆိုးကြီး ကပ်ပါလာ

www.burmeseclassic.com

www.burmeseclassic.com



သလိုပဲ. . .။

အဲဒီနေ့ညမှာလည်း နန်းတင်ရဲ့အလောင်းကို စောင့်ရပြန်တယ်။ မနေ့ညကလိုပဲ ကျွန်တော်လည်း အသုဘအိမ်မှာ ရောက်နေခဲ့တယ်။ ဒါကလည်း ရွာဓလေ့ပဲ။

ရွာဓလေ့အရ လူကြီးလို့သတ်မှတ်ခြင်းခံရတဲ့သူတွေဟာ နာရေးဖြစ်တဲ့မိသားစုကို နွေးထွေးအောင် စောင့်ရှောက်ရတယ်။ ဒါ့ကြောင့် အစအဆုံးလာပြီး ကူညီခဲ့ကြရတယ်။

အဲဒီညမှာတော့. . .။

''အူ. . . ဂူး. . . ဂူး''

''အူ. . . ဂူး. . . ဂူး''

ဆိုတဲ့ ဆွဲဆွဲငင်ငင်အူလိုက်တဲ့ ခွေးအူသံတွေကို ကြားနေရတယ်။ အားလုံးက ခွေးအူသံတွေကို သတိထားပြီးနားထောင်နေကြတယ်၊ အဲဒီအချိန်မှာ အိမ်ခေါင်မိုးပေါ်က. . .။

''ဒုံး''

''ဒုံး''





ဆိုတဲ့ အသံတွေကို ကြားလိုက်ရတယ်။

ခဲလုံးခပ်ကြီးကြီးနဲ့ ပေါက်သလိုပဲ. . .။

''ခဲလုံးနဲ့ဘယ်သူပေါက်သလဲဟေ့''

''ထွက်ကြည့်ကြစမ်း''

''သူတစ်ပါးဝမ်းနည်းနေချိန်မှာ ဘာ့ကြောင့်ဒီလိုလုပ်တာလဲ''

ကျွန်တော် အပါအဝင် ရွာသားတစ်သိုက်က ထွက်ကြည့်တယ်၊

ခဲလုံးဝေးလို့ ကျောက်စရစ်ခဲတောင် မတွေ့ရဘူး။

အဘလုံက ခေါင်းဘဆတ်ဆတ်ညိတ်ပြီး. . .။

''နိမိတ်မကောင်းဘူး. . မနက်ဖြန် နန်းတင်အသုဘ ပို့ရင် လိပ်ပြာခွဲဖို့ပြင်ထားဟေ့''

လိပ်ပြာခွဲတယ်ဆိုတဲ့ စကားလုံး ကျွန်တော် တစ်ခါမှ မကြားဖူးဘူး။ မနက်ဖြန် အသုဘပို့ရင် ဘယ်လိုလိပ်ပြာခွဲသလဲ ဆိုတာ စောင့်ကြည့်ရမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com

နန်းတင်အသုဘချမည့်နေ့. . .။

နန်းတင်ရဲ့အလောင်းကို အဖြူရောင်အဝတ်အစားသစ်များ လွှမ်းခြုံပေးပြီး လှလှပပပြင်ဆင်ထားခဲ့တယ်။ အဲဒီအရပ်က အေးစိမ့်လွန်းလှသည့်အတွက် နန်းတင်၏မျက်နှာကလေးဟာ အိပ်ပျော်နေသည့်အလားပင်. . .။

❁ ❁ ❁





## အခန်း(၄)

## "တောခြောက်တဲ့မြိုင်"

ရက်သတ္တပတ် (၂)ပတ်အတွင်းမှာ. . .။

ငှက်ဖျားရောဂါကြောင့် နှစ်ယောက် သေဆုံးခဲ့တယ်။

[illegible]ယောက်ကတော့ ဝမ်းသွားပြီး ကွယ်လွန်ခဲ့တယ်။

နှစ်ပတ်အတွင်း. . .။

ရှေ့ဆင်နောက်ဆင့် လူသုံးယောက် ကွယ်လွန်ခဲ့တယ်။

ဒီတော့ လိပ်ပြာဆရာမကြီးရယ်၊ သူကြီးရယ် ခေါင်းချင်း



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ပြီး ဆွေးနွေးခဲ့တယ်။ တကယ်တော့ အဲဒီနေရာဟာ ငှက်ဖျားရောဂါဖြစ်ပွားတတ်တဲ့ ခြင်တွေပေါတာ အမှန်ပဲ. . .။

"ကျုပ်တို့ရွာမှာ. . . တစ်လအတွင်း လူငါးယောက် သေနေပြီ"

"ဟုတ်တယ်. . . ဒါဟာ မကောင်းတဲ့လက္ခဏာပဲ"

"ဒီတော့. . . ရွာလယ်ခေါင်မှာ မြောင်းတူးမှဖြစ်မယ်"

ဒါက သူတို့ရဲ့ ရိုးရာအယူအဆ. . .။

လူအသေအပျောက်များလာပြီဆိုရင် ရွာအလယ်ပိုင်းကို မြောင်းတူးတာ သူတို့ရဲ့ ဓလေ့ထုံးစံပဲ။ တစ်ဖက်နဲ့ တစ်ဖက် စည်းခြားထားတဲ့သဘောမျိုးပေါ့. . .။

နောက်တစ်နေ့မှာ. . .။

ရွာသူရွာသားတွေဟာ ရွာအလယ်မှာ မြောင်းတွေတူးခဲ့ကြတယ်။ အသုဘအိမ်ရှိတဲ့အပိုင်းက တဲတွေဟာ နာနာဘာဝကြောင့် အသက်အန္တရာယ်ရှိတယ်လို့ သတ်မှတ်ကြတယ်။

အခြားမြောင်းရဲ့တစ်ဖက်က တဲတွေကတော့ အန္တရာယ်





မရှိဘဲ သဘောကလွတ်ပြီလို့ ယူဆကြတယ်။ ဒါ့ကြောင့် အသုဘအိမ်ဖြစ်တဲ့အိမ်ကိုထားပြီး အခြားဘက်ကို ပြောင်းရွှေ့လာကြတယ်။

မြောင်းကြီးရဲ့တစ်ဖက်မှာ. . .။

အသုဘဖြစ်တဲ့ တဲတွေပဲ ကျန်ခဲ့တယ်။

ရွာသူရွာသားတွေက. . .။

"အသုဘဖြစ်ထားတဲ့ တဲတွေကို တောလှန့်ရမယ်"

လို့ ပြောတယ်။

"ဆရာကျော်းလဲ တောလှန့်တာ လိုက်ခဲ့ပါ"လို့ ပြောတယ်။

ကျွန်တော်ကလည်း ထူးထူးဆန်းဆန်းဆိုရင် အလွန်ဝါသနာပါတယ်။ ဒါ့ကြောင့် လိုက်ခဲ့ပါ့မယ်လို့ ပြောလိုက်တယ်။

အသုဘဖြစ်တဲ့ တဲတွေကို မြောင်းကြီးတွေတူးပြီး တစ်ဖက်ကိုဖွင့်ထားတယ်။ နံနက်စောစောမှာ. . .။

ရွာသူရွာသားတွေဟာ ကိုယ့်အိမ်မှာရှိတဲ့ သံပုံးတွေ၊ လင်ကွင်းတွေ၊ လင်ပန်းတွေယူပြီး အဲဒီအိမ်နားကို လာခဲ့ကြတယ်။


www.burmeseclassic.com

www.burmeseclassic.com

လိပ်ပြာဆရာမကြီး အမေခမ်းက. . .။

"အားလုံး. . . တောလှန့်ကြဟေ့"

လို့ ခပ်ကျယ်ကျယ် အော်လိုက်တယ်။

"ဟူး. . . ဟူး. . . ဟူး"

"ဝါး. . . ဝါး. . . ဝါး"

"ဂွမ်း. . . ဂွမ်း. . . ဂွမ်း"

"ချမ်း. . . ချမ်း. . . ချမ်း"

"တုန်. . . တုန်. . . တုန်"

စတဲ့ အသံဗလံတွေဟာ ကြွက်ကြွက်ညံအောင် ထွက်ပေါ်လာခဲ့တယ်။ အဲဒါတွေကတော့ ရှိသမျှ သံပုံးတွေ၊ လင်ပန်းတွေကို တုတ်နဲ့ရိုက်ပြီး ပါးစပ်ကလည်း ဟူး. . . ဟူး. . . ဝါး. . . ဝါး လို့ အသံကုန်အော်ဟစ်ခဲ့ကြတယ်။

မသိရင် လူအုပ်စု တစ်စုနဲ့တစ်စု ရန်ဖြစ်နေသလားလို့တောင် အောက်မေ့ရတယ်၊ အဲဒီတဲတွေမှာ မွေးထားတဲ့ ခွေးတွေ၊ ကြက်တွေဟာ အော်ဟစ်ပြီး ပြေးမိပြေးရာ ပြေးကြတယ်။





တစ်နေ့လုံး အော်ဟစ်လိုက်၊ သံပုံးတီးလိုက်၊ လင်ပန်းတီးလိုက်နဲ့ တောလှန့်ခဲ့ကြတယ်။ အဲဒါဟာ မကောင်းဆိုးဝါး နာနာဘာဝတွေကို မနေနိုင်အောင် တောထုတ်တာလို့ ဆိုကြတယ်။ တစ်ပတ်လောက် စောင့်ကြည့်ပြီး လူအသေအပျောက်မရှိမှ အဲဒီမြောင်းကြီးကို ပြန်ဖို့ခဲ့ကြတယ်။ မြောင်းဖို့တဲ့အခါမှာ. . .။ ကောက်ညှင်းပေါင်းနဲ့ ကြက်ဥပြုတ်နဲ့ တင်မြှောက်ပြီး

"တို့နေရာမှာ. . . သာပါစေလစွ. . . သာပါစွ"

"သာယာပါပြီ. . . သာယာပါပြီ"

"ဘေးအန္တရာယ် ကင်းပါစ. . . ကင်းပါစ"

"ဘေးအန္တရာယ်တွေ ကင်းပါပြီ. . . ကင်းပါပြီ"

အဲဒီလို တစ်နာရီလောက် အော်ဟစ်ရတယ်။

ပြီးမှ ရွာသားများ တက်ညီလက်ညီ မြောင်းကို ဖို့ပေးခဲ့ကြတယ်။ ပြီးတော့ အဲဒီတဲတွေကို အမွှေးရည်များ ပက်ဖျန်းပြီး. . .။

"မင်္ဂလာရှိတဲ့ တဲကလေးဖြစ်သွားပြီ"


www.burmeseclassic.com

www.burmeseclassic.com



လို့ အိမ်ရှင်ကပြောပြီး ညည်သည်တွေကို ကောက်ညှင်းပေါင်းနဲ့ကြက်ဥ ကျွေးခဲ့တယ်။ ကျွန်တော့်အတွက်တော့ အားလုံးဟာ အထူးအဆန်းတွေပါပဲ. . .။

လူဦးရေနည်းပါးတဲ့ ရွာကလေးမှာ အဲဒီလိုလုပ်ပြီးရင် လူအသေအပျောက် မရှိသလောက် နည်းပါးသွားခဲ့တယ်. . .။

☸ ☸ ☸

ကျွန်တော်တို့ရဲ့ မူလတန်းကျောင်းကလေး. . .။

ကိုယ့်ရွာက ကလေးတွေရော အခြားရွာက ကလေးတွေပါ ကျောင်းလာတက်ကြတယ်။ ကလေးစုစုပေါင်း ခြောက်ဆယ်ကျော်လောက် ရှိတယ်။ ကျောင်းအုပ်ဆရာကြီးက ခပ်အေးအေးပဲ. . .။ ကလေးတွေ ကျောင်းဆင်းသွားပေမယ့် ကျွန်တော်ရယ် ဆရာကြီးရယ် ဆရာမနှစ်ယောက်ရယ် ကျောင်းကိစ္စတွေ လုပ်ဆောင်ခဲ့ကြတယ်။ ကျောင်းကိစ္စတွေ လုပ်ဆောင်အပြီးမှာ





မပြန်သေးပဲ ဝိုင်းဖွဲ့စကားပြောဖြစ်ခဲ့တယ်၊ ဆရာကြီးက စပြီး. . .။

"ဆရာဦးသက်နိုင်. . . ကျွန်တော်တို့ ရွာမှာနေရတာ အဆင်ပြေရဲ့လား" လို့ ပြောလိုက်တယ်။

"အဆင်ပြေပါတယ် ဆရာကြီး"

"အခုတလော ရွာထဲကလူတွေ ဆက်တိုက်သေတယ်၊ နောက်ပြီး အထူးအဆန်းတွေနဲ့ကြုံရလို့ ဆရာ စိတ်မချမ်းသာဖြစ်မှာစိုးတယ်"

"ဟုတ်ပါတယ် ဆရာကြီး. . . လူတွေဆက်တိုက်သေတော့ စိတ်မကောင်းဖြစ်မိပါတယ်"

"ဒီရွာမှာ. . . တစ်နှစ်တစ်ခါဆိုသလို ဖြစ်တတ်ပါတယ်၊ အဲဒီလိုဖြစ်ရင် ရွာခလေ့အရ တောလှန့်ပစ်ရတယ်"

"ဟုတ်ကဲ့ပါ. . . ဒီကတောလှန့်တာဟာ ကျွန်တော်တို့ဆီက တောထုတ်တာနဲ့ နည်းနည်းဆင်ပါတယ်. . . ကျွန်တော်တို့ဆီမှာ သကြံန်ပြီးလို့ နှစ်ဆန်းတစ်ရက်နေ့မှာ သံဃာတော်တွေကိုပင့်ပြီး ပရိတ်တရားတော်တွေ ရွတ်ဖတ်ကြပါတယ်. . . ပြီးရင်



www.burmeseclassic.com

www.burmeseclassic.com



သံပုံးတီးပြီး တောထုတ်ကြပါတယ်. . . ဒါကတော့ အန္တရာယ်ကင်းအောင် တစ်နှစ်တစ်ခါ ပြုလုပ်ပေးတဲ့ အစဉ်အလာရှိပါတယ်. . . မြို့နဲ့တောနဲ့ မတူဘူး. . . မြို့ပေါ်ကလူနေစိပ်တော့ တော်ရုံတန်ရုံ မကောင်းဆိုးဝါး သိပ်မနေဘူးနဲ့တူတယ်. . . ထူးဆန်းတာတစ်ခုခုဆိုရင် တောမှာပဲအဖြစ်များတယ်''

သည်တွင် ဆရာမနန်းမိုးခမ်းက. . .။

''ဟုတ်တယ် ဆရာရဲ့. . . ဝိညာဉ်တို့ နာနာဘာဝတို့နဲ့ပတ်သက်တာတွေဟာ တောမှာပဲအဖြစ်များတာ. . . အထူးသဖြင့် ကျွန်မတို့ရွာလို အစွန်အဖျားမှာရှိတဲ့ ရွာတွေဟာ ပိုပြီး အဖြစ်များတယ်''

''ကျွန်တော်လည်း အဲဒီလိုပဲယူဆတယ်''

ဒီတော့ ဆရာမ နန်းပန်းချစ်က. . .။

''ဆရာရယ်. . . ကျွန်မရဲ့ဦးမလေးဆိုရင် တောလိုက်ရင်း တောခြောက်ခံရလို့ သေသွားတယ်''

''ဘယ်လိုဖြစ်တာလဲ. . . ပြောပါဦး ဆရာမရယ်''





လွန်ခဲ့တဲ့ဆယ်နှစ်ခေါက်က အဖြစ်အပျက်တစ်ခုပေါ့။ ကျွန်မဦးလေးဟာ အပျော်တမ်း တောလိုက်မုဆိုးတစ်ယောက်ပေါ့. . .။ သူ့အမည်က ''ဦးစိုင်းဆမ်း''. . .။ တစ်နေ့မှာ ဦးလေးရဲ့ အပေါင်းအသင်းတစ်စု ရောက်လာပြီး. . .။

''စိုင်းဆမ်းရေ. . . နောက်သုံးရက်မှာ ငါ့ညီရဲ့အိမ်တက်ပွဲရှိတယ်. . . ဒီတော့ အမြီးကောင်းကောင်းရအောင် တောလိုက်ရင် မကောင်းဘူးလား''

''သိပ်ကောင်းတာပေါ့ကွာ. . . ငါ့သေနတ်က အသုံးမပြုတာကြာပြီ''

''ဒါဆိုရင်. . . မနက်ဖြန် တောလိုက်ကြမယ်. . . အမဲကောင်ကြီးကြီးရအောင် ပစ်ကြမယ်''

''ဟား. . . ဟား. . . ဟား''

အားလုံး ပျော်ရွှင်စွာ ရယ်မောကြတယ်။

နောက်တစ်နေ့မနက်စောစောမှာ. . . ဦးစိုင်းဆမ်းတို့ အမဲလိုက်သမား ငါးယောက်တို့ဟာ နန့်မဲလန်တောကြီးထဲကို



www.burmeseclassic.com

www.burmeseclassic.com

အမဲလိုက်ထွက်ခဲ့ကြတယ်။

အမဲလိုက်သမားတို့ရဲ့ ထုံးစံအရ. . .။

တောထဲဝင်တာနဲ့ ကောက်ညှင်းပေါင်းရယ် အရက်ရယ် တင်မြှောက်ကြတယ်။

"ပိုင်ရာဆိုင်ရာပုဂ္ဂိုလ်များ ကောက်ညှင်းပေါင်းနဲ့အရက် တင်ပါတယ် မြှောက်ပါတယ်. . . သားကောင်သေးသေးပေးပါ"

လို့ ပြောလိုက်တယ်။ အဲဒီမုဆိုးတွေရဲ့ အယူအဆက သားကောင်ကြီးကြီး လိုချင်ရင် သားကောင်သေးသေး ပေးပါလို့ တောင်းရတယ်။

အဲဒီအချိန်မှာ ဦးစိုင်းဆမ်းကြီးက အပေါ့သွားချင်တဲ့ အတွက် အနောက်ဖက်က သစ်ပင်ကြီးအောက်မှာ မတ်တပ်ရပ်ပြီး အပေါ့သွားလိုက်တယ်။

ဒီတော့ သူ့မိတ်ဆွေ စိုင်းကျောက်လုံးက. . .။

"ဟေ့ကောင် စိုင်းဆမ်း. . . ဘာဖြစ်လို့ မတ်တပ်ကြီး အပေါ့သွားတာလဲ. . . နတ်မကြိုက်ဘူး"





"ဟေ့ကောင်. . . ဒါ. . . တောထဲတောင်ထဲပဲ နတ်မကြိုက်လည်း မတတ်နိုင်ဘူး. . . အန္တရာယ်ကို အောင့်မထားနိုင်ဘူး. . . တို့"

ပြောပြောဆိုဆို တံတွေးထွေးလိုက်သေးတယ်။

နဂိုကမှ ဦးစိုင်းဆမ်းက ခပ်ရွတ်ရွတ်သမားမို့ ဘာမှဆက်မပြောတော့ပဲ တောလိုက်သွားခဲ့တယ်။

နန့်မဲလန်တောကြီးဟာ သစ်ပင်ကြီးတွေများသလို ချုံပုတ်တွေလည်း ပေါတယ်။ သမင်၊ ဒရယ်၊ ချေကအစ တောဝက်၊ ကျား အဆုံး တောကောင် အကြီးအသေး အစုံရှိတယ်။ ယုန်တွေဆိုတာလည်း အရမ်းပေါတယ်။ ဘာမှမရရင်တောင် အနည်းဆုံး ယုန်လေးငါးကောင်ပစ်ပြီး ပြန်လာရင် ဟင်းစားတော့ ရသေးတယ်။ ဒီလို အမဲကောင်မျိုးစုံပေါတဲ့ တောကြီးထဲကို ဦးစိုင်းဆမ်းတို့အုပ်စု ခြေသံလုံလုံနဲ့ ဝင်လာခဲ့ကြတယ်။ဒီနေ့. . . တောကောင်မမြူးဘူးလို့ဆိုရမယ်။ ယုန်ကလေး လေးငါးကောင်လောက် ချုံပုတ်ထဲ ပြေးဝင်သွားတာ တွေ့လိုက်ရတယ်။ တစ်နေ့လုံး


www.burmeseclassic.com

www.burmeseclassic.com



တောကောင်တွေ လာတတ်တဲ့နေရာတွေမှာ လှူစုခွဲပြီး စောင့်ကြည့်ခဲ့ကြတယ်။ ညနေသာစောင်းသွားခဲ့တယ်။ တောကောင်ကြီးကြီးတွေကို မတွေ့ရဘူး. . .။ သည်တော့ စိုင်းကျောက်လုံးက စိုင်းဆမ်းကို. . .။

"အခုထိတောင် တောကောင်တစ်ကောင်မှ မတွေ့ရသေးဘူး"

"ဟုတ်တယ်. . .ဒီနေ့ တောကောင်တွေ ထွက်မလာကြသေးဘူး"

"ဘယ်ထွက်လာမလဲ. . .မင်းက မတ်တပ်ကြီး အပေါ်သွားတော့ တောမကြိုက်ဘူး. . .ဒါကြောင့် တောငြိမ်နေတာဖြစ်မှာ"

"တောငြိမ်နေတယ် ဟုတ်စ. . .ဒါဆို တောဆူသွားအောင် တစ်တောလုံး သေနတ်နဲ့ပစ်ပေးလိုက်မယ်"

"ဟော့ကောင်. . .မင်းကတော့ ပြောလေ ကဲလေ ဖြစ်နေပြီ. . .ဒီတော့ မင်းနဲ့ငါ အတူတူတောမလိုက်တော့ဘူး၊ မင်း





က မြောက်ဘက်သွား ငါက တောင်ဘက်သွားမယ်. . .ညနေခြောက်နာရီမှာ တောစပ်က ကညင်ပင်ကြီးရှေ့မှာ ပြန်ဆုံမယ်"

"ကောင်းပြီ. . .တို့ငါးယောက် တစ်ယောက်တစ်နေရာစီ လှူစုခွဲပြီးလိုက်မှကောင်းတယ်. . .အမဲရရင်လည်း ဘယ်သူက ဘယ်အမဲရတယ်ဆိုတာ တိတိကျကျသိရမယ်"

"အေး ဟုတ်တယ်. . .ငါကတော့ တောကောင်ကြီးကြီးရအောင်ပစ်မယ်"

ဦးစိုင်းကျောက်က ဤသို့ပြောလိုက်ရာ ဦးစိုင်းဆမ်းက. . .။

"ငါက ဝက်သားသိပ်ကြိုက်တော့ တောဝက်အကြီးကြီးကို ရအောင်ပစ်မယ်"

"ကောင်းတယ်. . .ကောင်းတယ်. . .ဟိုကောင်တွေကလည်း အမဲကောင်ကြီးကြီးရရင် ငါ့ညီအိမ်တက်မှာ ကောင်းကောင်းကြီး ဝိုင်းဖွဲ့စားသောက်မယ်"

"ဟား. . .ဟား. . .ဟား"

အားလုံး ကိုယ့်အတွေးနဲ့ကိုယ် ပျော်မြူးနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com



မုဆိုးတစ်သိုက်ဟာ တစ်ယောက် တစ်နေရာစီ လူချင်းခွဲပြီး အမဲလိုက်ခဲ့ကြတယ်။

ညနေမိုးချုပ်တဲ့အထိ တောကောင်လည်းမတွေ့...။

သေနတ်သံလည်းမကြားရလို့ ဘယ်သူမှ တောကောင် မရဘူးဆိုတာ သိလိုက်တယ်။

ဒီအချိန်မှာ ဦးစိုင်းဆမ်းကြီးက...။

"အင်း...ခြောက်နာရီလည်း ထိုးတော့မယ်...တောစပ်က ကညင်ပင်ဆီသွားပြီး လူစုမှပဲ"

"မုဆိုးလုပ်နေပြီး တောကောင်တစ်ကောင်မှမရပဲ ပြန်သွားရတာလည်း မျက်နှာမလှဘူး...ဒီနေ့အဖို့ အိမ်မပြန်ပဲ တောထဲမှာတစ်ညအိပ်ပြီး တောကောင်စောင့်ရင် ကောင်းမလား"

သူ့အတွေးနဲ့သူ တွေးရင်း သေနတ်ထမ်းကာ တောစပ်ဘက်သို့ ဆင်းအလာ...။

"ဟာ...ချေကြီးတစ်ကောင်ပါလား"

ချေ ခပ်ကြီးကြီးတစ်ကောင်ကို လှစ်ကနဲ မြင်လိုက်ရ





သည်။ ဒါကြောင့် သူဟာ ချေကြီးကို အသာချောင်းကြည့်လိုက်တယ်။ ချေကြီးကတော့ ရန်သူရှိမှန်းမသိပဲ ခပ်လှမ်းလှမ်းက ချုံပုတ်ထဲကိုဝင်သွားတယ်။ ဦးစိုင်းဆမ်းကြီးက ခြေသံလုံလုံနဲ့ နောက်ကလိုက်ကြည့်တယ်။ ချုံပုတ်ထဲက ထွက်လာတာ မတွေ့တော့ အဲဒီနားမှာ အကြာကြီးရပ်ပြီး စောင့်နေတယ်။

မိုးကလည်း ချုပ်ကာနီးတဲ့အထိ ချေကြီးကလည်း ထွက်မလာသေးတော့ ဦးစိုင်းဆမ်းကြီးဟာ စိတ်မရှည်တော့ပဲ...။

"အင်း...ဒီချေကြီးက မျက်စေ့ရှေ့မှာတင် ဘယ်ရောက်သွားပါလိမ့်...ဒီကောင်ကြီး **ချုံထဲမှာ ဘာလုပ်နေပါ**လိမ့်...ချောင်းကြည့်ဦးမှပဲ"

ချုံပုတ်နားကို အသာအယာသွားပြီး ချောင်းကြည့်လိုက်တယ်။

"ဟင်...ချုံပုတ်ထဲမှာလည်း ဘာမှမတွေ့ရပါလား"

ချုံပုတ်ထဲကိုဝင်သွားတာတွေ့ပြီး အဲဒီထဲမှာ ချေကြီးကို လုံးဝ မတွေ့ရတော့တဲ့အတွက် ဦးစိုင်းဆမ်း အံ့အားသင့်နေတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီအချိန်မှာ ဦးစိုင်းကျောက်လုံးကလည်း ချုပုတ်နားကို ရောက်လာတယ်။ ချုပုတ်က လှုပ်နေလို့ ချုပုတ်ထဲကို အသာအယာ ချောင်းကြည့်လိုက်တဲ့အခါမှာ. . .။

''ဟာ. . . ချေကြီးပါလား''

ဦးစိုင်းကျောက်က ချေကြီးတစ်ကောင်ကို မြင်လိုက် တယ်၊

''အင်း. . . ငါ့သူငယ်ချင်း စိုင်းဆမ်းက ချေသားသိပ် ကြိုက်တယ်. . . ဒီတော့ ဒီချေကြီးကိုရအောင် သေသေချာချာ ပစ်မှဖြစ်မယ်''

အဲဒီအတွေးနဲ့ အခြားတစ်ဘက်ကို လှည့်နေတဲ့ ချေကြီး ကို သေသေချာချာချိန်ပြီး ပစ်လိုက်တယ်။

''ဒိုင်း''

''ဒိုင်း''

မသေချာမှာစိုးလို့ သေနတ်နဲ့ နှစ်ချက်ဆင့်ပြီး ပစ်လိုက် တယ်။

''အား. . . အမလေးဗျ''





''ဟာ. . . ဒါက လူအော်သံပဲ. . . ဘယ်လိုဖြစ်တာပါ လိမ့်''

ဦးစိုင်းကျောက်လုံးဟာ တော်တော်လန့်သွားတယ်။

သူ့မျက်စေ့ထဲမှာတော့ ချုပုတ်ထဲမှာ ချေကြီးတစ် ကောင် လဲကျနေတယ်လို့ ထင်ခဲ့တယ်။ ဒါကြောင့် ချုပုတ်ထဲကို အပြေးအလွှားသွားကြည့်လိုက်တော့ သေနတ်ဒဏ်ရာ ရထားတဲ့ ဦးစိုင်းဆမ်းကြီးကို မမျှော်လင့်ပဲ တွေ့လိုက်ရတယ်။

ဦးစိုင်းကျောက်လုံးလည်း အရမ်းအံ့အားသင့်သွားပြီး

''ဟာ. . . သူငယ်ချင်း စိုင်းဆမ်း ဘယ်လိုဖြစ်တာလဲ''

လို့ဆိုပြီး ဦးစိုင်းဆမ်းကြီးကို ချုပုတ်ထဲက ဆွဲထုတ်လိုက် တယ်။ ဦးစိုင်းဆမ်းကြီးကို ချုပုတ်ထဲကနေ အပြင်သို့ ဆွဲထုတ် တဲ့အချိန်မှာ ကျန်တဲ့လူတွေက သေနတ်သံကြားလို့ အဲဒီနားကို အပြေးအလွှား ရောက်လာကြတယ်။

''ဟာ. . . စိုင်းဆမ်းကြီး ဘယ်လိုဖြစ်တာလဲ''

ပြောပြောဆိုဆို ဦးစိုင်းဆမ်းကြီးကို ပွေ့ထားလိုက်တယ်။


www.burmeseclassic.com

www.burmeseclassic.com

ဦးစိုင်းဆမ်းကြီးရဲ့ရင်ဘတ်မှာ သွေးတွေရွှဲနေတယ်။ ဦးစိုင်းကျောက်လုံး ပစ်လိုက်တဲ့ကျည်ဟာ သူ့ရဲ့ရင်ဘတ်က ချက်ကောင်းနေရာကို တိုက်ရိုက်ထိသွားတယ်။

ဒီတော့ သေနတ်နဲ့ပစ်မိတဲ့ ဦးစိုင်းကျောက်လုံးက. . .။

"ငါ ချုံပုတ်ထဲမှာ ချေကြီးကိုတွေ့လို့ သေနတ်နဲ့ပစ်လိုက်တာ သေသေချာချာကြည့်တော့ ချေကြီး ဘယ်ပျောက်သွားမှန်းမသိဘူး. . . ငါ့သူငယ်ချင်း စိုင်းဆမ်းကြီး ဖြစ်နေတယ်၊ ငါ့သူငယ်ချင်းတော့ ငါ့လက်ချက်နဲ့ သေရတော့မယ်နဲ့တူတယ်၊ ငါစိတ်မကောင်းလိုက်တာ"

စိတ်မကောင်းခြင်းများစွာနဲ့ အားလုံးကို ပြောလိုက်တယ်။

ဒီတော့ ပြင်းထန်တဲ့ဒဏ်ရာတွေကို ကြိတ်မှိတ်ခံရင်းက ဦးစိုင်းဆမ်းကြီးက ပြန်ပြောလိုက်တယ်။

"ချုံပုတ်ထဲကို ချေကြီးဝင်သွားတာ ငါတွေ့လိုက်တယ်၊ ပြန်ထွက်မလာလို့ ချုံပုတ်ထဲဝင်ကြည့်တော့ ဘာမှမရှိတော့ဘူး. . . ပြီးတော့ ငါ့ကို သေနတ်နဲ့ပစ်ခံရတာပဲ"





"သူငယ်ချင်း စိတ်ထိန်းပါ. . . ငါရွာမှာ ဆရာကောင်းကောင်းနဲ့ကုပေးပါ့မယ်"

"ငါ စိတ်ထိန်းလို့မရတော့ဘူး. . . ငါ့ကို သူတို့လာခေါ်နေကြပြီ"

"တင်းထားပါ သူငယ်ချင်း. . . မင်းကို ဘယ်သူတွေလာခေါ်တာလဲ"

"ဟိုမှာ အချွန်အတက်တွေနဲ့. . . ကျွန်တော် မသိလို့ အပေါ့သွားမိတာပါ"

"ကျွန်တော့်ကိုခွင့်လွှတ်ပါ. . . ဟော. . . ကျွန်တော့်ကို မဆွဲကြပါနဲ့. . . သွား. . . သွား"

အသံနက်ကြီးနဲ့ အော်ဟစ်လိုက်တယ်။ ဦးစိုင်းဆမ်းကြီးဟာ ကယောင်ကတမ်းနဲ့ ကြောက်ရွံ့စွာအော်ဟစ်ရင်း အတန်ကြာတော့ ငြိမ်ကျသွားတယ်။

"ဟာ. . . စိုင်းဆမ်းကြီးတော့ သေသွားပြီ"

"ဟုတ်မှဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com

"သေချာပါတယ်"

"ဒါဆိုရင်. . . အပဲ့ာမီအောင် ဆားနဲ့ပက်"

အမဲရလျှင် အသုံးပြုဖို့ သူတို့တစ်သိုက် "ဆား"ကို ယူဆောင်လာတဲ့အတွက် အဲဒီဆားနဲ့ပက်ပြီး တောစပ်ဘက်ကို ထမ်းလာခဲ့တယ်။ ရွာရဲ့ထုံးစံအရ ရွာအပြင်ဘက်မှာ သေဆုံးသွားတဲ့အလောင်းကို ရွာထဲကိုသွင်းလို့မရဘူး။

ဒါကြောင့် ရွာမဝင်ခင် နေရာမှာ ချက်ချင်း ဝါးကွပ်ပျစ် လုပ်ပြီး တင်ထားလိုက်တယ်။

ဦးစိုင်းကျောက်လုံးက ဦးစိုင်းဆမ်းကြီးရဲ့အမျိုးတွေကို ရှင်းပြပြီး တောင်းပန်ခဲ့တယ်။ တကယ်တော့ ဦးစိုင်းကျောက်လုံး ဟာ တောခြောက်ခံရပြီး ဦးစိုင်းဆမ်းကြီးကို ချေကြီးအမှတ်နဲ့ ပစ်လိုက်ခြင်းဖြစ်တယ်။

ဆရာမ နန်းပန်းချစ်က ဆက်ပြောပြခဲ့တယ်။

"ဆရာရယ်. . . ဒီလိုတောခြောက်ပြီး အထင်အမြင်မှား ပြီး ပစ်လိုက်တဲ့ကိစ္စတွေဟာ ရွာတိုင်းလိုလိုမှာ ဖြစ်ခဲ့ကြတယ်"





"တောခြောက်တာကလည်း အဆန်းပဲနော်"

"ဟုတ်တယ် ဆရာရဲ့. . . တောခြောက်ပုံကလည်း တစ်ယောက်နဲ့တစ်ယောက်နဲ့မတူဘူး"

"ဩော်. . . ဟုတ်လား. . . ပြောပြပါဦး"

"တစ်ချို့က တောထဲသွားရင်း ညဘက်လင့်စင်မှာ အိပ် တဲ့အခါမှာ သူ့ရဲ့မိန်းမဟန်ဆောင်ပြီး ကလေးနေမကောင်းလို့ ပါ ဆင်းခဲ့ပါလို့ ခေါ်တယ်တဲ့. . . အဲဒီလိုပြောလို့ ဆင်းသွားမယ် မကြံလေနဲ့. . . အောက်ရောက်တာနဲ့ ချက်ချင်း ကျားကြီးဖြစ်ပြီး တော့ ကိုက်သတ်တော့တာပဲ. . . အဲဒီလိုမျိုးလဲ တောခြောက် တတ်တယ်"

"ဩော်"

"ကျွန်မဦးလေး ဦးစိုင်းဆမ်းကြီးကတော့ တောထဲမှာ မဆင်မခြင် အပေါ့စွန့်ပြီး မတောင်းပန်ပဲ မထီမဲ့မြင်ပြောလိုက် လို့ တောခြောက်တာလို့ လိပ်ပြာဆရာမကြီးက ပြောတယ်"

"လိပ်ပြာဆရာမကြီးက ဘယ်လိုလုပ်သိတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



''ကျွန်မအမေက သူ့မောင်သေတာ မကျေနပ်လို့ လိပ်ပြာခေါ်ပွဲ လုပ်နိုင်းခဲ့တယ်. . . ဒီတော့ လိပ်ပြာဆရာမကြီးက ဝိညာဉ်ပူးပြီး ဆိုင်ရာမြေပေါ်မှာ အပေါ့စွန့်ပြီး သူတို့ကို မတောင်းပန်တဲ့အပြင် မထီလေးစားပြောလို့ တောခြောက်ပြီး အသက်ကို ယူလိုက်တာလို့ပြောတယ်''

''ဩော်. . . ဟုတ်လား''

''ဒါထက် ထူးခြားတာတစ်ခု ရှိသေးတယ်. . . လိပ်ပြာဆရာမကြီးက ဦးလေးရဲ့လိပ်ပြာကိုခေါ်ပြီးရင် ပြန်ပို့ရမယ်လို့ ပြောတယ်. . . အဲဒါကို အမေက ငါ့မောင်လေးရဲ့ဝိညာဉ်လိပ်ပြာ နေချင်သလို နေပါစေ. . . မပို့နဲ့လို့ပြောတယ်''

''ဩော်''

''ဒါနဲ့. . . ဦးလေးရဲ့လိပ်ပြာကိုပြန်မပို့ပဲ ထားခဲ့တယ်၊ အဲဒီတစ်ညလုံး အိပ်မက်ဆိုးမက်တဲ့လူကမက်ပြီး အိမ်ပတ်ပတ်လည်ကို တဒုံးဒုံးနဲ့ထုတဲ့အသံတွေကြားပြီး ဘယ်သူမှ အိပ်လို့ မရတော့ဘူး. . . မနက်ကျတော့ လိပ်ပြာဆရာမကြီး လာတယ်၊





ညက ဦးလေးရဲ့ဝိညာဉ်က အိပ်မက်ပေးတယ်. . . သူ့ကိုပြန်လွှတ်ပေးပါ၊ မပြန်လို့မဖြစ်ဘူးလို့ ပြောတယ်လို့လာပြောတယ်. . . ဒီတော့မှ အဲ့မေကလည်း ငါလည်းညကတစ်ညလုံး မအိပ်ရဘူး။ ပြန်ခေါ်သွားလို့ ပြောလိုက်တယ်''

''ဒါဆို လိပ်ပြာဆရာမကြီးက ဘယ်လို ပြန်ခေါ်သွားတာလဲ''

''လိပ်ပြာဆရာမကြီးက ထုံးစံအတိုင်း ကွမ်းယာ,ယာပြီး ဦးစိုင်းဆမ်းရဲ့ဝိညာဉ် ကွမ်းယာထဲဝင်လို့ပြောပြီး အဲဒီကွမ်းယာကို သေသေချာချာထုတ်ပြီး ယူသွားတယ်. . . ပြီးရင် သင်္ချိုင်းကုန်းမှာ သွားထားပေးလိုက်တယ်. . . အဲဒီနေ့ကစပြီး ဘာသံမှ မကြားရတော့ဘူး''

''ဟုတ်တယ်နော်. . . တစ်ခါတစ်ခါမှာ ကျွန်တော်တို့ လိုက်မမီတဲ့အကြောင်းတရားတွေ အများကြီးပဲ။ ဘယ်လို နားလည်ရမှန်းတောင် မသိဘူး''

''တောခြောက်တဲ့အကြောင်းပြောရရင် ကျွန်တော့်အဘိုး



www.burmeseclassic.com

www.burmeseclassic.com

တောခြောက်ခံရတဲ့အကြောင်းကို ပြောပြရဦးမယ်. . . သူက တောလိုက်ထွက်တိုင်း သားကောင်သေးသေးလေးပဲရတယ်. . .။ ဒါကြောင့် ကြက်ဥတင်မြှောက်ရင် အသေးဆုံးကြက်ဥကိုပဲ တင်မြှောက်လေ့ရှိတယ်"

"အဘိုးက လူပျော်တစ်ယောက်. . . ပြီးတော့ အရက်သောက်တတ်တယ်. . . အဲဒီနေ့က သူကမူးမူးနဲ့ တောထဲသွားတာ ယုန်လောက်ပဲရတယ်. . . ဒါနဲ့ မကျေမနပ်ဖြစ်ပြီး အဲဒီညမှာ လင့်စင်ထိုးပြီး တောကောင်ကိုစောင့်ခဲ့တယ်. . . လင့်စင်ပေါ် မတက်ခင်. . .

ဒီတောကြီးထဲမှာ ရှိတဲ့အဘိုး. . . အဘိုးက အရွယ်သေးသေးမို့လို့ ကျုပ်ကို တောကောင်သေးသေးလေး ပေးတာလား။ အဘိုးကို ကျုပ်မြင်ဖူးချင်တယ်၊ ပြပါ"

လို့ မူးမူးရူးရူးနဲ့ပြောပြီး လင့်စင်ပေါ်တက်အိပ်ခဲ့တယ်. . . အဲဒီလိုနဲ့ ညသန်းခေါင်ကျော်အချိန်ကို ရောက်လာတယ်၊ လမင်းကြီးကလည်း လပြည့်နေ့မို့လို့ သာလိုက်တာ ဝင်း





ထိန်နေတာပဲ. . . အဘိုးကလည်း လင့်စင်ပေါ်ကနေ သားကောင်လာမလာ စောင့်ကြည့်နေတုန်း တောစပ်ကနေပြီး မည်းမည်းရှည်ရှည်ကြီး ထွက်လာတယ်။ အဲဒီတော့. . . ဘာကောင်ကြီးလဲလို့ ကြည့်နေခဲ့တယ်။ တော်တော်အရပ်မြင့်တဲ့ လူတစ်ယောက်ပဲ. . .။

တဖြည်းဖြည်း တောစပ်ကနေပြီး တစ်လှမ်းချင်းလျှောက်လာတာ အဘိုးရဲ့အနီးကို ရောက်လာခဲ့တယ်၊ သူ့ကိုကြည့်လိုက်တော့ ဟိုးရှေးတုန်းက ရှမ်းအဝတ်အစားနဲ့ သျှောင်ကိုတစ်စောင်းထုံးထားပြီး ခေါင်းပေါင်းပေါင်းထားတယ်. . . အဲဒီလူကြီးကို ကြည့်ရင်း. . . ကြည့်ရင်း အရပ်ရှည်လာလိုက်တာ လင့်စင်ထက် ခေါင်းတစ်လုံးကျော်တယ်. . .

အဘိုးဟာ အဲဒီလူကြီးနီးလာလေ ကြောက်လေလေပဲ. . . ဒါပေမယ့် လင့်စင်ဆိုတာ ခပ်သေးသေးဆိုတော့ ဘယ်မှာမှပုန်းရာမရှိဘူး. . .။ ဒါနဲ့ လင့်စင်ပေါ်မှာထိုင်ပြီး ငုတ်တုတ်ကြည့်နေရတယ်။ ဒီလောက်ရဲရင့်တဲ့အဘိုးတောင် ကြောက်လွှန်း

www.burmeseclassic.com

www.burmeseclassic.com



လို့ ဒူးတွေတဆတ်ဆတ်တုန်နေတယ်. . .။

"ငါ့ကို သူမကြည့်ပါစေနဲ့"

"ငါ့ကို သူမကြည့်ပါစေနဲ့"

အဘိုးကကြောက်ကြောက်နဲ့ အဲဒီလိုဆုတောင်းနေမိတယ်. . . မကြာပါဘူး၊ အဲဒီလူကြီးဟာ အဘိုးရဲ့လင့်စင်နားကို ရောက်လာတယ်. . . သူ့အရပ်က လင့်စင်ထက်ကျော်နေပြီ. . .။

အနားရောက်တယ်ဆိုရင်ပဲ အဲဒီလူမည်းကြီးက အဘိုးကို စိုက်ကြည့်လိုက်တယ်. . . သူ့ရဲ့မျက်လုံးတွေက အစိမ်းရောင်တောက်နေတယ်. . . လရောင်နဲ့ဆိုတော့ တစ်ချက်တစ်ချက် လင်းလက်သွားတယ်. . . ပြီးတော့မှ သူ့ရဲ့မည်းလှတဲ့နှုတ်ခမ်းကြီးကိုဖြဲပြီး ရယ်ပြလိုက်တယ်. . . သွားကြီးတွေကလည်း အကြီးကြီးပဲ။ မည်းချပ်နေကာပဲ. . .။

"အမလေး. . . ကျုပ်ကိုရယ်မပြပါနဲ့"လို့ အဘိုးက ကုန်းအော်လိုက်တယ်။ တကယ်ဆိုရင် မျက်နှာမဲ့ရွဲ့ပြီး ခြောက်လန့်ခဲ့ရင်တောင် ဒီလောက်ကြောက်မှာ မဟုတ်ဘူး။ အခုတော့





သူပြုံးလိုက်တဲ့ အပြုံးကိုကြည့်ပြီး ဘယ်လိုကြောက်မှန်းတောင် ပြောမပြတတ်ဘူး. . .။

ဒါပေမယ့် သူ့အပြုံးကို အဘိုးကသိလိုက်တယ်. . . သူမှုးမှုးရှူးရှူးနဲ့ နောက်ပြောင်ပြောဆိုပြီး 'မြင်ဖူးပြီးလို့ပြပါ' ဆိုတဲ့ စကားကို သွားသတိရလိုက်တယ်. . . ဒီလို စဉ်းစားမိတယ်ဆိုရင်ပဲ အဘိုးကချက်ချင်းပဲ. . .

"ကျွန်တော် ပြောမှားဆိုမှားဖြစ်သွားခဲ့တယ်ဆိုရင် တောင်းပန်ပါတယ် အဘိုး၊ နောက်ကို မရှိမသေ စကားမပြောတော့ပါဘူး. . . ဒီတစ်ခါတော့ ခွင့်လွှတ်ပါ"လို့ အဘိုးက တတွတ်တွတ်နဲ့ မျက်စိမှိတ်ပြီး တောင်းပန်လိုက်တယ်။ တောင်းပန်စကားအားလုံး ပြောပြီးတဲ့အချိန်မှာ မရဲတရဲနဲ့ မျက်စိကို အသာကလေး ဖွင့်ကြည့်လိုက်တယ်။

အဲဒီအခါမှာ စောစောကတွေ့ရတဲ့ အဘိုးကြီးကို မတွေ့ရတော့ဘူး။ ဒါပေမယ့် အဘိုးဟာ သူတွေ့လိုက်တဲ့ အဘိုးကြီးရဲ့မျက်နှာနဲ့ ရယ်ကျဲကျဲလုပ်ပြတဲ့ မျက်နှာအနေအထား သူ

www.burmeseclassic.com



မျက်စေ့ထဲက ဘယ်လိုမှမထွက်ဘူး။ ဒါနဲ့ နောက်ထပ် လာမှာ ကြောက်လို့ တစ်ညလုံး မအိပ်ပဲ ငုတ်တုတ်မိုးလင်းခဲ့တယ်။

ရောင်နီပေါ်တာနဲ့ တစ်ပြိုင်နက် အိမ်ကို တင်ပါးနဲ့ဖဝါး တစ်သားတည်းနေအောင် ပြေးလာခဲ့တယ်။

အဘွားက. . .။

"ဘာဖြစ်လာတာလဲ"လို့ မေးတော့. . .။

တော်တော်နဲ့ စကားမပြောနိုင်သေးဘူး။ အမေဆို့နေလို့ ဆေးဆရာနဲ့ မနည်းကုလိုက်ရတယ်။

နေကောင်းလာမှ ဒီအကြောင်းတွေကို ပြောပြတယ်။ အဘွားက. . .။

"ရှင် အရက်မူးပြီး မူးကြောင်မူးကြောင်နဲ့ မြင်ချင်တာ မြင်တာနေမှာ"လို့ ပြောတော့ အဘိုးဟာ အရမ်းစိတ်ဆိုးသွားပြီး. . .။

"ငါမှာ ကြောက်လိုက်တာ အသက်တောင် ဘယ်က ထွက်ရမှန်းမသိဘူး. . . ဒီလောက်လုပ်ကျွေးတဲ့လင်ကို အားမနာ





ပဲပြောတယ်"

ဆိုပြီး မုဆိုးအလုပ်ကိုလည်း စွန့်လိုက်တယ်။

အရက်ကိုလည်း ဖြတ်လိုက်တယ်။

အဘိုးက အမြဲပြောတယ်။

"အိမ်ရှင်ကို ဧည့်သည်က စော်ကားသလိုဖြစ်သွားတာ" တဲ့. . .။ ဒါတောင် ငါ တောင်းပန်တာမြန်ပေလို့. . . မတောင်းပန်လို့ကတော့ အခုလောက်ဆိုရင် အဲဒီတောထဲမှာ တစ္ဆေ သရဲ ဖြစ်နေပြီ"လို့ ပြောခဲ့တယ်။

အဲဒီအကြောင်းကို အဘိုးက ခဏ ခဏ ပြောပြပြတယ်။ နန်းမိုးခမ်းက သူ့အဘိုးရဲ့ကိုယ်တွေ့ တောခြောက်ခံရပုံကို ပြောပြခဲ့တယ်။

နောက်တော့ ဦးအိုက်ခွန်းကလည်း သူ ကြားဖူးတာ ဆက်ပြောတယ်။ တောခြောက်တယ်ဆိုတာက အမျိုးမျိုးရှိတယ်။

သူ့ရဲ့ဘကြီး ကြုံတွေ့ခဲ့တဲ့အကြောင်းတစ်ခုပဲ. . .။

"တောခြောက်ခံရတဲ့သူတွေ အခြောက်ခံရတဲ့အချိန်ဟာ



www.burmeseclassic.com

www.burmeseclassic.com



အများအားဖြင့် ညအချိန်ဖြစ်တယ်. . . သန်းခေါင်အချိန်လောက် မှာ စပြီး တောခြောက်တော့တာပဲ. . . နံနက်လင်းအားကြီးအချိန် လောက်မှာ အားလုံး ပျောက်ကွယ်ကုန်ကြတယ်''

''ဟုတ်တယ်. . ကျွန်တော်တို့ကြားဖူးသလောက်ကလည်း ဒီအတိုင်းပါပဲ''

''ဒါနဲ့. . . ဘကြီးရဲ့တောခြောက်ပုံကလေးကို ပြောပြပါ ဦး. . . ကျွန်တော့်ဘကြီးကလည်း ခုနက ဦးလေးလိုပဲ ခပ်ရွတ်

၄ ရွတ်ပဲ. . . သူကလည်း ပြောချင်တာပြောတဲ့လူပဲ. . . တောကောင် မရလေ ပိုပြီး ပြောချင်တာပြောလေပဲ. . . လေကလည်း ခပ်ကြွား ကြွားဆိုတော့ ဆင်ဖမ်းမယ် ကျားဖမ်းမယ်ဆိုပြီး အမဲကောင်ကြီး တွေကို ပစ်မယ်လို့ ပြောတဲ့လူစားမျိုး''

''ကဲ. . . ဆက်ပြောပါဦး''

''ဘကြီးက တောကောင်ကြီးလိုချင်လို့ ညဘက်မှာတောင် လင့်စင်နဲ့စောင့်နေတာ. . . အဲဒီညမှာ တောထဲက ကျားကြီးထွက် လာခဲ့တယ်. . . ဘကြီးကလည်း ကျားကြီးရဲ့ဦးခေါင်းတည့်တည့်





ကိုချိန်ပြီး ပစ်လိုက်တယ်. . . ဒိုင်းဆိုတဲ့အသံနဲ့အတူ ကျားကြီး ဟာ တစ်ပတ်ကျွမ်းပစ်သွားတယ်. . . ဒါပေမယ့် မသေပဲ ပြန်ထ လာလို့ ပြန်ပစ်လိုက်တယ်. . . စောစောကလိုပဲ ကျွမ်းပစ်သွား ပြန်တယ်. . . သေနတ်နဲ့ သုံးကြိမ်ပစ်မှ သေသွားခဲ့တယ်''

''ဪ''

''ဘကြီးက ကျားသေကြီးဆီကို ဆင်းမယ်လို့ ကြံလိုက် သေးတယ်. . . ဒါပေမယ့် တောလိုက်တဲ့အတွေ့အကြုံတွေက အများသား. . . ညဘက်မှာ တောကောင်ထိပြီဆိုပြီး ဆင်းအသွား သူတို့နားရောက်တာနဲ့ ဝေါင်းဆိုပြီး ထကိုက်တတ်တဲ့ကျားတွေ အကြောင်းကို ဘကြီးက ကြားဖူးနားဝရှိတယ်။

ဒါ့ကြောင့် မဆင်းပဲ စောင့်ကြည့်နေခဲ့တယ်။ ရောင်နီ လည်းလာရော အဲဒီကျားသေကြီး ပျောက်သွားတယ်။

ဘကြီးက သေသေချာချာ ကြည့်လိုက်တော့ ကျား သေကြီးနေရာမှာ ပုတ်သင်ညိုတစ်ကောင် သေနေတာကို တွေ့ရ တယ်တဲ့. . .။



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဘကြီးက မကျေနပ်လို့ ရွာကိုပြန်လာပြီး ဆရာတော်ကို လျှောက်ထားတော့. . .။

ဆရာတော်ကြီးက. . .။

''အင်း. . . တစ္ဆေ သရဲ စတဲ့ ပြိတ္တာများ သေဆုံးတဲ့အခါမှာ မြွေ၊ ကင်းမီးကောက်၊ ပုတ်သင်ညို၊ မိကျောင်း၊ လင်းပိုင်၊ စိုင်ဆတ်၊ ကင်းခြေများတို့ စတဲ့ အကောင်များရဲ့သဏ္ဌာန်ပြောင်းပြီး သေတယ်လို့ မိလိန္ဒပဥ္စာကျမ်းမှာ ရေးထားတယ်'' လို့ ဆရာတော်ကြီးက မိန့်ကြားတော်မူခဲ့တယ်''

ဒီတော့ ဒကာကြီးရဲ့အဖြစ်အပျက်ဟာ တောခြောက်တာဖြစ်နိုင်တယ် မဖြစ်နိုင်ဘူးဆိုတာ ဒကာကြီးဘာသာ မိလိန္ဒပဥ္စာကျမ်းမှာ ဖတ်ကြည့်ပါဆိုပြီး စာအုပ်ကြီးကို ထုတ်ပေးခဲ့တယ်။

တကယ်တော့. . .။

တောခြောက်တဲ့အကြောင်းကိုပြောရရင် ပြောမဆုံးပေါင်တောသုံးထောင်ဆိုသလိုပဲ. . .။





မုဆိုးတစ်ယောက်မှာ တစ်မျိုး. . .။

အမျိုးမျိုးကြုံတတ်ကြတာပဲ. . .။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

## "ကိုးသချိုင်းအမိဋ္ဌာန်ရှင်"

ကျွန်တော် ကျောင်းဆရာအဖြစ် နန့်မဲလန်ရွာမှာ တာဝန်ထမ်းဆောင်နေစဉ် သုသာန်မှာ အမိဋ္ဌာန်ကျင့်စဉ်ဝင်မယ့် အဘတစ်ဦးနဲ့ တွေ့ဆုံရပုံကလည်း အဆန်းတကြယ်ပါပဲ။

တစ်နေ့မှာ အဘဦးသိန်းအောင်ဆိုတဲ့ ပုဂ္ဂိုလ်တစ်ဦး ရောက်လာတယ်။ သူက. . .။

"အဘဟာ ကိုးသချိုင်းပြည့်အောင် အမိဋ္ဌာန်ကျင့်စဉ်ကျင့်မယ်လို့ သိန္နိဋ္ဌာန်ပြုထားတယ်. . . အခု သချိုင်းရှစ်ခုပြည့်ပြီ. . . တစ်ခုပဲ ကျန်တော့တယ်. . . အဲဒါ နန့်မဲလန်သချိုင်းမှာ





အမိဋ္ဌာန်ဝင်မလို့. . . အဲဒါ သူကြီးနဲ့တွေ့ချင်လို့ပါ"

"ကောင်းပါပြီ အဘ. . . ကျွန်တော် သူကြီးဆီကို လိုက်ပို့မယ်"

ကျွန်တော်ဟာ အဘဦးသိန်းအောင်ကို သူကြီးဆီလိုက်ပို့ပြီး သချိုင်းမှာ အမိဋ္ဌာန်ကျင့်စဉ်ဝယ်မယ့်အကြောင်း အသိပေးအကြောင်းကြားလိုက်တယ်။

အဘဦးသိန်းအောင်ကလည်း ကျွန်တော့်ကို အထူးကျေးဇူးတင်ခဲ့တယ်။ ကျွန်တော် ကျောင်းကအပြန်မှာ အဘဦးသိန်းအောင်ဟာ ကျွန်တော့်အိမ်ကို လာလည်ခဲ့တယ်။

သူ့ရဲ့ ကိုးသချိုင်းအမိဋ္ဌာန်ကျင့်စဉ်မှာ ကြုံတွေ့ခဲ့တဲ့ဖြစ်ရပ်တွေကို ပြောပြတယ်။

"အဘတို့သချိုင်းမြေမှာ တရားကျင့်တော့မယ်ဆိုရင် နေ့ခင်းဘက်ကတည်းက ဒါက သစ်ငုတ်တို ဒီနေရာမှာက ဂူတွေ ဟောဟိုနားက ချုံပုတ် ဒီဘက်က မှတ်တိုင်ဆိုပြီး မှတ်သားထားရတယ်. . . ဒါတောင် ညဘက်ရောက်ရင် မျက်စေ့အမြင်မှားပြီး



www.burmeseclassic.com

www.burmeseclassic.com



တွေ့ချင်တာ တွေ့တတ်တယ်''

''ဟုတ်ကဲ့ပါ အဘ''

''အဘဟာ အရှင်ဇနကာဘိဝံသရဲ့ အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်ထဲက ရွှေကျင်ဆရာတော်ကြီးရဲ့ သုသာန်ရှုတင်ဆောင်တဲ့အကြောင်းကို ဖတ်ပြီးကတည်းက သင်္ချိုင်းမြေမှာ တရားထိုင်ဖို့ အလွန်စိတ်ဝင်စားသွားခဲ့တယ်''

''အဲဒီအကြောင်းအရာကို ကျွန်တော် မဖတ်ဖူးဘူး. . . ဒီတော့ အဲဒီအကြောင်းကို ကျွန်တော့်ကို ပြောပြပါလား အဘ''

''အိမ်း. . . ပြောတာပေါ့ကွယ်. . ရွှေကျင်ဆရာတော်ဘုရားကြီးဟာ သုသာန်မြေမှာသွားပြီး တရားထိုင်တယ်. . . တရားစာတွေ ရွတ်လေ့ရှိတယ်. . . တစ်ချို့နာနာဘာဝတွေဟာ ဆရာတော်အနားမှာလာပြီး ရိုရိုသေသေ တရားထိုင်ကြတယ်. . . တစ်ချို့ကတော့ တရားမနာတဲ့အပြင် အနှောင့်အယှက်ပြုကြတယ်။

ဆရာတော်ကြီးကတော့ ဆက်ပြီး တရားစာတွေကို ရွတ်ဆိုနေတယ်။ အဲဒီအချိန်မှာ ဆရာတော်ကြီးရဲ့ အရှေ့မြောက်





လပ်မှာ တွင်းလေးတစ်တွင်း ရှိတယ်တဲ့။ အဲဒီတွင်းထဲက ပြိတ္တာနှစ်ကောင် ထွက်လာတယ်။ တွင်းထဲကထွက်စမှာ ငယ်ငယ်လေးပဲ. . . အပြင်ရောက်တာနဲ့ တဖြည်းဖြည်း ကြီးလာလိုက်တာ နည်းတဲ့အကောင်ကြီးတွေ မဟုတ်ဘူး. . . ဆရာတော်ကြီးက ဒီပြိတ္တာတွေကိုကြည့်လိုက်တော့ တစ်ကောင်က တောင်ဘက်ကို အရှာထွက်တယ်။ တစ်ကောင်က မြောက်ဘက်ကို အစာရှာထွက်သွားတယ်။ အချိန်တန်တော့ ပြန်လာပြီး တွင်းကလေးထဲကို ပြန်ဝင်သွားတယ်လို့ အရှင်ဇနကာဘိဝံသရဲ့ အခြေပြုပဋ္ဌာန်းတရားတော်မှာ ရေးထားတယ်။ အဘလည်း သင်္ချိုင်းကျင့်စဉ် ကျင့်ဖို့ စိတ်ကူးခဲ့တယ်''

''ဟုတ်ကဲ့. . . ဆက်ပြောပါ အဘ''

အဘရဲ့ သင်္ချိုင်းကျင့်စဉ်နံပါတ်တစ်အဖြစ် ပိန္နဲကုန်းသုသာန်ကို သွားခဲ့တယ်။ အဘက သင်္ချိုင်းမြေကိုရောက်တာနဲ့ မေတ္တာသုတ်ကို စရွတ်တယ်။ အဲဒီနေ့ညက မေတ္တာသုတ်ရွတ်ပြီး ရတနသုတ်ကိုပါ ဆက်ရွတ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ပိန္နဲကုန်းသုသာန်ထဲကိုရောက်ပြီး သုတ်တော်တွေ ရွတ်နေတုန်း ကြက်သီးတွေထလာတယ်။ အဲဒီညက လရောင်က မလင်းတလင်းနဲ့မို့ အုတ်ဂူတွေ မှတ်တိုင်တွေကို မသဲမကွဲတွေ့ရတယ်။ ချုံပုတ်တွေကို လှမ်းကြည့်လိုက်ရင် သရဲ တစေတွေ ငုတ်တုတ်ထိုင်နေသလိုပဲ။ အတွေ့အကြုံကနည်းသေးတော့ စိတ်ထဲကတစ်မျိုးပဲ။

အဲဒီအခါမှာ အနားမှာ လူတစ်ယောက် လာထိုင်ပြီး အံကြိတ်သံကြားရတယ်။ အဘလည်း မျက်စေ့ကိုဖွင့်မကြည့်ပဲ ဆက်ပြီး တရားကျင့်နေတယ်။ ဒီတော့ အဘရဲ့ပခုံးပေါ်မှာ မေး တင်ပြီး တဟင်းဟင်းနဲ့ ညည်းညူနေသံ ကြားရတယ်။

ဒီတော့မှ အဘဟာ ရတနသုတ်ရွတ်မိတာ သွားသတိရတယ်။ ရတနသုတ်ရွတ်တော့ သူတို့ကို နှင်သလိုဖြစ်နေတယ်။ ဒါကြောင့် ပုတီးစိပ်အပြီးမှာ မေတ္တသုတ်ကို ပြန်ရွတ်လိုက်တယ်။ ဒီတော့မှ ''ဟင်း''ဆိုတဲ့ သက်ပြင်းချသံကြားပြီး ပခုံးပေါ်က မေးတင်တာ ပျောက်သွားတယ်''





''သြော်''

''နောက်တော့ ဒုတိယ အုတ်တွင်းသင်္ချိုင်းရဲ့ အတွေ့အကြုံကတော့ တော်တော်လေး ထူးခြားတယ်လို့ ဆိုရမယ်. . . သင်္ချိုင်းမှာ ပုတီးစိပ် တရားထိုင်မယ့်လူတွေဟာ သိထားသင့်တဲ့ အချက်တွေရှိတယ်''

''အဲဒါတွေကဘာလဲ အဘ''

''ညအခါနှံမတော် သင်္ချိုင်းမြေမှာ တရားကျင့်စဉ်မှာ တစ္ဆေ သရဲ၊ မြေဖုတ်၊ ပြိတ္တာများနဲ့တွေ့ရင် တုတ်၊ အုတ်ခဲ၊ လုံးတံ၊ ကျောက်ခဲ၊ တောင်ဝှေးတို့နဲ့ ပစ်ခတ်ရိုက်နှက်ထိုးစွခြင်း မပြုရဆိုတဲ့ အချက်ကို သတိကြီးစွာထားရမယ်။

နောက်ပြီး တစ္ဆေ၊ သရဲ၊ မြေဖုတ်တို့ ကြိုက်နှစ်သက်တဲ့ နှမ်းမုန့်၊ ပဲရောသော ထမင်း၊ နွားနို့၊ တင်လဲ၊ အမဲသား၊ ဆိတ်သား၊ ငါးတို့ကို မစားရင် အကောင်းဆုံးပဲ။ သတ်သတ်လွတ်စားရင် ပိုပြီးအဆင်ပြေတယ်''

''သြော်. . . အဲဒီလိုလား''



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်တယ်. . . သင်္ချိုင်းကလည်း အမျိုးအစားသုံးမျိုး ရှိတယ်. . . အမြတ်စား၊ အလတ်စား၊ အနုစားတဲ့"

"အဘပြောတာ သိပ်စိတ်ဝင်စားဖို့ကောင်းလာပြီ၊ အဲဒီ အမျိုးအစားတွေကို ဘယ်လိုခွဲခြားထားသလဲ အဘ"

"အမြတ်စားဆိုတာက. . . အမြဲတစေ လူသေမြေမြှုပ် မီးရှို့မယ် အပုပ်နံ့တလှိုင်လှိုင်နဲ့ ငိုသံအမြဲကြားနေတဲ့ သင်္ချိုင်း ပေါ့"

"ဒါဆို. . . အလတ်စားကရော"

"အလတ်စားကတော့ လူသေမြေမြှုပ်မယ်၊ မီးရှို့မယ်၊ အပုပ်နံ့လှိုင်လှိုင်ရှိမယ်၊ ငိုသံအမြဲကြားရတယ်ဆိုတဲ့ အချက်လေး ချက်ထဲက တစ်ချက်ချက်နဲ့ ကိုက်ညီရမယ်. . . အားလုံး ကိုက်ညီ ဖို့မလိုဘူး"

"ဒါဆို. . . အနုစားကရော"

"အနုစားဆိုတာက. . . လူသေတစ်ခါစွန့်ပစ်ပြီး (၁၂)နှစ် ကြာ သုသာန်အမည်ရရုံ သုသာန်ပေါ့"





"ဩော်. . . ဒါတွေ အစက ကျွန်တော် မသိခဲ့ဘူး၊ အဘ ပြောပြမှပဲ သိတော့တယ်. . . ဒါနဲ့ ဒုတိယသင်္ချိုင်းမြေမှာ ဖြစ်ခဲ့တဲ့ အဖြစ်အပျက်ကလေးကို ပြောပြပါဦး"

"အဘဟာ အုတ်တွင်းသင်္ချိုင်းမြေမှာ ပုတီးစိပ်တော့ မယ်ဆိုပေမယ့် တစ္ဆေ သရဲ မကြိုက်တဲ့ အစားအစာ မစားရဘူး ဆိုတာ မသိသေးဘူး. . . အဲဒီနေ့က မိတ်ဆွေတစ်ယောက် လာ ပို့တဲ့ ငါးဟင်းနဲ့ ထမင်းစားလိုက်တယ်။ ပြီးမှ မေတ္တာသုတ်ကို ရွတ်လိုက်တယ်။ ပထမဆုံးကလို ရတနသုတ် မရွတ်တော့ဘူး။

ဒီလိုနဲ့ သန်းခေါင်ကျော်အချိန်လောက်မှာ. . .။ ခြေသံ ခပ်ပြင်းပြင်းနဲ့လာတဲ့အသံကို ကြားရတယ်။ အဲဒီအချိန်မှာ စိမ်း ရွှေရွှေအနံ့တွေ လှိုင်လှိုင်ပေါ်လာပြီး အိပ်ချင်စိတ်တွေ တဖွား ဖွား ပေါ်လာခဲ့တယ်။ မျက်လုံးတောင် မဖွင့်နိုင်ဘူး။ ဒီလိုဖြစ်နေ ချိန်မှာ အဘနားကို ကတုံးပြောင်ပြောင် ဗလကောင်းကောင်း မည်းမည်းတစ်ကောင် ရောက်လာပြီး. . .။

"နင့်ကိုသတ်မယ်" လို့ပြောပြီး နပမ်းလုံးတော့တာပဲ

www.burmeseclassic.com

www.burmeseclassic.com

အဘကလည်း နပမ်းလုံးတော့ ပထမတော့ ကိုယ့်ကိုကိုယ် ကာကွယ်ပါတယ်။ မရဘူး။ ဒီတော့ ဖြစ်ချင်ရာဖြစ်ဆိုပြီး သူနဲ့ နပမ်းလုံးဖြစ်တယ်။ သူနဲ့ နပမ်းလုံးလိုက်တာ သချိုင်းမြေမှာ လူးနေသလားတောင် အောက်မေ့ရတယ်။

နောက်တော့ သူ့ရဲ့အမွေးရှည်ရှည်နဲ့ လက်မည်းကြီးနဲ့ လည်ပင်းကို လာညှစ်တယ်။ အဲဒီအချိန်မှာ အဘက သူ့ကို မနိုင်လို့ အောက်မှာလဲနေပြီ။ ရှိရှိသမျှ အင်အားနဲ့ ကြုံးထလိုက်တော့ သူ့လက်က လွတ်သွားတယ်။

သူ့မျက်နှာကိုတွေ့လိုက်ရတယ်။ မျက်လုံးပြူးပြူး သွားခေါခေါနဲ့၊ သွားခေါတာများ အပြင်တောင် ထွက်နေတယ်။ ရုတ်တရက်ကြည့်ရင် အစွယ်တွေ ထွက်နေသလိုပဲ။ တော်တော်ကြောက်ဖို့ကောင်းတဲ့ရုပ်ပဲ။

အဲဒီမှာ အဘက ချက်ချင်းသိလိုက်တယ်။ ဆရာတော်တစ်ပါး ပြောဖူးတဲ့စကားပေါ့. . . အဲဒီစကားက. . .။

"သုသာန်မှာ ပုတီးစိပ် တရားထိုင်မယ့်သူဟာ အကြောက်အလန့်နည်းရတယ်. . . မေတ္တာပို့ခြင်းကို တကယ်စိတ်ပါလက်ပါနဲ့ ပို့ရမယ်. . . သွားမယ့်နေ့မှာ သားငါး အညှီအဟောက် မစားရဘူး. . . သတ်သတ်လွတ်စားရင် ပိုကောင်းတယ်တဲ့။

တစ္ဆေသရဲဟာ အညှီအဟောက်ကို အလွန်အမင်း ကြိုက်နှစ်သက်တယ်. . . တစ်ချို့ ညအချိန်မှာ သားစိမ်း ငါးစိမ်းတွေပါရင်တောင် လိုက်ဆွဲတယ်လို့ ကြားဖူးတယ်"

"ဟုတ်ကဲ့ပါ"

"ဒါနဲ့. . . အဘ သမ္ဗုဒ္ဓေဂါထာတော်ကို ရွတ်လိုက် တယ်၊ ဂါထာတစ်ဝက်လောက်အရောက်မှာ အဲဒီမည်းမည်းအကောင်ကြီးဟာ အဘကို နပမ်းမသတ်တော့ပဲ လက်ကိုကိုင်ထားတယ်။ အဘကလည်း ဆောင့်ရုန်းတော့မှ လက်ကလွတ်သွားတယ်။ ဒါတောင် ခါးကိုထောက်ပြီး စိမ်းစိမ်းကြီးကြည့်နေတယ်။ နောက်တော့. . .။

"မင်းနဲ့ငါ နပမ်းလုံးတာ. . . မင်းက ဘာ့ကြောင့် ငါ့ကို နိုင်အောင်မသတ်ပဲ ဂါထာတော်ကိုရွတ်တာလဲ"







www.burmeseclassic.com

www.burmeseclassic.com



လို့ဆိုပြီး စိတ်ဆိုးမာန်ဆိုးနဲ့ ပြောလိုက်တယ်။

ဒ့ါကြောင့် အဘကလည်း. . .။

"ငါ့ဘာသာငါ ပုတီးစိပ်ဖို့လာတာ. . . ဘာလို့ နှောင့်ယှက်ရတာလဲ"လို့ ပြန်မေးလိုက်တယ်။

ဒီတော့ သူက. . .။

"ခင်ဗျား ငါးဟင်းစားလာတယ်. . . ခင်ဗျားဗိုက်ထဲမှာ မနေ့က စားထားတဲ့ ကြက်သား၊ ဆိတ်သားတွေနဲ့ ငါးတွေရှိတယ်. . . အဲ့ဒါတွေရဲ့အနံ့ကိုရတော့ ငါ့ရဲ့စိတ်မှာ စားချင်တဲ့စိတ်တွေ အရမ်းဖြစ်လာတယ်. . . ငါ မနေနိုင်တော့ဘူး၊ ဒ့ါကြောင့် နင်နဲ့နပမ်းလုံးပြီး နင်ရှုံးရင် နင့်ဗိုက်ထဲက အသားငါးတွေကို ငါစားမယ်. . . နင့်ကိုသတ်ပြီး ငါ့ရဲ့တပည့် အခိုင်းအစေ လုပ်ခိုင်းမယ်"

"အေး. . . အဲ့ဒါ ဒို့ပြင်လှူကို လုပ်လို့ရမယ်. . . ငါ့လိုလူကို မင်းဘာမှလုပ်လို့မရဘူး"

အဲ့ဒီလိုပြောလိုက်တော့ ဘာမှဆက်မလုပ်ပဲ မတ်တပ်





ရပ်နေတယ်။ ဒီတော့ အဘက. . .။

"ငါ သမ္ဗုဒ္ဓေဂါထာကို ဆက်ရွတ်ရမလား. . . မေတ္တာသုတ်ဆက်ရွတ်ရမလား"လို့ ပြန်မေးလိုက်တယ်၊

ဒီတော့ သူက. . .။

"မေတ္တာသုတ်ပဲရွက်ပါ"လို့ ပြောပြီး တဖြည်းဖြည်းပျောက်ကွယ်သွားတယ်။ ဒီတော့မှ မျက်စေ့ကဖွင့်လို့ရတယ်၊ အဲ့ဒီအချိန်မှာ မူလထိုင်တဲ့နေရာကနေ အောက်ကိုရောက်နေတယ်။ လက်တွေဒူးတွေမှာ သဲတွေဖုန်တွေနဲ့. . .။

အဲ့ဒီကတည်းက နောက်ပိုင်းမှာတော့ အဓိဋ္ဌာန်ဝင်မယ်ရက်မတိုင်ခင် သုံးလေးရက်လောက်ထဲက သတ်သတ်လွတ်စားခဲ့တယ်။ အဓိဋ္ဌာန်ဝင်တဲ့ရက်တွေမှာလည်း သတ်သတ်လွတ်ပဲစားခဲ့တယ်။

"ဒါဆိုရင်. . . ဒုတိယအဓိဋ္ဌာန်လည်း ပြီးခဲ့တာပေါ့ဟုတ်လား အဘ"

"သိပ်ဟုတ်တာပေါ့ကွယ်. . . အဲ့ဒီလိုနဲ့ တတိယသချိုင်း



www.burmeseclassic.com

www.burmeseclassic.com

အဓိဋ္ဌာန်ကတော့ ဟိုနှစ်ခုနဲ့မတူတဲ့ ထူးခြားမှုနဲ့ ကြုံတွေ့ခဲ့ရတယ်''

''ဒါဆို. . . ပြောပြပါဦး အဘ''

''အဲဒါကတော့ တတိယအဓိဋ္ဌာန်ဖြစ်တဲ့ မြစ်ကျိုးသချိုင်း အဓိဋ္ဌာန်ပဲဖြစ်တယ်. . . ဒီတစ်ခါတော့ သချိုင်းနှစ်ခုမှာ ဗဟုသုတတွေရခဲ့လို့ တော်တော်လေးပြည့်စုံတယ်လို့ ဆိုရမှာပဲ။ သချိုင်းကိုရောက်တာနဲ့ မေတ္တာသုတ်ရွတ်ပြီး ဝေနေယျတွေကို မေတ္တာစိတ်အပြည့်နဲ့ ထိထိရောက်ရောက် မေတ္တာပို့တယ်။ ပြီးတော့မှ ပုတီးစိပ်တယ်၊ ပုတီးစိပ်လို့ပြီးကာနီးမှာ. . .''

''ဒေါက်''

''ဒေါက်''

''ဒေါက်''

ဆိုတဲ့ တောင်ဝှေးထောက်သံကို ကြားလိုက်ရတယ်။

ဒါပေမယ့် အဘက မျက်စေ့ကိုဖွင့်မကြည့်ဘူး။ ဒါပေမယ့် ခဏကြာတော့. . .။

''မင်းက ဘယ်သူတုန်း''





ဆိုတဲ့ အသက်အရွယ်ကြီးရင့်တဲ့ အဘိုးကြီးတစ်ယောက်ရဲ့ တုန်တုန်ချိချိအသံကို ကြားလိုက်ရတယ်။ အဘက. . .။

''မြတ်စွာဘုရားရှင်ရဲ့ အဆုံးအမအောက်မှာနေတဲ့သူပဲ'' လို့ ပြန်ပြောလိုက်တယ်။

''အခု ဘာလုပ်နေတာလဲ''လို့ ထပ်မေးပြန်တယ်။

''ကိုးသချိုင်းအဓိဋ္ဌာန်ကျင့်နေတာ''လို့ ပြောလိုက်တော့

''အေး. . . အေး. . . ငါသွားတော့မယ်လို့ ပြန်ပြောတယ်''

ပြီးတော့ တောင်ဝှေးသံ တဒေါက်ဒေါက်နဲ့ ပြန်ထွက်သွားတယ်။

ဒီတော့မှ . အင်း. . . မေတ္တာသုတ်တော်ရဲ့ အကျိုးကျေးဇူး ပဲလို့ အဘ လက်တွေ့သိလာခဲ့တယ်၊ နောက်ထပ်ဝင်တဲ့ သချိုင်း မှာတော့ ဘာမှ အနှောင့်အယှက် မတွေ့ရဘူး၊ အားလုံး အဆင် ပြေခဲ့တယ်၊ အခုဆိုရင် ရှစ်ခုမြောက် သချိုင်းအဓိဋ္ဌာန်ဝင်ပြီး ပြီ၊ အခုဝင်မယ့် အဓိဋ္ဌာန်ဟာ ကိုးသချိုင်းမြောက်ပဲ. . .။

''အဘရဲ့အဓိဋ္ဌာန် အောင်မြင်မှာပါ. . . အောင်မြင်ပါစေ


www.burmeseclassic.com

www.burmeseclassic.com



လို့လည်း ကျွန်တော် ဆုတောင်းပါတယ်''

''အေးကွာ. . . ဒီသင်္ချိုင်းမှာ အဓိဋ္ဌာန်အောင်ပြီးရင်တော့ အဘရဲ့ရည်ရွယ်ချက်တွေ ပြည့်သွားပြီကွဲ့''

''ဒါနဲ့. . . ရဟန်းတွေလည်း သင်္ချိုင်းမြေမှာ သုသာန် ဓုတင်ဆောင်ကြတယ်နော်''

''ဟုတ်တယ် ဆရာကျောင်းရဲ့. . . ရဟန်းတော်တွေက သုသာန်ဓုတင်ဆောင်ပြီး တစ္ဆေ သရဲ ပြိတ္တာတွေကို တရား ဟောပြတယ်. . . အဲဒီမှာလည်း ထူးဆန်းတာအများကြီးပဲ''

''ရဟန်းသံဃာတွေ သုသာန်ဓုတင်ဆောင်တာနဲ့ပတ်သက်ပြီး ဆရာတော်တစ်ပါး မိန့်ခဲ့ဖူးတယ်။ ရွာတည်စမှာ လူတွေက ဒီအရပ်ဟာဖြင့် သုသာန်ပဲလို့ ပြောရုံနဲ့ အဲဒီနေရာမှာ ဓုတင်ဆောင်လို့မရဘူး။ လူသေ မြေမြှုပ် မီးရှို့မှ သုသာန်ဖြစ်တယ်။ အဲဒီသုသာန်မှာမှ ဓုတင်ဆောင်ရမှာတယ်။ တစ်ချို့က အဲဒီသုသာန်ကိုမသုံးတော့ပဲ (၁၂)နှစ်ကြာအောင် ပစ်ထားပေမယ့် သုသာန်ဓုတင်ဆောင်လို့ရတယ်လို့ ဆိုတယ်''





''ရဟန်းတွေက သုသာန်ဓုတင်ကို ဘာဖြစ်လို့ ဆောင် ကြတာလဲ အဘ''

''သုသာန်ဓုတင် ကျင့်သုံးဆောက်တည်တဲ့ရဟန်းတော် တွေဟာ ငါဟာ အချိန်မရွေး သေနိုင်ပါလားဆိုတဲ့ သေခြင်းတရား ကို အမြဲသတိရဖို့၊ သေခြင်းတရားကို အမြဲသတိရတဲ့အတွက် မမေ့မလျော့ မပေါ့မဆ နေနိုင်လာတယ်။ အမြဲမပြတ် လူသေကို မြင်ရတဲ့အတွက် အသုဘနိမိတ်ထင်လာတယ်။ အသုဘနိမိတ် ကြောင့် ကာမရာဂကို ပယ်ဖျောက်နိုင်တယ်။ သာယာတပ်မက် ဖွယ်အဆင်းပေါ်မှာ လောဘစိတ် မဖြစ်တော့ဘူး။ ခန္ဓာကိုယ်ရဲ့ မတင့်တယ်ခြင်းကို ထင်မြင်လာတယ်။ ကျွန်းမာခြင်းမာန၊ နုပျို ခြင်းမာန၊ အသက်ရှည်ခြင်းမာနတွေကိုလည်း ပယ်နိုင်တယ်။

သည်းခံနိုင်တဲ့အပြင် နတ်ဘုံကြည်ညိုချီးမွမ်းမှုကို ခံရခြင်း စတဲ့ အကျိုးထူးတွေကို ရရှိနိုင်တယ်။ ဒါတွေကို ဓုတင်္ဂဝိနိစ္ဆယ ကျမ်းမှာ ရေးသားထားတယ်''

''အဘိုးနဲ့စကားပြောရတာ ပညာတော်တော်ရတယ်''



www.burmeseclassic.com

www.burmeseclassic.com



"သုသာန်မှူတင်ဆောင်တဲ့ ဆရာတော်ကြီးတစ်ပါး ရှိတယ်. . . အဲဒီဆရာတော်ကြီးက ပွင့်လင်းရာသီကိုရောက်တာနဲ့ သုသာန်မှာရှိတဲ့ တစ္ဆေ သရဲတွေကို တရားဟောပြီး ချွတ်လေ့ရှိတယ်"

"သချိုင်းမြေမှာ မှူတင်ဆောင်ဖို့ တရားဟောဖို့ဆိုတာ တော်ရုံတန်ရုံ စိတ်ဓာတ်မျိုးနဲ့ မလွယ်ဘူးနော် အဘ. . . ဘာပဲဖြစ်ဖြစ် သုသာန်ထဲကို နေ့ခင်းမှာတောင် ဘယ်သူမှ မသွားချင်ကြဘူး. . .ညဘက်ဆိုတော့ ပိုဆိုးတာပေါ့"

"ဟုတ်ပါတယ် ဆရာကျောင်း. . . အဲဒီဆရာတော်ကြီး ပြောပြတဲ့ သုသာန်မှူတင်အကြောင်းက ထူးခြားမှုတွေအပြည့်ပါဝင်တယ်"

"ဒါဆို. . . ပြောပါဦး အဘ"

"ဆရာတော်ကြီးက ကြို့တင်ပြီး မေတ္တာပို့ထားတယ်. . . ပြီးရင် တရားမှတ်ရူတယ်. . . ပြီးရင် သုသာန်မှာ ရှိရှိသမျှ ဝေနေယျတွေကို ဖိတ်ခေါ်ပြီး သီလပေးတယ်. . . ပြီးတော့





သရဏဂုံအကြောင်း ဟောကြားပေးတယ်. . . တစ်ခါတစ်ခါမှာ ငါးပါးသီလလည်း ဟောပေးတယ်. . . ဆရာတော်ကြီးက သူတို့လာမလာသိချင့်ဇ်တော့ ပန္နပွန်ရုပ်ကိုမပြပါနဲ့ အတိတ်ရုပ်ကိုပဲပြပါလို့ မိန့်တော်မူခဲ့တယ်"

"အဘ. . . ပန္နပွန်ရုပ်နဲ့ အတိတ်ရုပ်က ဘာကွာလို့လဲ"

"ပန္နပွန်ရုပ်ဆိုတာက ပြိတ္တာ တစ္ဆေ သရဲရုပ်တွေဆိုတော့ ကြောက်မက်ဖွယ်အဆင်းရှိတာပေါ့. . . တစ်ချို့ရသလိုမျက်စေ့ပြူးပြူး ခေါင်းအကြီးကြီးနဲ့ ကြောက်စရာရုပ်မျိုးပေါ့၊ အတိတ်ရုပ်ကတော့ မသေခင်ဘဝက လူ့ရဲ့ပုံပန်းသဏ္ဌာန်ပေါ့၊ ဆရာတော်ကြီးက ပညာမျက်စေ့နဲ့မြင်ရတယ်. . . တစ်ချို့က ဘရားနာတယ်၊ တစ်ချို့ကတော့ တရားမနာဘူး. . . ဆံပင်ဖားလျားချပြီးနောက် ကျောပေး ခြေဆင်းထိုင်နေတယ်. . . တစ်ချို့က အဝေးကနေ ရပ်ကြည့်နေတယ်။

ဆရာတော်ကတော့ သီလပေးပြီး တရားဟောတယ်။ ဆရာတော်ကြီးရဲ့ မိန့်တော်မူပုံအရ တစ္ဆေ သရဲတွေဟာ ကမ္ဘာ



www.burmeseclassic.com

www.burmeseclassic.com



ရုပ်အားကောင်းတဲ့အတွက် လူတွေထက်ပိုပြီး ကျွတ်လွယ်တယ်။ လူတွေကို ဟောပြပေမယ့် ဟစ်ယောက် တရားရဖို့ မလွယ်ဘူး။ ဒါပေမယ့် တကယ်တရားနာတဲ့ နာနာဘာဝတွေဟာ ကျွတ်လွတ်သွားတာမြန်တယ်''

''သူတို့ ကျွတ်လွတ်သွားမှန်း ဆရာတော်ကြီးက ဘယ်လိုသိတာလဲ''

''ဆရာတော်ကြီးရဲ့ရှေ့မှာ တရားနာရင်း သူတို့ဟာ မျက်စေ့အောက်က ပျောက်ပျောက်သွားလေ့ရှိတယ်. . . အဲဒီလို ပျောက်သွားရင် ကျွတ်လွတ်သွားတယ်ဆိုတာ သိနိုင်တယ်၊ အစကတော့ ဆရာတော်ကြီးဟာ ဘာ့ကြောင့်ပျောက်သွားလဲဆိုတာ မသိဘူး. . . နောက်မှ သူတို့ ဘယ်နတ်ဘုံကိုရောက်သွားလဲဆိုတာ ချက်ချင်းလာပြီး လျှောက်တားကြတယ်. . . ပြီးမှ ပျောက်သွားတယ်''

''ဩော်''

''နောက်တော့. . . ဆရာတော်ကြီးက သိလပေးပြီဆို





တာနဲ့ ပရလောကသားတွေဟာ ကျွတ်လွတ်ချင်လွန်းလို့ တရားလာနာကြတယ်. . . ဆရာတော်ကြီးကလည်း ဒီလိုကျွတ်လွတ်သွားတာ သိရတဲ့အတွက် သုသာန်တော်တော်များများမှာ တရားဟောပြီး ပရလောကသားတွေကို ကျွတ်လွတ်စေခဲ့တယ်။

အစက မဆီမဲ့မြင်လုပ်ခဲ့တဲ့ ပရလောကသားတွေကတောင် အရင်လို အနှောင့်အယှက်မပေးတော့ဘူး. . . တစ်ချို့သင်္ချိုင်းက ပရလောကသားတွေကတောင် ဆရာတော်ကြီးထံကို သူတို့သင်္ချိုင်းမြေမှာ တရားလာပေးဖို့ ပင့်ခဲ့ကြတယ်။ ဒါကတော့ ဆရာတော်ကြီးတစ်ပါးရဲ့ ကိုယ်တွေ့သင်္ချိုင်းမှူတင်ဆောင်ပြီး တရားဟောခဲ့တဲ့ ဖြစ်ရပ်မှန်တစ်ခုပါပဲ''

''အဘနဲ့တွေ့မှပဲ ပစ္စုပ္ပန်ရုပ်တို့ အတိတ်ရုပ်တို့ ကျွတ်လွတ်သွားတာတို့ အားလုံးသိခဲ့ရတယ်''

''ဆရာကျောင်းရယ် လူ့ဘဝတုန်းက ဒေါသမောဟ အစွဲအလမ်းတွေနဲ့ သေခဲ့ကြလို့ မကောင်းတဲ့ဘဝမှာ ရောက်ခဲ့ကြတယ်. . . သူတို့ ကောင်းရာသုဂတိကို ရောက်ဖို့ဆိုတာ တော်



www.burmeseclassic.com

www.burmeseclassic.com

တော်မလွယ်တဲ့ကိစ္စပဲ. . . အခုလို ဆရာတော်ကြီးက မေတ္တာထား ပြီး တရားဟောလို့သာ ကျွတ်လွတ်သွားရတာ. . . ဆရာတော် ကြီးကို ဘယ်လောက်ကျေးဇူးတင်ဖို့ကောင်းလဲ''

''ဟုတ်ပါတယ် အဘရယ်. . . ဆရာတော်ကြီးဟာ ပရ လောကသားတွေအတွက် တကယ့်ကို ကျေးဇူးရှင်ကြီးပါပဲ''

''အဘလည်း မနက်ဖြန်ကစပြီး ကိုးသချိုင်းအဓိဋ္ဌာန် ဝင်ပြီ''

''အဘ. . . ဘယ်နှစ်ရက်ဝင်မှာလဲ''

''တစ်ပတ်ပေါ့ ဆရာကျောင်းရဲ့''

သည်လိုနဲ့ အဘထံက သချိုင်းမြေမှ အဓိဋ္ဌာန်ကျင့်စဉ် နဲ့ သုသာန်ရှုတင်က ဖြစ်ရပ်ဆန်းကြယ် ဖြစ်ရပ်မှန်ဇာတ်လမ်း တွေကို ကြားသိခဲ့ရပါတော့တယ်. . .။

❁ ❁ ❁





သည်နေ့ည. . .။

အဘဦးသိန်းအောင်တစ်ယောက် နန့်မဲလန်သချိုင်းသို့ အဓိဋ္ဌာန်စတင်ဝင်ခဲ့တယ်။ နန့်မဲလန်ရွာကလည်း လူအသေအ ပျောက်များတဲ့ သုသာန်ဖြစ်လေတော့ မြေပုံမို့မို့ကလေးတွေ ပြည့် နှက်နေတယ်။

ခပ်လှမ်းလှမ်းမှာတော့ ဂူတွေ ဂူပျက်တွေကို ဟိုနေရာ တစ်စု သည်နေရာတစ်စု တွေ့ရတယ်။ အဲဒီနောက်မှာတော့ သစ်ပင်ကြီးတွေနဲ့ ချုံပုတ်တွေ. . .။

လေလာရင် တလူပ်လူပ်နဲ့ ယိမ်းနွဲ့နေတာများ တစ္ဆေ တွေ ကခုန်မြူးနေသလား မှတ်ရတယ်။

အဘဦးသိန်းအောင်ဟာ. . . မေတ္တာသုတ်ရွတ်ပြီး ဝေနေ ယျတွေကို မေတ္တာပို့လိုက်တယ်။ အဲဒီအချိန်မှာ သစ်ပင်ကြီးတွေ ရဲ့နောက်က ကျောက်တောင်ကြီးနားက. . .။

''ဂစ်''ဆိုတဲ့ ငှက်ဆိုးထိုးသံကို ကြားလိုက်ရတယ်။

''အား. . . အား. . . အား''



www.burmeseclassic.com

www.burmeseclassic.com



ဆိုတဲ့ ကျီးအော်သံများနှင့်အတူ ကျီးတွေ လန့်ပျံသွားတယ်။

''အင်း. . . ဒါဟာ ထူးခြားမှုတစ်ခုပဲ''လို့ အဘ တွေးလိုက်တယ်။

''အိမ်း. . . ဘာပဲဖြစ်ဖြစ် ဒီသင်္ချိုင်းမြေကို အစိဋ္ဌာန်ဝင်ဖို့ ငါလာခဲ့တာ. . . ငါ့ရဲ့အစိဋ္ဌာန်အောင်မှုဖြစ်မယ်''

ဒီလိုအတွေးနဲ့ မျက်စေ့မှိတ်ပြီး အစိဋ္ဌာန်ပုတီးကို စပြီး စိပ်ဖို့ သစ်ပင်ကြီးအောက်မှာ ဝင်ထိုင်ခဲ့တယ်။ တစ်နာရီလောက်ကြာတဲ့အခါမှာ. . .။

လေခပ်ပြင်းပြင်း တိုက်ခတ်လာတယ်။ အဘ ထိုင်နေတဲ့ သစ်ပင်ကြီးဟာ သစ်ကိုင်းတွေ တစ်ကိုင်းနဲ့တစ်ကိုင်း ထိမိပြီး. . .။

''ဂျစ်. . . ဂျစ်. . . ဂျစ်''

ဆိုတဲ့ အသံတွေ ကြားနေရတယ်။ ဒီအသံတွေဟာ အစိဋ္ဌာန်ပြုသူရဲ့ စိတ်အာရုံကို အနှောင့်အယှက်တွေ့စေတယ်။





ဒါပေမယ့် ပုတီးအပတ်ရေပြည့်အောင် ဆက်ပြီး စိပ်နေခဲ့တယ်။ ဒီသင်္ချိုင်းမှာ အစိဋ္ဌာန်ပြည့်သွားရင် ကိုးသင်္ချိုင်းပြည့်သွားပြီ။ ဒါကြောင့် စိတ်အာရုံကို တည်ငြိမ်အောင် ကြိုးစားရင်း ပုတီးထဲမှာ စိတ်နှစ်ထားလိုက်တယ်။

အဲဒီအချိန်မှာ. . .။

''ဟား. . . ဟား. . . ဟား'' ဆိုတဲ့ ရယ်မောသံတစ်သံကို ကြားလိုက်ရတယ်။ ဖြုံးကနဲ မျက်စေ့ဖွင့်ကြည့်လိုက်မိတယ်။ အဘရဲ့မျက်စေ့နဲ့ တန်းနေတာက. . . ခပ်လှမ်းလှမ်းက ကျောက်တောင်ကြီးပေါ့။ အဲဒီကျောက်တောင်ကြီးရဲ့အလယ်မှာရှိတဲ့ ကျောက်တုံးတွေပေါ်မှာ. . .။

အဖြူရောင် ဝတ်ဆင်ထားတဲ့ မိန်းမတစ်ယောက်ရဲ့ သဏ္ဌာန်ဟာ မတ်တပ်ရပ်ပြီး ရယ်မောနေတယ်။

''ဟား. . . ဟား. . . ဟား''

''အူး. . . အူး. . . အူး''

ရယ်မောသံနဲ့အတူ ခွေးတွေ ဆွဲဆွဲငင်ငင် အူလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အဘဟာ သူ့မျက်စေ့ကိုပွတ်ပြီး ကြည့်လိုက်တယ်။

''အင်း. . . ဒါ တစ္ဆေမဖြစ်မယ်ထင်တယ်''

အဘက အဲဒီလိုစဉ်းစားပြီး သူမကို ကြည့်လိုက်တဲ့အခါမှာ လရောင်အောက်မှာ သူမရဲ့ဝတ်ရုံဖြူကြီးဟာ လေထဲမှာ တလွင့်လွင့်နဲ့. . .။

BURMESE CLASSIC .com

အချိန်ကလည်း သန်းခေါင်ယံအချိန်လောက်ဖြစ်နေပြီ။

ဝတ်ရုံဖြူအရိပ်သဏ္ဍာန်ဟာ ကျောက်တောင်မှာ ကပ်ပေါက်နေတဲ့ သစ်ကိုင်းပေါ်ကို ခုန်ကူးလိုက်တယ်။ ပြီးတော့ သစ်ကိုင်းတစ်ခုကတစ်ခုကို ခုန်ကူးပြီး ချုံနွယ်ပင်တွေနားကို ရောက်လာတယ်။

ဝတ်ရုံဖြူကြီးဟာ လရောင်အောက်မှာ တရွေ့ရွေ့ ရွေ့ရှားပြီး ဂူပျက်ကြီးတစ်ခုနား ရောက်သွားတယ်။ အဘဦးသိန်းအောင်ဟာ အဖြူရောင်အရိပ်သဏ္ဍာန်ကို လိုက်ကြည့်နေမိတယ်။ အရိပ်သဏ္ဍာန်က တရွေ့ရွေ့နဲ့ ဂူပျက်နဲ့ ချုံပုတ်တွေနားမှာ ပျောက်ကွယ်သွားတယ်။





''အဖြူရောင်အရိပ်သဏ္ဍာန်ဟာ ငါ့အနားမှာများ ပေါ်လာဦးမလား''

''ငါ့ကိုနှောင့်ယှက်မယ့် ပရလောကသားလား''

ဆိုတဲ့ အတွေးနဲ့ ပုတီးစိပ် မေတ္တာပို့ပြီးတဲ့တိုင်အောင် စောင့်ကြည့်နေခဲ့တယ်။ ဒါပေမယ့် မိုးသာလင်းသွားရော အဲဒီ အရိပ်သဏ္ဍာန်ကို မတွေ့ရတော့ဘူး. . .။

''အင်း. . . ဒီတစ်ခါ တစ္ဆေခြောက်တာလဲ အဆန်းပဲ၊ ငါ့နားကိုလဲ မလာဘူး၊ ကျောက်တောင်ထဲကထွက်ပြီး ဘယ်ရောက်သွားတယ်မဆိုနိုင်ဘူး. . . မကျွတ်မလွတ်တဲ့ဘဝနဲ့ ကျောက်တောင်မှာ တွယ်ကပ်နေတဲ့ နာနာဘာဝအမျိုးအစား ဖြစ်ပုံရ တယ်''

ပရလောကသားတွေရဲ့စိတ်ကတစ်မျိုး. . .။

တစ်ချို့နာနာဘာဝတွေဟာ သူတို့ရဲ့သင်္ချိုင်းမြေမှာလာ ပြီးတရားထိုင်တာတို့ ပုတီးစိပ်တာတို့လုပ်ရင် မကြိုက်ဘူး။ ဒါ့ကြောင့် နောက်မလာအောင် သူတို့ရဲ့ ပစ္စုပ္ပန်ရုပ်နဲ့ ခြောက် လှန့်ကြတယ်။ လူတွေက ကြောက်ရွံ့ထိတ်လန့်ဖွယ် မျက်နှာဆိုး ကြီးတွေကိုမြင်



www.burmeseclassic.com

www.burmeseclassic.com



ကြောက်လန့်တာနဲ့ သင်္ချိုင်းကိုမလာကြတော့ဘူး။

အခု ခြောက်ပုံက တစ်မျိုး. . .။

မျက်နှာလည်း မမြင်ရ. . .။ အနားလည်းမလာ. . .။

ခပ်ဝေးဝေးကအယောင်ပြပြီး ပျော ဘယ်ပျောက်သွားမှန်း မသိဘူး။ သူကြည့်ရတာ မကျေနပ်လို့ခြောက်တာလား၊ သူရှိမှန်း သိအောင်ပြတာလားဆိုတာ မသဲကွဲဘူးဖြစ်နေတယ်။ ဒါကြောင့် အဖြူရောင်အရိပ်သဏ္ဍာန်ကို တွေ့တာကလွဲလို့ အဘကိုလည်း ခြောက်လှန့်ခြင်းမပြုတာကြောင့် အဘဟာ ကျင့်စဉ်စိတ်ပုတီးကို ရည်မှန်းထားတဲ့အတိုင်း အပတ်ပြည့်အောင် စိတ်နိုင်ခဲ့တယ်. . .။

ဒီတစ်ညအတွက် အဓိဌာန်ပုတီးစိတ်အပြီးမှာ. . .။

ကျောက်တောင်စောင့် အဖြူရောင်အရိပ်တစ္ဆေအတွက် ရည်မှန်းပြီး အထူးမေတ္တာပို့ခဲ့တယ်. . .။

•အဘဦးသိန်းအောင်ဟာ ဒီအကြောင်းကို ဘယ်သူ့ကိုမှ ပြောမပြခဲ့ဘူး။ အဓိဌာန်(၇)ရက်ဝင်ရမှာဖြစ်လို့ နောက်ထပ် ခြောက်ရက်ကျန်သေးတယ်။





ဒီလိုနဲ့ ဒုတိယညအဓိဌာန်အတွက် အဘဦးသိန်းအောင် ဟာ နန့်မဲလန်သင်္ချိုင်းကို ရောက်ရှိခဲ့တယ်။ ည(၈)နာရီလောက် ကစပြီး. . .။

ထုံးစံအတိုင်း ဘုရားရှိခိုး မေတ္တာပို့ မေတ္တာသုတ်ရွတ်ပြီး ပုတီးစစိပ်ခဲ့တယ်။ ညဉ့်ဦးယံတစ်ခုလုံး အနှောင့်အယှက်ကင်းစွာ နဲ့ ပုတီးစိပ်နိုင်ခဲ့တယ်။

ညဉ့်နက်သန်းခေါင်အချိန်လောက်မှာ. . .။

သင်္ချိုင်းပတ်ပတ်လည်က ခွေးတွေအူလာတယ်။

"အူး. . . အူး. . . အူး"

ဆွဲဆွဲငင်ငင် အူနေလိုက်တာများ မကောင်းဆိုးဝါးကို တွေ့တဲ့အတိုင်းပါပဲ။ သိပ်မကြာခင်မှာ. . .။

"ဟား. . . ဟား. . . ဟား"

ဆိုတဲ့ ရယ်သံကို ကြားလိုက်ရတယ်။

မနေ့က အတွေ့အကြုံအရ ဒီသင်္ချိုင်းနဲ့ မနီးမဝေးမှာ ရှိတဲ့ ကျောက်တောင်နားက ရယ်သံမှန်း သိလိုက်တယ်။ အဲဒီ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာ အစိဌာန်စိတ်ပုတီးလည်း အပတ်ပြည့်သွားပြီမို့ မျက်လုံးကိုဖွင့်ကြည့်လိုက်တယ်။

အဘရဲ့အတွေး သိပ်မှန်တာပေါ့။ ကျောက်တောင်ရဲ့အလယ်မှာ ဝတ်ရုံဖြူဖြူနဲ့ အမျိုးသမီးတစ်ယောက်ရဲ့ အရိပ်သဏ္ဍာန် ရောက်ရှိနေပြီ. . .။

"အင်း. . . တစ္ဆေမတောင် ရောက်လာပြီ"

အဘက ဒီလိုစိတ်အတွေးနဲ့ အရိပ်သဏ္ဍာန်ကို လှမ်းကြည့်လိုက်တယ်။

"ဟော. . . သစ်ကိုင်းပေါ်ကို ခုန်ကူးသွားပြီ"

အဘ ကြည့်နေစဉ်မှာ အရိပ်သဏ္ဍာန်ဟာ သစ်ပင်ကြီးရဲ့သစ်ကိုင်းပေါ်ကို ခုန်ကူးလာတယ်။ အဲဒီအပင်က နွယ်ပင်တွေကတဆင့် မနေ့ကလိုပဲ အောက်ကိုဆင်းလာခဲ့တယ်။ အရိပ်သဏ္ဍာန်ရဲ့ သွက်လက်ဖျတ်လတ်မှုဟာ အလွန်လျှင်မြန်စွာနဲ့ပဲ အုတ်ဂူပျက်ကြီးနား ရောက်သွားတယ်။ နောက်တော့ ပျောက်ကွယ်သွားတယ်။





"အင်း. . . ဒီနေ့လည်း မနေ့ကလိုပါလား"

"ဒါဟာ ငါ့ကို တစ်နည်းတဖုံနဲ့ နှောင့်ယှက်နေတာပဲ. . . မဖြစ်ဘူး. . . ဒီအကြောင်းကို ဆရာကျောင်းကို ပြောပြမှဖြစ်မယ်"

စိတ်ထဲမှာ ခိုးလို့ခုလုဖြစ်နေတယ်။

ဒီလိုနဲ့ ဒီတစ်ညလည်း ကုန်ဆုံးသွားခဲ့တယ်။

ဒီနေ့မနက် ဈေးဘက်ကိုအသွားမှာ လူတွေ စုရုံးစုရုံးဖြစ်နေလို့ မေးလိုက်တဲ့အခါ. . .။

"ဘာဖြစ်တာလဲ"

"တောင်ခြေနားကအိမ်က အမျိုးသမီးတစ်ဦး သေလို့"

"ဘယ်လိုသေတာလဲ"

"လည်ပင်းမှာ အစွယ်ရာနှစ်ရာနဲ့ သေနေတယ်"

အဲဒီလူရဲ့အပြောကိုကြားရလို့ အဘဟာ ဆရာကျောင်းဆီကို ရောက်လာခဲ့တယ်။

"ဆရာကျောင်းရေ. . . ရွာထဲက အမျိုးသမီးတစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



သေပြန်ပြီတဲ့''

''ဟုတ်တယ် အဘရဲ့. . . ကျွန်တော်လည်း အဲဒီသတင်းကိုကြားလို့ ကျောင်းအဆင်းမှာ အဲဒီအသုဘအိမ်ကို သွားမလို့''

''အဘလည်း လိုက်ခဲ့ချင်တယ်. . . ပြီးတော့ ထူးဆန်းတာလေးလည်း ပြောပြချင်လို့''

''ထူးဆန်းတာလေး. . . ဟုတ်လား''

''ဟုတ်ပါတယ်. . . ညဘက် သင်္ချိုင်းမှာ ပုတီးစိပ်တုန်းက တစ်နေ့ကရော မနေ့ကပါ အဖြူရောင်ဝတ်ရုံနဲ့ အမျိုးသမီးတစ်ယောက်ရဲ့သဏ္ဌာန်ကို တွေ့ရတယ်''

''အင်း. . . ပြောစမ်းပါဦး အဘ''

''အဲဒီအမျိုးသမီးဟာ ကျောက်တောင်အလယ်နားက ကျောက်တုံးတွေထဲက ထွက်လာပြီး သစ်ကိုင်းပေါ်ကို ခုန်ကူးလိုက်တယ်. . . အဲဒီသစ်ပင်ကမှတဆင့် နွယ်ပေါ်ကိုနိုပြီး အောက်ဆင်းလာတယ်. . . အုတ်ဂူပျက်နားလဲရောက်ရော ဘယ်ပျောက်သွားမှန်းမသိဘူး. . . အဲဒီလိုတွေ့တာ နှစ်ရက်ရှိပြီ''

''ဪ. . . ဟုတ်လား''

''အဘလည်း သင်္ချိုင်းတစ်ခု တစ်ပုဒ်ဆန်း ဆိုသလိုတော့ဖြစ်နေပါပြီ''

''ဟုတ်ပါရဲ့ အဘရယ်. . . ဒါနဲ့ ညနေရောက်ရင်လာခဲ့ပါ. . . အသုဘအိမ် အတူသွားရအောင်''

''အေး. . . အေး. . . အဘ လာခဲ့မယ်''

ဒီလိုပြောပြီး အဘနဲ့လမ်းခွဲခဲ့တယ်။

ညနေရောက်တော့ အသုဘအိမ်ကို အဘနဲ့အတူ သွားခဲ့တယ်။

အဘနဲ့လည်း အိမ်ရှင်တွေနဲ့ မိတ်ဆက်ပေးလိုက်တယ်။

ကျွန်တော်က ကျောင်းကရာဇီ အဲဒီကောင်မလေး ဘယ်လိုလေဆုံးရသလဲဆိုတာ မေးလိုက်တယ်။ အဲဒီကောင်မလေးရဲ့နာမည်က နန်းမိုင်တဲ့. . .။

''နန်းမိုင်က ဘယ်လိုဖြစ်တာလဲ''

''နန်းမိုင်က ကံဆိုးပါတယ်. . . မနှစ်ကမှ ဒီရွာကို ပြောင်း



www.burmeseclassic.com

www.burmeseclassic.com

လာတာပါ. . . ကျွန်မနဲ့ ညီအစ်မဝမ်းကွဲတော်ပါတယ်''

''သူက အရင်တုန်းက ဘယ်ရွာမှာနေသလဲ''

''မိုင်းသောက်ရွာသစ်မှာပါ''

''သူက. . . ဘာဖြစ်လို့ မိုင်းသောက်ရွာမှာ ဆက်မနေတာလဲ''

''နန်းမိုင်ရဲ့အမေဟာ ဝတ်ရုံဖြူတစ္ဆေမ ခြောက်လှန့်လို့ သေသွားတယ. . . နန်းမိုင်က ကြောက်ပြီး ကျွန်မဆီမှာလာနေတယ်''

''ကဲ. . . အခု ဘယ်လိုဖြစ်ပြီး သေဆုံးရတယ်ဆိုတာ ပြောပြပါဦး''

''သူ မသေခင်ညဘက်တွေမှာ ခွေးတွေအရမ်းအူတာပဲ. . . နောက်ပြီး ကျွန်မတို့အိမ်နားမှာ ခြေသံတွေလည်း ကြားရတယ်. . . အဲဒီညတော့ ထုံးစံအတိုင်း ခွေးတွေအူလို့ ကျွန်မ ခပ်ကြောက်ကြောက်ဖြစ်နေတယ်. . . ခြေသံတွေလည်း သိပ်မကြာပါဘူး အိပ်ခန်းထဲက ''အမလေး လုပ်ကြပါဦး''ဆိုတဲ့ အသံကို ကြားလိုက်ရတယ်။

ကျွန်မလည်း အိပ်ခန်းထဲ ပြေးဝင်သွားရော အိပ်ခန်းထောင့်မှာ ကွေးကွေးလေး လဲကျနေတဲ့ နန်းမိုင်ကို တွေ့လိုက်ရတယ်. . . ကျွန်မက သူ့ကိုလှုပ်မေးတော့ ''ဝတ်ရုံဖြူတစ္ဆေမ ငါ့ကိုကိုက်သွားပြီ''လို့ ပြောတယ်''

''နောက်ရော ဘာပြောသေးလဲ''

''ဘာမှမပြောနိုင်တော့ဘူး. . . သူသေသွားတာပဲ''

''အင်း. . . နန်းမိုင်တစ်ယောက်တော့ သနားစရာပါပဲ''

ရွာလူကြီးများက နန်းမိုင်အလောင်းကို သွားကြည့်ကြသည်။ နန်းမိုင်၏တစ်ကိုယ်လုံး မည်းပြာနေသည်။

လည်ပင်းတွင် အပေါက်ကလေးနှစ်ပေါက်မှ သွေးစများ ခြောက်နေတယ်။ သည်တွင်. . . ရွာလူကြီးတစ်ယောက်မှ. . .။

''လည်ပင်းမှာသွေးစတွေ့တယ်. . . ဖုတ်ဝင်စားတာလားမသိဘူး''

လို့ စကားစလိုက်တော့ ကျန်လူများကလည်း. . .။







www.burmeseclassic.com

www.burmeseclassic.com

"မှန်းစမ်း. . . ငါတို့လည်းကြည့်ဦးမယ်"

လို့ဆိုပြီး အလောင်းကိုကြည့်ကြတယ်။

"ဒါ ဖုတ်ဝင်စားတာဖြစ်နိုင်တယ်. . . ဖုတ်ကောင်က ကိုက်ပြီးသတ်လိုက်တာပဲ"

"ဖုတ်ဝင်စားတယ်ဆိုရင် တစ်ယောက်နဲ့မပြီးဘူး. . . ဆက်တိုက်ဖုတ်ဝင်စားတယ်"

"ဒါဆို. . . ဘယ်လိုလုပ်ကြမလဲ"

"ဘယ်အလောင်းက ဖုတ်ဝင်နေသလဲဆိုတာ ရှာရမယ်"

ရွာသားတွေက ဖုတ်ဝင်စားပြီး ဖုတ်ကြောင့်သေဆုံးသွားပြီလို့ ယူဆကြတယ်။

"ဒါဆို. . . လောလောလတ်လတ်သေတဲ့ အမျိုးသမီးထဲကဖြစ်ရမယ်"

သည်တွင် အဘဦးသိန်းအောင်က မနေနိုင်တော့ပဲ သူမြင်ရသည့်အကြောင်းကို ပြောပြပါသည်။

"အဘ တစ်ခုပြောပါရစေ. . . အဘဟာ ဒီနန့်မဲလန်





ရွာရဲ့ သုသာန်မှာ အဓိဋ္ဌာန်ပါရမီကျင့်နေတဲ့သူပါ. . . အဘ ဒီမှာ အဓိဋ္ဌာန်ကျင့်စဉ် ကျင့်နေတုန်းမှာ ထူးထူးဆန်းဆန်း ကျောက်တောင်ဘော်နူတ်ခမ်းနားက ဝတ်ရုံဖြူနဲ့ကောင်မလေး ထွက်လာပြီး လစ်ပင်ပေါ်ကို ခုန်ကူးသွားတယ်။

ပြီးတော့ နွယ်ကြိုးတွေခိုပြီး မြေပြင်ပေါ်ကို ဆင်းလာခဲ့တယ်။ နောက် အုတ်ဂူပျက်ကြီးနားမှာ ပျောက်သွားတယ်"

"ဒါဆိုရင် သေချာပြီ. . . သင်္ချိုင်းထဲမှာနေတဲ့ ဖုတ်တစ္ဆေမဟာ နန်းမိုင်ကိုသာပြီး ကိုက်တာနေမှာ. . . ဒါ့ကြောင့် နန်းမိုင်ကိုယ်တိုင်က "ဝတ်ရုံဖြူတစ္ဆေမ" လို့ ပြောတာ"

"ဒါဆိုရင်. . . တစ်ခုခုလုပ်ဖို့လိုပြီ"

"ဟုတ်တယ်. . . ဘယ်အလောင်း ဖုတ်ဝင်သလဲဆိုတာ သိမှဖြစ်မယ်"

"အခုလောလောဆယ်သေတဲ့ အလောင်းထဲကို ရှာရမယ်. . . လောလောဆယ်သေတာဆိုလို့ နန်းတင်မျှား ဖြစ်မလား. . . ဘာပဲဖြစ်ဖြစ် အဲဒီနားက မိန်းမအလောင်း သုံးလေး


www.burmeseclassic.com

www.burmeseclassic.com



ခုလောက် တူးကြည့်မှဖြစ်မယ်''

''ဟုတ်တယ်. . . ဒါဆို ပြောနေတာကြာတယ်. . . အခု ပဲ သင်္ချိုင်းဆီသွားကြစို့'' -

ရွာသားများက နောက်တစ်ချိန်တွင် ရွာထဲသို့ ဖုတ် တစ္ဆေဝင်မှာကို စိုးရွံ့ကြောက်လန့်နေကြတယ်။

''ကဲ သူကြီး. . . ဖုတ်ဝင်တဲ့ကိစ္စ ဘယ်လိုလုပ်ပေးမှာ လဲ. . : ဒီနေ့ညတော့ အစောင့်အရှောက် ကောင်းကောင်းချပြီး စောင့်ကြမှပဲ. . . မနက်ဖြန်နံနက်မှပဲ ဒီကိစ္စကိုလုပ်ရမယ်''

''ဟိုးအရင်တုန်းကလည်း ဖုတ်ဝင်စားတာဖြစ်ခဲ့ဖူးတယ်

''ဖုတ်ဝင်စားတယ်ဆိုတာ ဘယ်လိုဖြစ်တာလဲ''

ကျွန်တော်က ရွာသားတစ်ဦးကို မေးမြန်းခဲ့တယ်။

''ဒီလို ဆရာကျောင်းရဲ့. . . တစ်ချို့မိန်းမတွေဟာ ရိုး ရိုးသေဆုံးတာမဟုတ်ပဲ ဖုတ်ဝင်တယ် အပမီပြီး သေခဲ့တယ်ဆို ရင်. . . အဲဒီအလောင်းကောင်ဟာ ပုတ်မသွားပဲ ညဘက်ညဘက် မှာ ဖုတ်ဝင်ပြီး ကံနိမ့်တဲ့လူတွေကို ကိုက်သတ်တယ်လို့ ရှေးတုန်း





က အယူအဆ ရှိခဲ့တယ်. . . ဒါပေမယ့် အခုလို အဖြစ်အပျက် မျိုးက မဖြစ်တာကြာပြီ''

''ဒါဆို. . . ဒီလိုအဖြစ်အပျက်မျိုးဟာ အခုမှပြန်ပြီး ပေါ် လာတာပေါ့''

''ဟုတ်ပါတယ်''

ဒီညအဖို့မှာတော့ အသုဘအိမ်မှာရော ရွာထဲမှာပါ ကင်း ချပြီး စောင့်အိပ်ခဲ့ကြတယ်။

အဘကိုယ်တိုင်လည်း တတိယနေ့ဖြစ်တဲ့ ဒီညမှာ အလွန် သတိထားပြီး စောင့်ကြည့်ခဲ့တယ်။

ဒီနေ့ညမှာ အဘဦးသိန်းအောင်ဟာ ကျင့်စဉ်ပုတီးစိပ် အပြီးမှာ နေ့တိုင်း တွေ့နေကျ ကျောက်တောင်ဆီကို ဂရုထား ပြီး စောင့်ကြည့်နေတယ်။

ဒီညရဲ့ထူးခြားချက်ကတော့ ခွေးအူသံတောင် မကြားရ ဘူး။ ဝတ်ရုံဖြူတစ္ဆေမလည်း ပေါ်မလာဘူး. . .။

''အင်း. . . ဒီနေ့ညမှာ ဝတ်ရုံဖြူတစ္ဆေမတောင် ပေါ် မလာပါလား''



www.burmeseclassic.com

www.burmeseclassic.com



မိုးသာစင်စင်လင်းသွားတယ် ဒီညမှာ အနှောင့်အယှက်ဆိုလို့ ဘာတစ်ခုမှ မတွေ့ရဘူး။ အဘဦးသိန်းအောင်အတွက်ကတော့ တတိယနေ့မြောက် အဓိဋ္ဌာန်ပြီးဆုံးခဲ့တယ်...။

နောက်တစ်နေ့မနက်မှာတော့...။

ကျွန်တော်အပါအဝင် ရွာသူရွာသားတွေဟာ သင်္ချိုင်းမြေကို ရောက်ရှိလာခဲ့တယ်။ ပေါက်ပြားတွေယူဆောင်လာခဲ့ကြတယ်။ ခြုံပုတ်တွေကိုရှင်းလင်းပေးပြီး နန်းတင်ရဲ့မြေပုံဆီကို သွားခဲ့ကြတယ်... သူကြီးက...

"နန်းတင်ရဲ့မြေပုံကို တူးကြည့်ဗျာ"

လို့ပြောလိုက်တယ်၊ ရွာသားတွေက နန်းတင်ရဲ့အလောင်းကို ပြန်ဖော်ခဲ့ကြတယ်... တဖြည်းဖြည်း တူးဆွခဲ့ကြတယ်...။

မကြာမီမှာ နန်းတင်ရဲ့အသုဘထည့်ထားတဲ့ အခေါင်းကြီးပေါ်လာတယ်...။

"အခေါင်းပေါ်လာပြီဟေ့.. ပျဉ်ချပ်တွေကို ဖြည်းဖြည်းခွာ"





သူကြီးက အမိန့်ပေးလိုက်တယ်...။

အခေါင်းပေါ်က ပျဉ်ချပ်တွေကိုခွာလိုက်တဲ့အခါမှာ...။

နန်းတင်ရဲ့အလောင်းဟာ ထူးခြားမှုအပြည့်နဲ့...။

"နန်းတင်ရဲ့အလောင်းဟာ ကိုယ်တစ်ပိုင်းကပုပ်ပြီး ကိုယ်တစ်ပိုင်းက အကောင်းအတိုင်းပါလား"

"ဟုတ်ပါရဲ့... ဘယ်လိုဖြစ်တာလဲမသိဘူး။ ထူးဆန်းလိုက်တာ"

နန်းတင် ရဲ့ခါးစ်အောက်ပိုင်းက ပုပ်ပွနေသည့်မှာ လောက်တဖွားဖွား၊ အပေါ်ပိုင်းမှာ မူလပကတိအတိုင်း မပုပ်မသိုးပဲရှိနေပြီး မျက်နှာကလေးမှာ အိပ်နေသကဲ့သို့ ဖြစ်နေတယ်...။ ဖြစ်ချင်တော့ နန်းတင်ဝတ်ထားတဲ့ အဝတ်အစားကလည်း အဖြူရောင်ဖြစ်နေတယ်။ တစ်ကိုယ်လုံး အကောင်းအတိုင်း လူအရှင်လိုဖြစ်သွားရင် ရွာလုံးကျွတ်အောင် ဒုက္ခပေးတော့မှာပဲ"

"ဒါဆို နန်းတင်အလောင်းကို ဘယ်လိုလုပ်ကြမလဲ"

"ဓာတ်ဆီလောင်းပြီး မီးရှို့ပစ်ကြဦးစို့"



www.burmeseclassic.com

www.burmeseclassic.com



သူကြီးက အဲဒီလိုပြောလိုက်တယ်. . . ရွာသားတစ်ဦးက သူ့မှာပါလာတဲ့ဓားနဲ့ လက်မောင်းနေရာကို ထိုးကြည့်လိုက်တော့ မည်းညစ်နေတဲ့ သွေးခြောက်တွေကို တွေ့ရတယ်. . .။

နန်းတင်အလောင်းကို ခေါက်ဆီလောင်းပြီး မီးရှို့ခဲ့ကြတယ်. . .။ ပြီးတော့. . .

"နန်းတင်. . . နင်ငါတို့ဆီကို မလာနဲ့"

"နင်နဲ့ငါတို့ ဘဝခြားသွားပြီ"

"နင့်ကို ငါတို့ အလိုမရှိတော့ဘူး"

တစ်ယောက် တစ်ပေါက် အမျိုးမျိုး ပြောဆိုခဲ့ကြတယ်။ အားလုံးပြာပုံ ဖြစ်သွားတဲ့အထိ စောင့်နေခဲ့ကြတယ်။ အဲဒီပြာပုံကို မူလတွင်းထဲ ပြန်ထည့်ပြီး မြေကြီးပြန်ဖုံးထားလိုက်တယ်။

သည်တွင်. . . သူကြီးနဲ့ ရွာသူရွာသားများက. . .။

"နောက်ဆိုရင် ဖုတ်ဝင်စားတာမျိုး မဖြစ်တော့ဘူး. . . ဖုတ်ကိုသတ်လိုက်ပြီ" လို့ ပြောတယ်။

ကျွန်တော့်ဘာဖာ့ အလောင်းကောင်ဟာ ပုပ်ရင်လဲပုပ်





မယ်၊ မူလအတိုင်း မပုပ်မသိုးတာလည်း ရှိမယ်၊ အားလုံး တွေ့ဖူးပါတယ်။ ဒါပေမယ့် အခုလို တစ်ပိုင်းကပုပ်ပြီး တစ်ပိုင်းက မပုပ်သိုးပဲ ပကတိရှိနေတာမျိုးကို တစ်သက်မှာ တစ်ခါမှ မမြင်ဖူးဘူး။ ထူးဆန်းတာတော့အမှန်ပါပဲ. . .။

ဒီတော့ အဘဦးသိန်းအောင်နဲ့ အဲဒီအကြောင်းကို ဆွေးနွေးခဲ့တယ်။

"အဘ. . . ဒီကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုထင်ပါသလဲ"

"သူတို့က ဖုတ်ဝင်စားတယ်လို့ပြောတော့ သူတို့ရဲ့ အထင်အမြင်ပေါ့. . . သူ့အရပ်နဲ့ သူ့ဓလေ့ ရှိခဲ့ဖူးတာ ဖြစ်ခဲ့ဖူးတာတွေ ရှိကောင်းရှိမယ်. . . အဘ မဝေဖန်လိုဘူး"

"အဘရော အဲဒီလို ကိုယ်တစ်ပိုင်းကပုပ်ပြီး ကိုယ်တစ်ပိုင်းက မပုပ်သိုးတာမျိုး တွေ့ဖူးလား"

"အေး. . . အဲဒါမျိုး တစ်ခါ တွေ့ခဲ့ဖူးတယ်. . . အဲဒါက အဘတို့ရဲ့ ကုက္ကိုစုရွာရဲ့ သင်္ချိုင်းပြောင်းတုန်းကပေါ့"

"အဲဒီအကြောင်းလေး. . . ပြောပြပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ပြောရရင်တော့ ကုက္ကိုစုရွာရဲ့ သချိုင်းမှာ အလောင်းတွေကို မြေမြှုပ်တာများတယ်. . . အထူးသဖြင့် သစ်ပင်ကြီးအောက်မှာမြှုပ်ကြတယ်. . . မီးသင်္ဂြိုဟ်တာရှားတယ်. . . အဲဒီမိန်းမနာမည်က ဒေါ်ခင်စုတဲ့၊ သူ့ရဲ့မြေပုံကတစ်ပိုင်းက ကုက္ကိုပင်အရိပ်ထဲမှာရောက်နေတယ်. . . တစ်ပိုင်းက နေပူတဲ့အခြမ်းဘက်မှာရောက်နေတယ်. . . အဲဒီသချိုင်းက ရွာတစ်ရွာနဲ့ ဆက်ထားတဲ့ ကားလမ်းနံဘေးမှာပေါ့"

"ဟုတ်ကဲ့. . . ဆက်ပြောပါ အဘ"

"အခုနောက်ပိုင်း ကားလမ်းချဲ့လို့မလွတ်တဲ့အတွက် ကုက္ကိုစုသချိုင်းက နေရာရွှေ့ပေးရတယ်. . . အလောင်းပိုင်ရှင်တွေကိုခေါ်ပြီး အလောင်းတွေကို တူးပေးတယ်၊ နောက်သချိုင်းနေရာကို ရွှေ့ပေးခဲ့တယ်. . . တစ်ချို့ကလည်း ပိုင်ရှင်မဲ့အလောင်းတွေလည်းရှိတယ်. . . ဒေါ်ခင်စုရဲ့အလောင်းက သားသမီးတွေရှိတယ်. . . သားသမီးတွေရဲ့ရှေ့မှာ မြေပုံကိုတူးလိုက်တယ်။

အခေါင်းပေါ်လာလို့ ဖွင့်ကြည့်လိုက်တော့ အခု နန်းတင်





လိုပဲ အောက်ပိုင်းတစ်ပိုင်းကပုပ်နေပြီ. . . အပေါ်ပိုင်းက ပကတိအတိုင်းပဲ ပုပ်သိုးခြင်းမရှိဘူး. . . ဒေါ်ခင်စုရဲ့အလောင်းကိုတွေ့ရတော့ အားလုံး အံ့အားသင့်ကုန်တယ်. . . နောက်တော့ သားသမီးတွေရဲ့ဆန္ဒနဲ့ မီးရှို့ပြီးမှ သချိုင်းပြောင်းပေးခဲ့တယ်"

"အဲဒီတုန်းကရော ဖုတ်ဝင်စားတယ်လို့ ကြားမိလား"

"အဘတို့အရပ်မှာတော့ ဒါမျိုးမကြားမိဘူး. . . ဒေါ်ခင်စုအလောင်းနဲ့ပတ်သက်ပြီး ပြောကြတာတော့ အပေါ်ပိုင်းက ကုက္ကိုရိပ်ကျနေတော့ အေးပြီး မပုပ်တာတဲ့. . . အောက်ပိုင်းက နေပူထဲရောက်နေလို့ ပုပ်တာလို့ပြောတယ်"

"ဒါတွေလည်း သဘာဝတရားရဲ့ဆန်းကြယ်မှုတွေပါပဲ"

"ဟုတ်ပါတယ် ဆရာကျောင်းရယ်. . . အသိရှိတယ်ဆိုတာ တွေ့ဖူးမှသိတာ၊ အခုလို အသိရှိတယ်ဆိုတာလည်း မိဘဘိုးဘွားတွေ တွေ့ဖူးကြုံဖူးလို့ သူ့တို့ပြောပြလို့သိတာ. . . လူကြီးမိဘတွေ မကြုံဖူးတဲ့အရာတွေရှိသလို အဘတို့မကြုံဖူးတဲ့အရာတွေက အများကြီးပဲ. . .။



www.burmeseclassic.com

www.burmeseclassic.com



အဘကတော့ အရိပ်ထဲကျတဲ့နေရာကမပုပ်ပဲ နေပူထဲကျတဲ့နေရာကပုပ်သလား၊ ဒါမှမဟုတ် သူ့မှာမပုပ်တဲ့ဓာတ်က အပေါ်ပိုင်းမှာပါသလား. . . ဒါတွေက အဘတို့ ဉာဏ်မမှီပါဘူးကွယ်"

"ဟုတ်ကဲ့ပါ"

"အဘ ကိုယ်တွေ့မြင်ဖူးတာ ရှိသေးတယ်. . ရန်ကုန်က ကြံတောသင်္ချိုင်းပြောင်းရတယ်. . . အဲဒါ ဆရာကျောင်းသိတယ်မဟုတ်လား"

"ဟုတ်ကဲ့. . . သိပါတယ်"

"အဲဒီတုန်းက အဘက ဦးညိုလမ်းမှာနေတာ၊ ကြံတောနဲ့နီးတယ်။ ကြံတောသင်္ချိုင်းရွှေ့တော့ အဘကို သွားကြည့်ကြတယ်။ အဲဒီလိုပဲ တချို့မြေပုံတွေဟာ သစ်ပင်ရိပ်အောက်မှာရှိတယ်. . . တစ်ချို့ကတော့ နေပူတဲ့ အရိပ်မဲ့တဲ့နေရာမှာရှိတယ်။ အလောင်းတွေကိုတူးပြီး ဖွင့်ကြည့်တဲ့အခါမှာ သစ်ပင်ရိပ်မှာရှိတဲ့ အလောင်းတစ်ချို့ဟာ မပုပ်မသိုးပဲရှိနေတာ တွေ့ရတယ်. . .။





နေပူထဲက မြေပုံတွေကတော့ အရိုးစုဖြစ်နေတာ တွေ့ရတယ်. . . အဲဒါကတော့ ကိုယ်တွေ့ပဲ။ ဘယ်လိုဓာတ်ကြောင့်လည်းဆိုတာတော့ ဓာတ်ခွဲဆရာတွေကို ဓာတ်ခွဲခိုင်းကြည့်မှပဲ သိမယ်ထင်တယ်"

"ဟုတ်ပါတယ်၊ ကြံတောသင်္ချိုင်းရွှေ့တုန်းက ကျွန်တော်ရန်ကုန်မှာရှိပါတယ်. . .။ အဘပြောတဲ့အကြောင်းကို ကြားဖူးပါတယ်. . . တစ်ချို့ သစ်ပင်ရိပ်အောက်မှာကျတဲ့ ရုပ်အလောင်းတွေဟာ မပုပ်မသိုးပဲ ရှိနေတယ်တဲ့"

"ဟုတ်တယ်ကွယ့်။ အဲဒီတုန်းက အဘက ကိုးသင်္ချိုင်းကျင့်စဉ်ကို မကျင့်သေးဘူး။ ဒါပေမယ့် အသုဘပို့လို့ ကြံတောသုသာန်ကိုသွားတိုင်း သင်္ချိုင်းစောင့်ဘဘဘကြီးနဲ့ မကျွတ်မလွတ်တဲ့ ပရလောကသားတွေကို အမျှအတန်းပေးဝေခဲ့တယ်. . .။ အဲဒီတုန်းက ဒီလောက်မကျင့်ကြံနိုင်သေးဘူး။ စရဏအားနည်းသေးဘာပေါ့"

"ပြောပြပါဦးအဘ၊ ကျွန်တော်ကလည်း အဲဒီအတွေ့



www.burmeseclassic.com

www.burmeseclassic.com



အကြံ့ကို အတော်စိတ်ဝင်စားတာ"

"အဲဒီတုန်းက ကြံတောသင်္ချိုင်းမှာ ရှုတင်ဆောင်တဲ့ ရဟန်းတစ်ပါးရှိတယ်. . . သူက နေ့ခင်းဘက်မှာ သပိတ်ပိုက်ပြီး ခြေတစ်လှမ်းချင်းလှမ်းပြီး အလှူခံလေ့ရှိတယ်. . . အဲဒီရဟန်းကို ရန်ကုန်မြို့က လူတော်တော်များများ သိတယ်။ အဲဒီရဟန်းက ဆီမန်းပေးတယ်. . . ကလေးသူငယ်တွေ ဗိုက်အောင့်တာတို့ တစ်ခုခုဖြစ်ရင် အဲဒီဆီမန်းလေးလိမ်းလိုက်ရင် ပျောက်သွားတယ်"

"ဟုတ်တယ်. . . အဲဒီရဟန်းအကြောင်းလည်း ကြားဖူးတယ်"

"အဘဟာ ကြံတောသင်္ချိုင်းထဲမှာ မေတ္တာပို့ပုတီးစိတ်ပြီး အိမ်ပြန်လာတယ်. . . အဲဒီတုန်းက ငယ်လည်းငယ်သေးတော့ ကြောက်စိတ်ကလည်း မပျောက်ဘူး. . . သစ်ရွက်တိုးသံတွေကို တောင် ခြေသံတွေလိုက်လာပြီလို့ ထင်မိတယ်"

"ဆက်ပြောပါဦး အဘ"

"ဒါနဲ့ အိမ်ပြန်လာပြီး အိပ်လိုက်တယ်. . . အိပ်မက်ထဲမှာ





ဘာပြောကောင်းမလဲ။ တစ္ဆေသရဲတွေလိုက်လာပြီး သူ့လည်း အမျှပေးပါ၊ ငါလည်းအမျှပေးပါလို့ ပြောပြောဆိုဆိုနဲ့ ဝိုင်းဆွဲလိုက်ကြတာ လန့်ဖြန့်ပြီးနိုးလာတယ်. . . အဲဒီကတည်းက ကိုယ့်ရဲ့ စရဏကလည်း နည်းသေးတယ်၊ သီလသမာဓိကလည်း နည်းသေးတယ်. . . အဲဒီလို အခြေအနေမျိုးမှာ သင်္ချိုင်းမြေကို သွားမစမ်းသေးနဲ့၊ ဒုက္ခရောက်သွားနိုင်တယ်"

"အဘဆီက အဖိုးတန်တဲ့စကားတွေကို ကြားရတာ အလွန်ပဲ ကျေးဇူးတင်ပါတယ်"

"ကဲ. . . ဆရာကျောင်းရေ အဘလည်း ဒီနေ့ အဓိဋ္ဌာန်လေးရက်မြောက်နေ့ပဲ"

"အဘအတွက် အနှောက်အယှက်ကင်းကင်းနဲ့ ပုတီး စိတ်နိုင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်"

"ကျေးဇူးပါပဲ ဆရာကျောင်း. . . မနက်ဖြန်မှာတွေ့ကြသေးတာပေါ့"

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၆)

### "ခမောက်မည်းနဲ့မိန်းကလေး"

ကျွန်တော်ဟာ နန့်မဲလန့်ရွာရောက်မှ အထူးအဆန်းတွေ ဆက်တိုက်ကြုံတွေ့ခဲ့တယ်။ ဒီကနေ့ဖြစ်ရပ်က ဆန်းကြယ်မှုရဲ့ အစလို့ပြောရမှာပဲ. . .။

ဒီနေ့ကျောင်းပိတ်ရက်၊ တနင်္ဂနွေနေ့. . .။

ကျောင်းပိတ်ရက်ဖြစ်သလို နန့်မဲလန့်ရွာရဲ့ ငါးရက်တစ်ဈေးဖြစ်တဲ့ ဈေးနေ့တစ်နေ့မှာပေါ့. . .။





ဈေးနေ့မှာဆိုရင် မုန့်ညှင်းရွက်၊ ဂေါ်ဖီထုတ်၊ ဂေါ်ဖီပန်းက အစ ဟင်းသီးဟင်းရွက်တွေ တော်တော်ပေါတယ်။ ကျွန်တော်နဲ့ အတူ အဘဦးသိန်းအောင်လည်း ပါလာတယ်. . .။

ကိုက်လန်နဲ့ ကြက်သွန်ဖြူ၊ ကြက်သွန်နီကအစ ကြက်ဥတွေလည်း ဈေးပေါပေါနဲ့ရောင်းချကြတယ်. . . ကြက်ကိုတော့ မြေပြန့်မှာလို သတ်ပြီးမရောင်းဘူး။ ကြက်အရှင်ပဲရောင်းတယ်။ ပြောင်းဖူးကတော့ ဈေးအပေါဆုံးပါပဲ။

ကျွန်တော်ဟာ ကိုက်လန်နဲ့ကြက်ဥတွေ ဝယ်လိုက်တယ်။

"အဘရေ၊ ဟင်းချက်စရာလေးတွေဝယ်ပြီး လက်ဖက်ရည်သောက်ကြမယ်နော်"

"ရပါတယ်၊ ဆရာကျောင်းရဲ့"

အဘနဲ့ကျွန်တော်ဟာ ဝေးလံခေါင်းပါးတဲ့ နယ်စပ်မြို့ကလေးမှာ မြန်မာလူမျိုးနှစ်ယောက် တွေ့ဆုံခဲ့ကြပြီး တစ်ဦးနဲ့တစ်ဦး စိတ်သဘောထားခြင်း တိုက်ဆိုင်ဘာကြောင့် ဆွေမျိုးရင်းချာသဖွယ် သံယောဇဉ်တွယ်ခဲ့ကြတယ်. . .။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က ဈေးဝယ်နေချိန်မှာ အဘကလည်း ကျွန်တော်နဲ့အတူ လိုက်လာခဲ့တယ်. . .။

''ကြက်သွန်နီဥကြီးတွေ အကြီးကြီးပဲ. . . လိုရမည်ရ ဝယ်ထားဦးမှပဲ''

အဲဒီအတွေးနဲ့ ကြက်သွန်နီဥတွေပုံထားတဲ့ရှေ့မှာ ထိုင်လိုက်တယ်။ အဲဒီမှာ ကျွန်တော့်အရင်ရောက်နှင့်ပြီး ကြက်သွန်နီရွေးနေတဲ့ ခမောက်ဆောင်းထားတဲ့ မိန်းကလေးကို အမှတ်မထင်တွေ့လိုက်တယ်. . .။

ကျွန်တော်လည်း သူမဘေးမှာ အမှတ်တမဲ့ဝင်ပြီး ကြက်သွန်ဥရွေးနေတုံး သူမဟာ ခမောက်ကလေးကို ခပ်မော့မော့ကလေးထားပြီး ကျွန်တော့်ကိုစောင်းပြီးအကြည့်. . .။

ကျွန်တော်ကလည်း သူမကို အမှတ်တမဲ့လှမ်းအကြည့်. .

အကြည့်ချင်းဆုံတော့ ရင်ခုန်သွားတယ်. . .။

တော်တော်ချောတဲ့ မိန်းကလေးတစ်ယောက်ပဲ၊ ရှမ်းပျိုဖြူလေးမို့လားမသိ။ ပါးနှစ်ဖက်မှာ ပန်းနုရောင်သန်းနေတယ်. . .။





သူမက ကျွန်တော်လှမ်းကြည့်တာ မြင်တာနဲ့ သူ့ရဲ့ ခမောက်မည်းကြီးကို ချက်ချင်း အောက်ကိုဆွဲချပြီး သူ့မျက်နှာကို ဖုံးလိုက်တယ်. . .။

''သြော်. . . ဒီမိန်းကလေးက အရှက်အကြောက်ကြီးလှပါလား''

ဒီလိုစဥ်းစားပြီး ကြက်သွန်ဆက်ရွေးနေတယ်. . .။

အဘဟာ ကျွန်တော့်ကိုရပ်စောင့်နေတဲ့အတွက် အားနာလို့ အဘကို စကားလှမ်းပြောလိုက်တယ်. . .။

''အဘ ဈေးထိပ်က လက်ဖက်ရည်ဆိုင်မှာ စောင့်နေပါအဘ။ ပြီးရင် ကျွန်တော်လာခဲ့မယ်''

''ရပါတယ် ဆရာကျောင်းရဲ့၊ အဘကို အားမနာပါနဲ့''

အဘရဲ့အသံကို ကြားတယ်ဆိုရင်ပဲ အဲဒီခမောက်မည်းဆောင်းထားတဲ့ ကောင်မလေးက အဘကိုဆတ်ကနဲ မော့ကြည့်လိုက်တယ်. . .။

နောက်တော့ ရွေးလက်စကြက်သွန်ကို ဆက်မရွေးတော့ပဲ



www.burmeseclassic.com

www.burmeseclassic.com



"နောက်မှပြန်လာယူမယ်နော်"

လို့ မပီတပီပြောပြီး ခပ်မြန်မြန်ကလေး အဲဒီနားက ထွက်ခွာသွားတယ်. . . ရုတ်တရက် ပြောင်းလဲသွားတဲ့ သူမရဲ့ အပြုအမူကို ကျွန်တော် နားမလည်နိုင်အောင် ဖြစ်သွားခဲ့တယ်။

အဘကလည်း အဲဒီမိန်းကလေးကို လှမ်းကြည့်လိုက်တယ်။

"ဒီမိန်းကလေးက အဘကိုလည်းတွေ့ရော ဘာ့ကြောင့် ချက်ချင်း ပြောင်းလဲသွားပါလိမ့်"

ဒီလိုနဲ့ အဘနဲ့အတူ လက်ဖက်ရည်ဆိုင် ထိုင်လိုက်ကြတယ်။

"အဘ. . . ကြက်သွန်ဝယ်တဲ့ကောင်မလေးကို သတိထားလိုက်မိလား"

"အေး. . . သတိထားလိုက်မိတယ်"

"အဘရဲ့အသံလည်းကြားရော ကြက်သွန်တောင်ဆက် မရွေးတော့ဘူး. . . တစ်ခါတည်း ထပြေးသွားတော့တာပဲ"

"အေး. . . အဘလည်း သူ့ပုံစံ မှုမမှန်ဘူးလို့ထင်မိတယ်၊ နောက်ပြီး အဘရဲ့အာရုံမှာ တစ်ခုခုထူးခြားနေသလိုလို ဒီ





ပုံသဏ္ဌာန်မျိုး မြင်ဖူးသလိုလိုပဲလို့ စိတ်မှာထင်မိတယ်"

ကျွန်တော်နဲ့အဘ နှစ်ဦးသား စကားပြောနေစဉ်. . .။

ဈေးနောက်ဖက်က ဆူဆူညံညံအသံတွေ ကြားရတယ်။

ဒါနဲ့ ကျွန်တော်က. . .။

"အဘ. . . ဒီမှာ ခဏနေခဲ့ပါဦး. . . ဈေးထဲမှာဘာဖြစ်သလဲမသိဘူး. . . ကျွန်တော် သွားကြည့်ဦးမယ်"

လို့ပြောပြီး ဈေးနောက်ဖက်ကိုလာခဲ့တယ်။

မြင်ကွင်းကတော့. . .။

ခုနက ကျွန်တော် တွေ့ခဲ့တဲ့ ခမောက်မည်းနဲ့မိန်းကလေးဟာ အောက်ဖက်ကလှေဆိပ်ကို ခပ်မြန်မြန်သွားနေတယ်။

အမျိုးသမီးတစ်ယောက်က သူမကို လက်ညှိုးတစ်ထိုးထိုးနဲ့. . .။

"စုန်းမ. . . စုန်းမ. . . နင့်ကြောင့် ငါ့အမေသေရတာ"

လို့ အော်ဟစ်ပြောနေတယ်။ အဲဒီ ရန်တွေ့နေတဲ့ အမျိုးသမီးကို လူလေးငါးယောက်က ဝိုင်းဆွဲနေကြတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါနဲ့ ကျွန်တော်လည်း လူအုပ်စုထဲက တစ်ယောက်ကို မေးကြည့်လိုက်တယ်။

''ဘာဖြစ်ကြတာလဲ''

''ဩော်. . . မိန်းမချင်း ရန်ဖြစ်ကြတာပါ. . . သူတို့က နဂိုကတည်းက ရန်ငြိုးရှိပုံရတယ်''

''ပြောစမ်းပါဦး''

''ဟို. . . ခမောက်မည်းနဲ့ လှေဆိပ်ကိုဆင်းသွားတဲ့ မိန်းကလေးက မိုင်းသောက်ရွာက ဈေးလာဝယ်တာ. . . သူတို့သားအမိကို ''စုန်းမ''လို့ဆိုပြီး တစ်ချို့က စကားမပြောကြဘူး ကျဉ်ထားကြတယ်. . . ခုနက မိန်းမနဲ့ ခမောက်မည်းနဲ့အမျိုးသမီးဟာ စကားများကြပြီး ''စုန်းမ. . . စုန်းမ''လို့ ပြောတော့တာပဲ. . . ခမောက်မည်းနဲ့မိန်းကလေးကတော့ ဘာမှမပြောဘူး၊ လှေဆိပ်ကိုဆင်းပြေးသွားတယ်''

''ဩော်. . . ဟုတ်လား''

ကျွန်တော် လှမ်းကြည့်လိုက်တော့ ခမောက်မည်းနဲ့





မိန်းကလေးဟာ လှေတစ်စင်းပေါ်မှာပါသွားပြီ။

စောစောက စုန်းမလို့အော်နေတဲ့ မိန်းမကိုလည်း အိမ်ထဲဆွဲသွင်းသွားကြတယ်။ ဒါနဲ့ ကျွန်တော်လည်း အဘရှိရာ လက်ဖက်ရည်ဆိုင်ကို ပြန်လာခဲ့တယ်၊ ကျွန်တော် ကြားသိရသမျှ အဘကို ပြန်ပြောပြလိုက်တယ်။

''အဘရေ. . . မိန်းကလေးချင်း ရန်ဖြစ်ကြတာ''

''ဩော်. . . ဟုတ်လား''

''အဘနဲ့ကျွန်တော်နဲ့ တွေ့ခဲ့တဲ့ ခမောက်မည်းနဲ့ကောင်မလေးနဲ့ ဈေးထဲကမိန်းမတစ်ယောက်နဲ့ စကားများကြတယ်။ အဲဒီမိန်းမက ခမောက်မည်းနဲ့ ကောင်မလေးကို ''စုန်းမ''လို့ ပြောလို့ အဲဒီခမောက်မည်းနဲ့ကောင်မလေးကရှက်ပြီး လှေဆိပ်ကို ပြေးသွားခဲ့တယ်''

''အေးလေ. . . စုန်းမဆိုတော့ ကောင်မလေးက ရှက်ရှာမှာပေါ့''

''အဲဒီလိုပဲဖြစ်မယ်ထင်ပါတယ်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမယ့် အဲဒီကောင်မလေးရဲ့အမှုအယာကလည်း ထူးခြားတယ်. . . ဟိုမိန်းမက စုန်းမလို့ပြောနေတာတောင် တစ်ခွန်းမှပြန်မပြောပဲ ထွက်သွားခဲ့တယ်"

ကျွန်တော်နဲ့အဘနဲ့ ခမောက်မည်းနဲ့ကောင်မလေးအကြောင်းပြောနေစဉ်. . .။

လက်ဖက်ရည်ဆိုင်ရှင်က. . .။

"ဒီမှာက ရန်ဖြစ်ရင် မဆဲကြဘူး. . . စုန်းမလို့ပဲ ပြောကြတယ်. . . စုန်းမလို့ပြောရင် ဆဲတာထက်နာတယ်"

"စုန်းမလို့ဆိုတာ ဘာဖြစ်လို့နာကြတာလဲ"

"စုန်းမဆိုရင် ဘယ်သူကမှ ဆေးဖော်ကြောဖက် မလုပ်ကြတော့ဘူး"

"အဲဒီခမောက်မည်းနဲ့ကောင်မလေးက မိုင်းသောက်ရွာကလို့ပြောတာပဲ"

"ဒီနေ့က ငါးရက်တစ်ဈေးလေ. . . ဒါ့ကြောင့် ဒီရွာကို မိုင်းသောက်ရွာ၊ နန့်မိုင်ရွာ၊ ကွဲလန်ရွာ အစရှိတဲ့ ရွာတွေက





ဈေးသည်တွေ ဈေးဝယ်တွေ လာကြတယ်. . . ဒါ့ကြောင့် မိုင်းသောက်ရွာကလူတွေလည်း လာကြတာပေါ့. . . နောက်ပြီး မိုင်းသောက်က ပညာသည်တို့ ဖုတ်ဝင်တာတို့ ပေါတယ်လို့ နာမည်ကြီးတယ်"

လက်ဖက်ရည်ဆိုင်ရှင်က သူ ကြားဖူးနားဝဖြစ်တဲ့အကြောင်းတွေကို ပြောပြခဲ့တယ်။

ဒီတော့ အဘကလည်း. . .။

"တစ်ရွာမှာ တစ်ပုဒ်ဆန်းဆိုတာ ရှိကြစမြဲပါ"

"ဟုတ်ပါတယ် အဘ"

"အဘကလည်း အဓိဋ္ဌာန်ရက်မပြည့်သေးဘူး. . . အဓိဋ္ဌာန်ရက်ပြည့်ပြီးရင်တော့ အဘလည်း တစ်ခုခုကို စုံစမ်းချင်တယ်၊ အဲဒါ ဆရာကျော်လည်း အဘကို အကူအညီပေးပါ"

"ပြောပါ အဘ. . . အဘအတွက်ဆိုရင် ကျွန်တော် အကူအညီပေးဖို့ အဆင်သင့်ပါပဲ. . . ဒါပေမယ့် အဘရဲ့စကား ကနည်းနည်းဆန်းသလိုပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဆရာကျောင်းရဲ့. . . အဘစိတ်ထဲမှာ မရှင်းလင်းတဲ့ကိစ္စတွေ ရှိနေလို့"

"ဘာတွေ မရှင်းဖြစ်တာလဲ. . . ပြောပါဦး"

"ဝတ်ရုံဖြူတစ္ဆေမရဲ့အကြောင်းကိုပေါ့"

"ဝတ်ရုံဖြူတစ္ဆေမ ဟုတ်လား အဘ"

"ဟုတ်ပါတယ်"

"အဘ ဘယ်လိုစိတ်မရှင်းတာလဲ. . . အဲဒီကိစ္စနဲ့ပတ်သက်ပြီး သူကြီးရော ကျွန်တော်တို့အပါအဝင် ရွာထဲကလူတွေက အဲဒါ နန်းတင်ဖုတ်ဝင်စားတယ်ဆိုပြီး ရုပ်အလောင်းကိုတောင် မီးရှို့လိုက်သေးတယ် မဟုတ်လား အဘရဲ့. . . အခုလည်း အဲဒီ မကောင်းဆိုးဝါးမကို မတွေ့တော့ဘူး"

"ဆရာကျောင်းပြောတာ ဟုတ်ပါတယ်. . . ဒါပေမယ့် အဘအထင်ကတော့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး တစ်ခုခု ထူးခြားလိမ့်မယ်လို့ထင်တယ်"

"ကဲ. . . ဒါဆို. . . အဘ တစ်ခုခုလုပ်ချင်တယ်ဆိုရင်





ကျွန်တော့်ကိုအကြောင်းကြားပါ. . . ကျွန်တော် ကူညီဖို့အဆင်သင့်ပါပဲ"

"ကျေးဇူးတင်ပါတယ် ဆရာကျောင်း"

သည်နေ့အဖို့ အဘဦးသိန်းအောင်နဲ့ လက်ဖက်ရည်ဆိုင်မှာပဲ လမ်းခွဲခဲ့တယ်. . .။ ဒါပေမယ့် သည်ညမှာတော့. . .။

ခမောက်မည်းနဲ့ကောင်မလေးရဲ့ လျှို့ဝှက်ချက်ကဘာလဲ. . .။ အဘကိုမြင်ပြီး ဘာ့ကြောင့် ချက်ချင်း ထသွားရတာလဲ. . .။ သူမကို ဘာ့ကြောင့် စုန်းမလို့ခေါ်တာလဲ. . .။

သူမအကြောင်းကို စဉ်းစားနေမိတယ်။

အဘကလည်း ဝတ်ရုံဖြူတစ္ဆေအကြောင်းကို စုံစမ်းချင်တယ်တဲ့. . .။ ရှေ့အဖို့ ဘာတွေနဲ့ကြုံတွေ့ရမယ်ဆိုတာ မပြောနိုင်ဘူး. . .။

❁ ❁ ❁



www.burmeseclassic.com

www.burmeseclassic.com

## အခန်း(၇)

## "ဖုတ်ဝင်စားတဲ့ကျောက်တောင်"

ဒီနေ့ ကံကောင်းတဲ့နေ့လို့ဆိုရမှာပဲ. . .။

ကျောင်းကိုရောက်သွားတော့ ကျောင်းအုပ်ဆရာကြီးက ခေါ်တယ်ဆိုလို့ ဆရာကြီးရဲ့ရုံးခန်းကိုသွားခဲ့တယ်။

ဆရာကြီးက ခပ်ပြုံးပြုံးနဲ့ ဝါရင့်ရင့်အရောင်စာအိတ်ကို ကိုင်ထားတယ်။ ပြီးမှ. . .။

"ဆရာလျှောက်ထားတဲ့ ဘီအီးဒီ တက်ခွင့်ရတယ်၊ ဒီမှာ ဆရာ့အတွက် တက်ရောက်သင်ကြားခွင့်ပြုတဲ့စာပဲ"





ဆိုပြီး ကျွန်တော့်ကို ကမ်းလင့်ပေးလိုက်တယ်။ ကျွန်တော်က အဲဒီစာအိတ်ကိုလှမ်းယူပြီး ဖတ်ကြည့်လိုက်တယ်။

"ဟာ့. . .ဝမ်းသာလိုက်တာ ဆရာကြီးရယ်. . .ကျေးဇူးပါပဲ"

ကျွန်တော်က ဘီအီးဒီ ဆက်တက်ဖို့ လျှောက်ထားခဲ့တယ်။ အခုလို တက်ခွင့်ပြုတဲ့အတွက် ကျွန်တော် အရမ်းဝမ်းသာသွားတယ်။

ဆရာကြီးကိုနှုတ်ဆက်ပြီး ရုံးခန်းထဲက ပြန်ထွက်လာခဲ့တယ်။ နေ့လည် ကျောင်းလွှတ်တော့ ဆရာမနန်းမိုးခမ်းနဲ့ ဆရာမနန်းပန်းချစ်ဟာ ကျွန်တော်နဲ့အတူတူစားရင်း. . .။

"ကျွန်တော်တော့ နောက်လထဲမှာ ဘီအီးဒီ သွားတက်ရတော့မယ်"

ဒီလိုပြောပြလိုက်တယ်။

ဆရာမနန်းပန်းချစ်က. . .။

"ဒါဆို. . .ဆရာက အဲဒီသင်တန်းတက်ပြီးရင် နောက်



www.burmeseclassic.com

www.burmeseclassic.com



တစ်ခါ ကျောင်းအုပ်အဖြစ်နဲ့ လာရတော့မှာမို့... အရမ်းဝမ်းသာတာပဲ"

လို့ ပြောလိုက်တယ်။

ဆရာမနန်းမိုးခမ်းကတော့...။

"ဒါဆို... ဆရာနဲ့ခွဲရတော့မှာပေါ့"

လို့ ခပ်လေးလေး ပြောလိုက်တယ်။

နန်းမိုးခမ်းကို ဒီသတင်းပြောလိုက်ရင် ဝမ်းသာမှာမဟုတ်ဘူးဆိုတာ ကျွန်တော် သိပြီးသားပဲ...။

ဘာဖြစ်လို့လဲဆိုတော့ သူမနဲ့ကျွန်တော်က ချစ်သူရည်းစားတွေပါ။ ကျွန်တော် နန့်မဲလန်ကျောင်းကိုရောက်တော့ ခြောက်လလောက်အကြာမှာ ဆရာမနန်းမိုးခမ်းကို ချစ်စကားပြောခဲ့ တယ်၊ နန်းမိုးခမ်းဟာ အရမ်းအချောကြီးမဟုတ်ပေမယ့် အသား ဖြူဖြူ နုတ်ပေါ်ပေါ် ကိုယ်လုံးခပ်လှလှ...။

စကားပြောရာမှာလည်း မွန်ရည်တဲ့အတွက် သူမကို ကျွန်တော်ရဲ့ ဘဝတစ်သက်တာအတွက် လက်တွဲဖော်အဖြစ်





ရွေးချယ်ခဲ့တယ်။ ဒါ့ကြောင့် သူမကို ချစ်ခွင့်ပန်ခဲ့တယ်။ မကြာခင်မှာ သူနဲ့ကျွန်တော် ချစ်သူတွေဖြစ်သွားခဲ့တယ်။ အခု တော့ ကျွန်တော် ရန်ကုန်မှာ ဘီအီးဒီသင်တန်း တက်ရမယ် ဆိုလို့ သူမ မျက်နှာညှိုသွားတယ်။ သည်ညနေခင်းကလေးမှာ သူနဲ့ကျွန်တော် တွေ့ခဲ့ကြတယ်။

"အစ်ကိုကတော့ ကျောင်းတက်ရမယ်ဆိုတော့ အရမ်း ပျော်နေတာပေါ့... ဟုတ်လား"

"ပြော်... ကိုယ်က ဆရာလုပ်ရတာ ဝါသနာပါတဲ့လူ ဆိုတော့ ဘီအီးဒီတက်ခွင့်ရတာ ဝမ်းသာတာပေါ့... ဒါပေမယ့် နန်းနဲ့ခွဲရမှာတော့ ဝမ်းနည်းတယ်"

"အစ်ကိုကလေ အချိုးစကားပြောတတ်တာပဲ... နန်း ကောင် ဘာပြောရမှန်းမသိဘူး"

"နန်းရယ်... နန်းလည်း စိတ်ချမ်းသာသွားအောင် အစ်ကို စဉ်းစားထားတာတစ်ခုရှိတယ်"

"ပြောပါ အစ်ကို"



www.burmeseclassic.com

www.burmeseclassic.com

"အစ်ကိုနဲ့နန်းတို့ ချစ်သူတွေဖြစ်နေတာကို နန်းတို့မိဘတွေ သိတယ်နော်"

"သိတာပေါ့ အစ်ကိုရဲ့"

ကျွန်တော်နဲ့နန်းအကြောင်း စဉ်းစားလိုက်မိတယ်။

နန်းမိုးခမ်းရဲ့မိဘနှစ်ပါးက မိုင်းသောက်ရွာသစ်မှာနေကြတယ်။ တောင်ယာတွေက မိုင်းသောက်ရွာမှာရှိတာမို့ တောင်သူအလုပ်ကို လုပ်ကိုင်ကြတယ်။ နန်းမိုးခမ်းကို ကျိုင်းတုံက အဒေါ်ဆီမှာပို့ပြီး ကျောင်းထားခဲ့တယ်။ ဘွဲ့ရပြီးချိန်မှာ ကျောင်းဆရာမအဖြစ်နဲ့ နန့်မဲလန်ရွာမှာ တာဝန်ကျခဲ့တယ်။ နောက် တော့ ကျွန်တော်နဲ့ ချစ်သူတွေဖြစ်ကြတယ်။

လွန်ခဲ့တဲ့နှစ်လလောက်တုန်းက နန်းမိုးခမ်းနဲ့အတူ မိုင်းသောက်ရွာသစ်ကို ရောက်ခဲ့သေးတယ်။ အဲဒီတုန်းကတည်းက. . .။

"အမေ. . .ဒီကဆရာက သမီးနဲ့တစ်ကျောင်းတည်းပဲ. . .ဒီရွာကိုမရောက်ဖူးလို့ သမီး ခေါ်လာခဲ့တာ"





"ဪ. . .ဒါဆို ဆရာကျောင်းပေါ့. . .လာပါ. . .လာပါ. . .ထိုင်ပါ"

ဆိုပြီး ဧည့်ခံခဲ့ကြတယ်။

နောက်တော့ နန်းက သူ့အမေကို ပြောပြခဲ့တယ်။

"အမေ. . .ဆရာကျောင်းက သမီးရဲ့ချစ်သူပါ"

"အေး. . .အမေလည်း ဒီလိုပဲထင်တာပဲ"

"အမေ. . .ဘယ်လိုသဘောရသလဲ"

"အိမ်း. . .လူပုံကချောပါဘိနဲ့. . .အလုပ်က ကျောင်းဆရာဆိုတော့ အမေသဘောကျပါတယ် သမီးရယ်"

လို့ ပြောခဲ့တယ်။ နောက် နန်းမိုးခမ်းရဲ့အမေက သူ့ယောကျ်ားကို ပြန်ပြောခဲ့တယ်။

"အဖိုးကြီး. . .အဲဒါ ရှင့်သမီးရည်းစားတဲ့"

သူ့အမေက ပွင့်ပွင့်လင်းလင်း ပြောလိုက်တဲ့အတွက် ကျွန်တော့်မျက်နှာတောင် ဘယ်နှ[illegible] သိအောင် ဖြစ်သွားခဲ့တယ်။ သူ့အဖေကလည်း.



www.burmeseclassic.com

www.burmeseclassic.com



"နင့်သမီးကြိုက်ရင် ပြီးတာပါပဲ" လို့ ပြန်ပြောခဲ့တယ်။

ကျွန်တော်က အဲဒီလို ပွင့်လင်းတဲ့မိသားစုကို သဘောကျခဲ့တယ်။ အခုတော့ ရန်ကုန်ကို ခေတ္တပြန်ရမှာမို့ နန်းနဲ့အတူ မိုင်းသောက်ကိုသွားဖို့ စိတ်ကူးလိုက်တယ်။

"နန်းရယ် ဝမ်းမနည်းပါနဲ့. . . အစ်ကို မပြန်ခင် နန်းရဲ့မိဘတွေဆီမှာ စေ့စပ်ဖို့စီစဉ်ခဲ့ပါ့မယ်"

"အစ်ကို အဲဒီလိုလုပ်ပေးခဲ့မယ်ဆိုရင်. . . နန်းရဲ့မိဘတွေက ဝမ်းသာတာပေါ့"

နန်းမိုးခမ်းတို့ ဓလေ့ထုံးစံအရ မိန်းကလေးရှင်ဘက်ကို ယောကျ်ားလေးရှင်က ဒီလို လာရောက်တောင်းရမ်းပါက မိန်းကလေးရှင်ဘက်က ဂုဏ်တက်ခြင်း ဖြစ်တဲ့အတွက် ကျွန်တော့်စကားကို နန်းမိုးခမ်းက ထောက်ခံပြောဆိုခဲ့တယ်။

"ဒါဆိုရင်. . . အစ်ကို ဘယ်တော့ နန်းတို့ရွာကိုသွားမှာလဲ"

"လာမယ့်စနေနေ့မှာသွားမယ်. . . တနင်္ဂနွေနေ့မှာ ပြန်မယ်လေ"

"ဒါဆို. . . ကောင်းပါတယ်"

"ဆရာကြီးနဲ့ အဘဦးသိန်းအောင်ကိုလည်း ခေါ်သွားမယ်. . . မိန်းမတောင်းဖို့ဆိုတော့ လူကြီးတွေပါမှကောင်းမယ်၊ ဘယ်လိုသဘောရသလဲ နန်း"

"ကောင်းပါတယ် အစ်ကို"

စနေနေ့. . .။

နံနက်စောစောမှာ လှည်းတစ်စီးနဲ့ မိုင်းသောက်ရွာကို သွားခဲ့ကြတယ်။ ဆရာကြီးက စေ့စပ်ပွဲအတွက် လိုအပ်တဲ့ပစ္စည်းတွေ အုန်းပွဲ၊ ငှက်ပျောပွဲကအစ စီစဉ်ပေးခဲ့တယ်။

နန်းမိုးခမ်းတို့မိဘများ နေထိုင်ရာ မိုင်းသောက်ရွာကို ရောက်ခဲ့တယ်။ နံနက်(၉)နာရီလောက်မှာ မိုင်းသောက်ရွာကို ရောက်ခဲ့တယ်။

နန်းရဲ့မိဘများကို ကြိုတင်အကြောင်းကြားထားတာမို့ ကျွန်တော်တို့အုပ်စုကို ဝမ်းသာအယ်လဲ ကြိုဆိုခဲ့ကြတယ်။







www.burmeseclassic.com

www.burmeseclassic.com



အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ လူကြီးစုံရာရှေ့မှာ နန်းမိုးခမ်းနဲ့ ကျွန်တော်တို့ စေ့စပ်ခြင်း ပြုလုပ်ခဲ့ကြတယ်။ ဆရာကြီးကတော့ စေ့စပ်ပွဲအပြီးမှာ ပြန်သွားခဲ့တယ်။ ကျွန်တော်ရယ် အဘ ဦးသိန်းအောင်ရယ် ကျန်နေခဲ့တယ်။ညဘက်ရောက်တော့. . . ဟို အကြောင်းသည်အကြောင်း ပြောရင်း ကျောက်တောင်ကြီးအကြောင်း ပြောဖြစ်ခဲ့တယ်။

"ကျောက်တောင်ကြီးဟာ မိုင်းသောက်ရွာနဲ့ နန့်မဲလန်ရွာတစ်လျှောက်မှာ ကန့်လန့်ခံနေတဲ့ တောင်ကြီးတစ်တောင် ပေါ့"

နန်းရဲ့ဖခင်ကြီးက ကျောက်တောင်ကြီးအကြောင်း အံ့ဩပြီးပြောခဲ့တယ်။

"အဲဒီကျောက်တောင်ကြီးက ဟိုးရှေးတုန်းက ဖုတ်ဝင်စားတာတွေ အလွန်ပေါခဲ့တယ်"

"ဖုတ်ဝင်စားတာ ဟုတ်လား. . . ဟိုးတလောကတောင် ကျွန်တော်တို့ နန့်မဲလန်ရွာမှာ ဖုတ်ဝင်စားတဲ့ကိစ္စ ဖြစ်ခဲ့သေးတယ်. . . သင်္ချိုင်းမှာသွားတူးတော့ အောက်ပိုင်းပုပ်ပြီး အထက်





ပိုင်းက မပုပ်ပဲဖြစ်နေတယ်"

"ဟိုး ရှေးတုန်းက အယူအဆကတော့ ဖုတ်ဝင်တယ်ဆိုတာ တစ်ကိုယ်လုံး မပုပ်ဘူး. . . အဲဒီကျောက်တောင်က အရင်တုန်းက လိုဏ်ပေါက်ရှိတယ်၊ အလောင်းတွေကို အဲဒီကျောက်လိုဏ်ခေါင်းထဲမှာ သွားပစ်ခဲ့ကြတာ၊ အဲဒီထဲကမှ မပုပ်သိုးတဲ့ အလောင်းကောင်က ဖုတ်ဝင်ပြီး ညအခါမှာ လူတွေကိုလိုက်သတ်တာ. . . အဲဒါကို ဖုတ်ဝင်စားတယ်လို့ ခေါ်တယ်၊ ဒီကျောက်တောင်က ဖုတ်ဝင်စားတာ နာမည်ကြီးပေါ့"

"ဘယ်လိုနာမည်ကြီးတာလဲ"

"ညတစ်ညမှာ မုဆိုးတစ်ယောက်က တောပစ်ဖို့ ကျောက်တောင်ကြီးနားသွားတုန်းမှာ အဲဒီကျောက်တောင်ထဲက မိန်းမတစ်ယောက် ထွက်လာတယ်. . . သူက အံ့ဩလွန်းလို့ လိုက်ကြည့်လိုက်တော့ ရွာထဲဝင်သွားတာတွေ့တယ်၊ နောက်တော့ ရွာထဲက အိမ်တစ်အိမ် ဝင်သွားတာတွေ့လိုက်ရတယ်၊ နောက်နေ့မှာ အဲဒီအိမ်က မိန်းမတစ်ယောက် သေတယ်။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့မှာလည်း အဲဒီမိန်းမဟာ ညဘက်မှာ ပေါ် ထွက်လာပြီး ရွာထဲက အိမ်တွေကို တစ်အိမ်ပြီးတစ်အိမ် ဝင် တော့တာပဲ. . . သူဝင်သွားတဲ့အိမ်တွေမှာ လူတစ်ယောက်ပြီး တစ်ယောက် သေ့သေသွားတယ်. . . အဲဒီမိန်းမကို ဝိုင်းဖမ်းတာ ဘယ်လိုမှ ဖမ်းမမိဘူး''

''ဘယ်ဖမ်းမိမလဲ. . . ဖုတ်ကောင်ဖြစ်တာကိုး''

နန်းမိုးခမ်းရဲ့အမေက ဝင်ပြောလိုက်တယ်။

''အဲဒီတုန်းကဆိုရင် ဖုတ်ဝင်စားမှာစိုးလို့ အိမ်တိုင်းမှာ ကြက်သွန်ဖြူတွေ ချိတ်ဆွဲထားရတယ်''

''ဒီတော့. . . ကြက်သွန်ဖြူဆွဲတဲ့အိမ်မှာ မဝင်တော့ဘူး လား''

''ကြက်သွန်ဖြူကြောက်တယ်လို့ ပြောတာပဲ''

''နောက်တော့ ဘယ်လိုဖြစ်သွားလဲ''

''နောက်တော့ လူသေအလောင်းတွေထည့်ထားတဲ့ လိုဏ်ခေါင်းထဲဝင်ပြီး အလောင်းတွေကို မီးရှို့ဖျက်ဆီးလိုက်ကြ





တယ်. . . ဒီတော့မှ ဖုတ်ဝင်စားတဲ့ရန်က ကင်းသွားတော့တယ်''

''ဒါဆိုရင်. . . အဲဒီလိုဏ်ပေါက်ကြီး ရှိသေးလား''

''ထွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်က လျှောင် အကြီး အကျယ်လှုပ်ပြီး အဲဒီလိုဏ်ခေါင်းကြီး ပိတ်သွားတယ်''

''ဪ''

''ဒါပေမယ့် ရွာသားတွေက အဲဒီလိုဏ်ဂူဘက်ကို သိပ် မသွားကြဘူး. . . အခုတောင် တစ်ခါတစ်ခါ သရဲခြောက်တယ် ဆိုပဲ. . . အဘတို့ရွာသားတွေက ရိုးသားတယ်၊ ကြောက်တတ် တယ်. . . ဒါ့ကြောင့် သရဲခြောက်တာတို့ ဖုတ်ဝင်စားတာတို့ဆို ရင် အဲဒီအနားတောင် မသွားကြတော့ဘူး''

''ဪ. . . ကျောက်တောင်ကလည်း နာမည်ကြီးပေါ့''

''ဟုတ်ပါတယ်. . . ဒီတစ်ကြောမှာတော့ ကျောက်တောင် က နာမည်ကြီးပေါ့''

နောက်တစ်နေ့မနက်မှာတော့. . .။

ကျွန်တော့်ကို နန်းမိုးခမ်းက မိုင်းသောက်ရွာတစ်ခေါက်



www.burmeseclassic.com

www.burmeseclassic.com

လိုက်လံပြရင်း လမ်းလျှောက်ထွက်ခဲ့ကြတယ်။ မကြာမီ ကျောက်တောင်ကြီးကို လှမ်းမြင်လိုက်ရတယ်။

ဒီတော့ ညတုန်းက နန်းမိုးခမ်းရဲ့အဖေ ပြောတဲ့ ကျောက်တောင်ကြီးအကြောင်း တွေးမိတယ်။ ဒီတော့. . .။

"နန်း. . . ကျောက်တောင်ကြီးဘက်ကိုသွားရအောင်"

"အစ်ကိုကလည်း ဘယ်သူမှ အဲဒီဘက်ကိုမသွားကြဘူး"

"ဘယ်သူမှမသွားချင်နေပေါ့. . . အစ်ကို သွားကြည့် ချင်တယ်"

"အစ်ကိုရယ်. . . အဲဒီနားက မြေကြမ်းတယ်. . . မသွားပါနဲ့လား"

နန်းမိုးခမ်းက ကြောက်လန့်တကြားနဲ့ တားလိုက်တယ်။

"နန်းက ကြောက်နေလို့လား"

"ကြောက်တယ်တော့မဟုတ်ဘူး. . . ဒါပေမယ့် ဒီနယ်မြေက နာနာဘာဝတွေ ပေါတယ်ဆိုတော့ မကောင်းဆိုးဝါးတွေနဲ့ မတွေ့ချင်ဘူး"





"နန်းရယ်. . . အစ်ကိုပါတာပဲ"

"အစ်ကို သိပ်သွားချင်ရင်လဲ နန်းလိုက်ပို့ပါ့မယ်"

နန်းမိုးခမ်းက စိတ်မပါပေမယ့် ကျွန်တော် အလွန်သွားချင်တဲ့အရပ်ဖြစ်လို့ ကြောက်စိတ်နဲ့ လိုက်ပို့ခဲ့တယ်။ ဒီလိုနဲ့ မြစ်ကမ်းနံဘေးကို ရောက်လာခဲ့တယ်။

အဲဒီမှာ လှေတစ်စင်း ဆိုက်လာတယ်။

ကျွန်တော်က အမှတ်တမဲ့ လှမ်းကြည့်လိုက်တယ်။

လှေပေါ်မှာ ကုန်ထည့်ထားတဲ့အိတ်တွေ တင်ထားတယ်။

အဲဒီမှာ ခမောက်မည်းနဲ့ ခရီးသည်တစ်ဦး. . .။

ဒီတစ်ခါတော့ အမှတ်တမဲ့မဟုတ်ဘူး။

အမှတ်တရကို ကြည့်လိုက်မိတယ်။

သူမကိုမြင်လိုက်တဲ့အချိန်မှာ. . . ဘာ့ကြောင့်မှန်းမသိဘူး. . .။ နန့်မဲလန်ဈေးနေ့မှာ တွေ့ခဲ့တဲ့ ကောင်မလေးကို သတိရမိတယ်။ လှေကလေးပေါ်က ခမောက်မည်းနဲ့ ကောင်မလေးကမော့အကြည့်. . .။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ. . . နန့်မဲလန်မှာ တွေ့ရတဲ့ ကောင်မလေးပါလား"

သူမကိုတွေ့လိုက်တော့ ဘာ့ကြောင့်မှန်းမသိဘူး၊ ရင်ထဲမှာ သိမ့်ကနဲ ခံစားလိုက်ရတယ်။ တိုက်တိုက်ဆိုင်ဆိုင် သူမနဲ့ ဒီလောက်ဝေးတဲ့ နေရာမှာ ဘာ့ကြောင့်ဆုံတွေ့ရတာလဲ. . .။

သူမကလည်း ကျွန်တော့်ကိုတွေ့တော့ တော်တော်လေး အံ့သြတဲ့မျက်နှာနဲ့ စိုက်ကြည့်လိုက်တယ်။ နောက်တော့ လေ့ထဲကအထုပ်ကို နောက်ကျောပိုးလိုက်တယ်။ ပြီးတော့ လေးလံတဲ့ ခြေလှမ်းတွေနဲ့ ကုန်းပေါ်ကို တက်လာတာ တွေ့ရတယ်။

အဲဒီအချိန်မှာ နန်းက. . .။

"အစ်ကို. . . ဘာတွေကြည့်နေတာလဲ"

"သြော်. . . မြစ်ဆိပ်ကမ်းကို လှမ်းကြည့်နေတာပါ"

"အဲဒီမြစ်က နန်းတို့ နန့်မဲလန်ရွာက စီးလာတဲ့ မိုင်းနဲ့မြစ်လေ. . . ဒီကနေ မိုင်းသောက်ရွာသစ်ပေါ့. . . မိုင်းသောက်ရွာသစ်ကနေ မိုင်းသောက်ရွာဟောင်းဘက်ကို ဆက်ပြီး စီးဆင်းတယ်"

"သြော်"





ကျွန်တော်က ခမောက်မည်းနဲ့ ကောင်မလေးကိုကြည့်ပြီး ယောင်ယောင်နနနဲ့ "သြော်"လို့ တစ်ချက် ပြောလိုက်တယ်။

"အစ်ကို. . . ကျောက်တောင်က ဟိုဘက်မှာလေ"

"သြော်. . . ဟုတ်ပါရဲ့"

ဒီလိုနဲ့ လှမ်းမြင်နေရတဲ့ ကျောက်တောင်တန်းကြီးဆီကို သွားလိုက်ကြတယ်။ မကြာမီ ကျောက်တောင်တန်းကြီးဆီကို ရောက်သွားတယ်။ ကျောက်တောင်တန်းကြီးအနီးမှာ သစ်ပင်ပုကလေးတွေ ချုံနွယ်ပိတ်ပေါင်းတွေ အများကြီး ပိတ်ဖုံးနေတယ်။ ဒါ့ကြောင့် ခပ်လှမ်းလှမ်းကပဲ ကြည့်နေလိုက်တယ်။

"အစ်ကို. . . ဟောဟိုနားက ချုံပုတ်ပင်တွေ ပိတ်ဖုံးနေတာက ဟိုးအရင်က လိုဏ်ဂူပေါက်ပဲ. . . အခုတော့ ပိတ်သွားပြီ"

နန်း ပြတဲ့နေရာကို ကျွန်တော် လှမ်းကြည့်လိုက်တယ်။

ကျောက်တုံးတွေ အများကြီး ပြိုကျနေသလိုမျိုး တွေ့ရတယ်။


www.burmeseclassic.com

www.burmeseclassic.com



''အဲဒီမှာ. . . အရင်က လိုဏ်ဂူရှိတယ် ဟုတ်လား''

''အဖေတို့ငယ်ငယ်ကတော့ လိုဏ်ဂူအပေါက်ပွင့်နေတယ်တဲ့. . . အဲဒီအထဲမှာ အလောင်းတွေ ထည့်ထားတာတဲ့၊ နောက်မှ ဖုတ်ဝင်စားတာတွေဘာတွေဖြစ်ပြီး မြေမှုပ်ခဲ့ကြတာလို့ ပြောတာပဲ''

ကျွန်တော်က အတန်ကြာအောင် ရပ်ကြည့်နေမိတယ်။

ကျွန်တော့်စိတ်မှာ ရှေးဟောင်းနေရာ၊ ရှေးဟောင်းအကြောင်းအရာတွေကို လွန်စွာ သိချင်နေခဲ့တယ်။ အဲဒါက ကျွန်တော့်ရဲ့ မွေးရာပါဗီဇပေါ့ပဲ. . .။

နာမည်ကျော် ကျောက်တောင်ကြီးတစ်လျှောက် ဟိုလျှောက်. . . ဒီလျှောက် ကြည့်မိတယ်၊ ဘာမှ ထူးခြားတာ မတွေ့ရဘူး. . .။

''နန်းတို့ပြန်ကြရအောင် အစ်ကို''

နန်းက သတိပေးမှ ကျွန်တော့်ရဲ့အသိစိတ်ကလေး ပြန်ဝင်လာခဲ့တယ်။





''ကောင်းပြီလေ. . . ပြန်ကြတာပေါ့''

သူမနဲ့အတူ မိုင်းသောက်ရွာကလေးဆီကို ပြန်လာခဲ့ တယ်။

မိုင်းသောက်ရောက်တော့ အဘဦးသိန်းအောင်ဟာ နန်းတို့အဖေ အမေနဲ့ စကားလက်ဆုံကြနေတာ တွေ့ရတယ်။

ပြီးတော့ နံနက်စာ ထမင်းစားခဲ့ကြတယ်။

ညနေမှာ အဘဦးသိန်းအောင်နဲ့အတူ နန်းရယ် ကျွန်တော်ရယ် နန့်မဲလန်ရွာကို ပြန်လာခဲ့တယ်။

အဲဒီညနေက အဘဦးသိန်းအောင်ဟာ ကျွန်တော့်ဆီကို ရောက်လာခဲ့တယ်။

''ဆရာ. . . မိုင်းသောက်ရောက်တုန်းက ဖုတ်ဝင်စားတယ်ဆိုတဲ့ ကျောက်တောင်ဘ.ာ်ကို ရောက်ခဲ့သေးလား''

''ဟုတ်ကဲ့. . . ရောက်ခဲ့ပါတယ်''

''ဘာထူးခြားမှုတွေ့သလဲ''

''ဘာမှထူးခြားမှု မတွေ့ပါဘူး. . . ကျောက်တုံးတွေ ပြိုကျပြီး ဂူပေါက်ပိတ်နေတာတွေ့တယ်. . . ဘာဖြစ်လို့လဲ အဘ



www.burmeseclassic.com

www.burmeseclassic.com



"အဘစိတ်ထဲမှာ တစ်ခုခု ထူးခြားနေသလိုပဲ"

"ဩော်...ဒါနဲ့...နန့်မဲလန်ဈေးနေ့တုန်းက အဘနဲ့ တွေ့ခဲ့တဲ့ ခမောက်မည်းနဲ့ ကောင်မလေးကို လှေဆိပ်မှာ တွေ့လိုက်ရတယ်"

"ဩော်...သိပြီ...သိပြီ...စုန်းမလို့ အခေါ်ခံရတဲ့ မိန်းကလေး မဟုတ်လား"

"ဟုတ်ပါတယ်"

"အိမ်း...ဒါဆို...အဘ စဉ်းစားစရာ တစ်ခုတိုးလာပြီ"

"အဲဒါ...ဘာလဲ အဘ"

"အဘကို မိုင်းသောက်က ကျောက်တောင်ဘက်ကို လိုက်ပို့ပေးစမ်းပါ ဆရာ"

"မနက်ဖြန်ညနေမှာ လိုက်ပို့ပေးမယ်လေ"

"ကောင်းပါပြီ"



## အခန်း(၈)

## "လိုဏ်ဂူထဲကဖြစ်ရပ်ဆန်း"

ညနေကျောင်းအဆောင်းမှာ လှည်းကြုံနဲ့ မိုင်းသောက်ရွာသစ်ကို လာခဲ့တယ်။

ရွာကိုအရောက်မှာ နန်းနဲ့ဘတူတူသွားခဲ့တဲ့ ကျောက်တောင်ဘက်ကို သွားခဲ့ကြတယ်။

"အဲဒါ...ကျောက်တောင်ရဲ့ လိုဏ်ဂူပဲ"

ကျွန်တော့်ကို နန်းမိုးခမ်း ပြသလို အဘကိုပြလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

အဘက အတော်အနီး ရောက်အောင်သွားကြည့်ပြီး. . .။

''ဟုတ်ပါရဲ့. . . ကျောက်တုံးတွေပြိုကျပြီး ဂူပေါက်ပိတ်သွားပြီ. . . ဒီလိုဏ်ဂူကို အသုံးပြုလို့မရတော့ဘူး''

''အဘ. . . ဘာကိုအသုံးပြုလို့မရတာလဲ''

''အဘစိတ်ထဲမှာ သက်ာမကင်းတာရှိနေလို့ပါ. . . နောက်တော့ ပြောပြမယ်''

အဘဦးသိန်းအောင်ဟာ ကျောက်တောင်ကြီးအနီးမှာ သည်မှဟိုဟို လျှောက်ကြည့်ခဲ့တယ်။

အတန်ကြာအောင် လိုက်ကြည့်ပြီးမှ. . .။

''ဆရာ. . . အဘတို့ပြန်ရအောင်''လို့ ပြောလိုက်တယ်။

''အဘပြန်ရင် ပြန်ကြမယ်လေ''

သည်လိုပြောပြီး ကျောက်တောင်အနီးက ပြန်ခဲ့တယ်။ မိုင်းသောက်ရွာသစ်ကိုရောက်မှ နွားလှည်းစီးပြီး ပြန်လာခဲ့တယ်။

အဘနဲ့ကျွန်တော်ဟာ လှည်းစီးရင်း စကားတပြောပြောနဲ့. . .။





''အဘ. . . မိုင်းသောက်ရွာကို လှည်းစီးပြီးလာရင်လည်း ရတယ်. . . လှေစီးပြီးလာရင်လည်းရတယ်''

''ဆရာက နောက်ဆို မိုင်းသောက်ရွာသား ဖြစ်မှာဆိုတော့. . . အဘက ရေလမ်းတစ်လှည့် ကုန်းလမ်းတစ်လှည့် လာရမှာပေါ့''

''အဘရေ. . . မိုင်းသောက်ရွာသားဖြစ်ဖို့ အနည်းဆုံး တစ်နှစ်ကျော်လောက် ကြာဦးမယ်''

''အေး. . . ဒါလည်းဟုတ်တာပဲ''

ကျွန်တော်တို့ စီးနင်းလိုက်ပါလာတဲ့ လှည်းကလေးဟာ မိုင်းသောက်ရွာထိပ်ကို ကျော်လွန်လာခဲ့ပါပြီ. . .။

မိုင်းသောက်ရွာနှင့် နန့်မဲလာန်ရွာအသို့ ကွေ့ကောက်တည်နေတဲ့ ကျောက်တောင်ကြီးကို အဝေးမှ လှမ်းမြင်နေရတယ်။ ညနေစောင်းဖြစ်လို့ ကျောက်တောင်ကြီးဟာ ပြုတဲ့နေရာကပြု ပြီး ပြာတဲ့နေရာက ပြာနေတယ်။

ကျောက်တောင်ကြီး နောက်ခံနဲ့ ညနေ နေဝင်ရီတရော



www.burmeseclassic.com

www.burmeseclassic.com



အချိန်ဟာ အလွန်လှပတဲ့ ပန်းချီကားတစ်ချပ်လိုပါပဲ...။

အဘက အဲဒီရှုခင်းကို ငေးမောကြည့်ရင်း...။

ကျောက်တောင်ကြီးထဲကို နေဝင်တော့မယ်ကိုကြည့်ရင် အဘ တစ်ခု စဉ်းစားမိတယ်။

''ဘာတွေစဉ်းစားမိတာလဲ အဘ''

''သြော်...ကျောက်တောင်ကြီးတွေထဲမှာ အများအားဖြင့် လိုဏ်ဂူတွေ ရှိနေတတ်တယ်...အဲဒီလိုဏ်ဂူတွေက အရှည်ကြီးပဲ...အဘ ကြားဖူးတာကတော့ ရှမ်းပြည်နယ်က ရွှေဉမင်လိုဏ်ဂူကြီးဟာ ဟိုးအရင်တုန်းက ပုဂံပြည်ကြီးအထိ ခရီးပေါက်တယ်ဆိုပဲ''

''ဟုတ်တယ် အဘ...အဲဒါကို ကျွန်တော်လည်း ကြားဖူးတယ်...ဒါတင်ဘယ်ကမလဲ...ကျိုက်ထီးရိုးက ကျိုးကန်းပါးစပ်ဂူဟာလည်း မုပ္ပလင်ဘက်အထိ လမ်းပေါက်တယ်လို့ ကြားဖူးတယ်''

''ဟုတ်တယ်...ရှမ်းပြည်နယ်၊ မွန်ပြည်နယ်က လိုဏ်





ဂူတွေဟာ တော်တော်ရှည်လျားပြီး ဖြတ်လမ်းသဘောမျိုး ဖြစ်နေတာ တွေ့ရတယ်...အဲဒီအကြောင်းတွေ စဉ်းစားရင်း အဘရဲ့စိတ်ထဲမှာ ဒီကျောက်တောင်ကြီးက လိုဏ်ဂူကလည်း နန္ဒမဲလန်ရွာအထိ ရောက်နေသလားလို့''

''အဘက ဘာ့ကြောင့် ဒီလိုတွေးတာလဲ''

''အဘ သချိုင်းမှာ တရားထိုင်နေတုန်းက အဲဒီကျောက်တောင်ဘက်က ဝတ်ရုံဖြူတစ္ဆေမ ပေါ်ပေါ်လာတာ တွေ့ရတယ်၊ အဲဒါ တစ္ဆေအစစ်လား...ဒါမှမဟုတ်ရင် ကျောက်လိုဏ်ဂူထဲ မှာ ပုန်းအောင်းနေတဲ့သူလားလို့ တွေးမိလို့ပါ''

''အဘပြောတာ...စဉ်းစားစရာဖြစ်နေပြီ''

ဒီလိုပြောဆိုနေစဉ် လှည်းလမ်းရှေ့မှာ အမျိုးသားသုံးယောက်ကို တွေ့လိုက်ရတယ်။ သူတို့လက်ထဲမှာလဲ ၄က်ကြီးတောင်ဓားတွေနဲ့...။

''လှည်းခဏရပ်ပါဦး''

လို့ လှမ်းအော်လိုက်တော့ လှည်းဆရာ ...။



www.burmeseclassic.com

www.burmeseclassic.com



"လမ်းကြုံလိုက်မလို့လား"

လို့ ပြန်ပြောလိုက်တယ်။

အဲဒီလူတစ်သိုက်က လှည်းနားကပ်လာပြီး. . .။

"ဆရာကျောင်း. . . ကျွန်တော်တို့က နန်းမိုးခမ်းရဲ့ ဆွေမျိုးတွေပါ"

"ဩော်. . . ဟုတ်လား. . . ကျွန်တော် မသိလို့ပါ"

ကျွန်တော်က သည်လိုပြန်ပြောလိုက်တယ်။

"နန်းမိုးခမ်းရဲ့အမျိုးတွေက ဆရာ့ကို မပြန်ပါနဲ့ဦးလို့ အခေါ်ခိုင်းလို့ပါ"

"ဩော်. . . ဟုတ်လား"

"ဆရာကျောင်း. . . လှည်းပြန်လွှတ်လိုက်ပါ၊ ပြီးတော့ ကျွန်တော်တို့ ပြန်ပို့မှာပေါ့"

"ကောင်းပြီလေ"

ကျွန်တော်နဲ့အဘက လှည်းပေါ်က ဆင်းလိုက်တယ်။

"ကျွန်တော်တို့က နန်းမိုးခမ်းရဲ့အမျိုးတွေပါ. . . ဆရာ





ကျောင်းတို့ စေ့စပ်ပွဲနေ့က တခြားရွာကိုရောက်နေလို့ မလာရဘူး. . . အဲဒါ တောင်းပန်ပါတယ်"

"ဩော်. . . ဒါလား. . . ရပါတယ်. . . ဒါက အကျဉ်းပါပဲ. . . ကျွန်တော် ရန်ကုန်ကပြန်လာမှ မင်္ဂလာဆောင်မယ်၊ အဲဒီတော့ ခင်ဗျားတို့လာခဲ့ပေါ့"

"ဟုတ်ကဲ့ပါ. . . ဒါနဲ့. . . ဆရာကျောင်းတို့က မိုင်းသောက်ရွာလာတာတောင် နန်းတို့ရဲ့မိဘအိမ်ကို မဝင်တာ ဘာဖြစ်လို့လဲ"

"ဩော်. . . ဒါလား. . . အချိန်မရလို့ပါ"

"ကျောက်တောင်ဘက်ကိုသွားကြည့်တာ တွေ့လိုက်တယ်. . . အဲဒါ ဘာအကြောင်းရှိလို့ပါလဲ"

"ဩော်. . . ဒါက ဒီလိုပါ. . . ကျောက်တောင်ကြီးထဲ မှာ လိုဏ်ဂူရှိတယ်ပြောလို့ လာကြည့်တာပါ"

"လိုဏ်ဂူရှိတာ တွေ့ခဲ့လား"

"တွေ့တော့မတွေ့ပါဘူး. . . ဒါနဲ့. . . ညီလေးတို့က ...



www.burmeseclassic.com

www.burmeseclassic.com

တွေ့နဲ့ပါလား''

''ဟုတ်ပါတယ်...ဒီနယ်မြေက သိပ်မအေးချမ်းဘူး''

ကျွန်တော်က သူတို့နဲ့စကားပြောရတာ တစ်ခုခုတော့ မှားယွင်းနေမှန်း သိလိုက်တယ်။ ကျွန်တော်တို့သွားနေတဲ့ဘက်ကလည်း မိုင်းသောက်ရွာဘက်ကိုမဟုတ်ဘူး။ ကျောက်တောင်ရဲ့ အလယ်ကျောရိုးဘက်ကို ဦးတည်နေတယ်။

အခြေအနေအရပ်ရပ်ကို ကျွန်တော် ရိပ်စားမိလိုက် တယ်။

''နေပါဦး...ခင်ဗျားတို့က ကျုပ်တို့ကို ဘယ်ခေါ်သွားမလို့လဲ''

''ဆရာကျောင်း...စကားမပြောပဲ ငြိမ်ငြိမ်လေးလိုက်ခဲ့ပါ''

''မင်းတို့က ဘာလုပ်မလို့လဲ''

ကျွန်တော် ခပ်ဟောက်ဟောက် မေးလိုက်တယ်။

''ဆရာကျောင်း...အသက်မသေချင်ရင် ကျွန်တော်တို့ ခေါ်ရာကို လိုက်ခဲ့ပါ''

အားလုံးက ဓားကိုယ်စီကိုင်ပြီး ဘေးနဲ့နောက်က ခြံရံ





ပြီး လိုက်လာတဲ့ လူဆိုးတွေကို အဘနဲ့ကျွန်တော်ဟာ မခုခံနိုင်ဘူး...။

ဒါကြောင့်...။

''မင်းတို့နဲ့ငါက...ဘာအကြောင်းရှိလို့လဲ''

''ဆရာကျောင်းတို့က ကျောက်တောင်ကြီးထဲက လိုဏ်ဂူကြီးအကြောင်းကို သိချင်လို့ စုံစမ်းနေတာ မဟုတ်လား...ဒီကျောက်တောင်ကြီးက ကျွန်တော်တို့နဲ့ သက်ဆိုင်နေတော့ ဂူနန်းရှင်သခင်မက ခေါ်ခိုင်းလိုက်လို့ပါ''

''မင်းတို့ပြောတဲ့ ဂူနန်းရှင်သခင်မဆိုတာလည်း ငါ မသိဘူး၊ မင်းတို့ရဲ့ ကျောက်လိုဏ်ဂူအကြောင်းလည်း ငါ စိတ် မဝင်စားဘူး''

''ဆရာကျောင်း စိတ်အေးအေးထားပါ...ရှေ့မှာ ရောက်ပါတော့မယ်''

တဖြည်းဖြည်းနဲ့ မှောင်ရိပ်သမ်းနေလာပြီဖြစ်လို့ လူသွားလူလာနည်းပြီး တိတ်ဆိတ်နေတယ်။ ကျွန်တော်နဲ့အဘလည်း ဖြစ်ချင်တာဖြစ်ဆိုပြီး သဘောထားကာ လူဆိုးတွေခေါ်



www.burmeseclassic.com

www.burmeseclassic.com



ရာ လိုက်ပါသွားခဲ့ရတယ်။ ခုခံဖို့ ကြိုးစားပေမယ့် သန်မာတဲ့ လူဆိုးသုံးယောက်က ဓားကိုယ်စီနဲ့. . .။ အဘကလည်း အသက ကြီးနေပြီ။ အဘကို ထိခိုက်မှာစိုးတယ်. . .။

ကျွန်တော်တို့အုပ်စုဟာ ကျောက်တောင်ရဲ့အလယ်ပိုင်း မှာရှိတဲ့ နေရာကို ရောက်သွားခဲ့တယ်။ အနီးမှာရှိတဲ့ ကျောက် တုံးနဲ့ ကျောက်တောင်ရဲ့နံရံကို. . .။

"ဒုန်း"

"ဒုန်း"

"ဒုန်း"

ဆိုပြီး သုံးချက်ထုပြီး အချက်ပေးလိုက်တယ်ဆိုရင်ဘဲ အဲဒီနားက ကျောက်တုံးကြီးကို တဖြည်းဖြည်း ရွှေ့သွားပြီး လူတစ်ကိုယ်စာဝင်လောက်တဲ့ အပေါက်တစ်ပေါက် ဖြစ်သွား တယ်။

"ဆရာကျောင်းနဲ့အဘ. . . ဝင်ပါ"

ကျွန်တော်က အပေါက်ဝမှာရပ်နေတဲ့အတွက် လူဆိုး တစ်ယောက်က အမိန့်ပေးလိုက်တယ်။





အတွင်းက တော်တော်မှောင်နေတယ်။

ဒါပေမယ့် အထဲကိုဝင်ရမယ့်ကိစ္စ အပေါက်ဝမှာရပ်နေ လို့ရော ဘာထူးမှာလဲဆိုတဲ့ အတွေးနဲ့ ဂူပေါက်ထဲကို ဝင်လိုက် တယ်။

ပထမတော့ ဂူထဲက မှောင်လွန်းလို့ ဘာမှမတွေ့ရဘူး။

ရှေ့ကသွားတဲ့လူဆိုးနောက်က ခြေလှမ်းမှန်မှန်နဲ့ ဝင် လိုက်တယ်။

ဂူအဝင်လမ်းက ခပ်ကျဉ်းကျဉ်းပဲ. . .။

တစ်နေရာမှာ မီးတိုင်ထွန်းထားလို့ အတော်အတန် မြင် ရပါတယ်။ ဂူအဝင်လမ်းက တော်တော်ကလေး သွားမိတယ်ဆို ရင်ပဲ မီးတိုင်တွေအများကြီး ထွန်းညှိထားတဲ့ အခန်းကျယ်တဲ့ ဂူကြီးထဲကို ရောက်သွားတော့တာပဲ. . .။

ဂူအခန်းကျယ်ကြီးထဲမှာ မိန်းမအယောက်နှစ်ဆယ်ခန့် တွေ့လိုက်ရတယ်. . .။

စင်မြင့်လိုနေရာမှာတော့ အမျိုးသမီးတစ်ယောက် ထိုင်



www.burmeseclassic.com

www.burmeseclassic.com



နေတယ်။ သူမဟာ အဝါနုရောင်ပိုးသား ရှမ်းအင်္ကျီကိုဝတ်ဆင်ထားပြီး ရှမ်းခေါင်းပေါင်းပေါင်းထားတယ်. . .။

"သခင်မ. . . အခေါ်လွှတ်လိုက်တဲ့ ဆရာကျောင်းရောက်လာပါပြီ"

"ကောင်းလှပြီ"

ကျွန်တော်ဟာ သခင်မဆိုတဲ့ အမျိုးသမီးကို လှမ်းကြည့်မိတယ်။ အသားဖြူဖြူနဲ့ တော်တော်ချောတဲ့ အမျိုးသမီးပဲ. . .။

သူမရဲ့မျက်နှာကို တော်တော်မြင်ဖူးသလိုလိုပဲ. . .။ ဘယ်မှာမြင်ဖူးပါလိမ့်ဆိုတဲ့အတွေးနဲ့ သူမကိုစိုက်ကြည့်နေမိတယ်. . .။

ဒီတော့ သူမက သူ့လူတွေကိုခုံနှစ်ခုယူခိုင်းပြီး. . .။

"အဘနဲ့ဆရာကျောင်း. . . ထိုင်ပါ"

လို့ ပြောလိုက်တယ်။

ပြီးတော့. . .

"အဘနဲ့ဆရာကျောင်း ကျွန်မကိုမှတ်မိလား"





လို့မေးလိုက်တယ်။ ကျွန်တော်က. . .

"ခင်ဗျားနဲ့ကျွန်တော်တို့ ဘယ်တုန်းကတွေ့ဖူးလို့ မှတ်မိရမှာလဲ" လို့ ပြန်ပြောလိုက်တယ်. . .။ ဒီတော့သူမက အခန်းထဲက ခမောက်ကြီးကိုယူလာပြီး. . .။

"နန့်မဲလန်ဈေးနေ့မှာ တွေ့ခဲ့တဲ့ ခမောက်မည်းနဲ့ မိန်းကလေးပါ၊ ဒါဆို ကျွန်မကိုမှတ်မိပြီလား"

"ဩော်. . . နန့်မဲလန်ဈေးနေ့မှာ တွေ့ခဲ့ဖူးတဲ့သူကို။ ကျွန်တော်မှတ်မိပါပြီ. . . ဒါနဲ့ ကျွန်တော်နဲ့ဘာဆိုင်လို့ အခုလိုဖမ်းလာတာလဲ"

"ကျွန်မ ဆရာကျောင်းကို ပြောစရာနှစ်ခုရှိလို့ပါ"

"ပြောစရာနှစ်ခု ဟုတ်လား"

"ဟုတ်ပါတယ်. . . တကယ်တော့ ဟောဟိုကအဘကို ကျွန်မအပြတ်ရှင်းမလို့ပါပဲ"

"ဘာဖြစ်လို့လဲ"

"ကျွန်မကိုယ်တိုင် အဲဒီအကြောင်းတွေကို ပြောပြချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ရှင်တို့ကိုတွေ့ပြီးခေါ်ဖို့ ကျွန်မအမျိုးမျိုး ကြိုးစားခဲ့ပါတယ်. . .။ ဒါပေမယ့် မအောင်မြင်ခဲ့ဘူး။ ဒါပေမယ့် ဒီနေ့တော့ တိုက်တိုက်ဆိုင်ဆိုင် ရှင်တို့နှစ်ယောက် ကျောက်တောင်ဘက်ကိုလာတာ တွေ့တာနဲ့ ကျွန်မလူတွေလွှတ်ပြီး အခေါ်ခိုင်းလိုက်တာပဲ''

''ဪ''

''ဟိုတစ်နေ့ကလည်း ဆရာကျောင်းနဲ့ နန်းမိုခမ်းတို့နှစ်ယောက် ကျောက်တောင်ဘက်လာတာ တွေ့လိုက်တယ်''

''ကျွန်တော်လည်း ခင်ဗျားလှေပေးက ဆင်းလာတာ တွေ့လိုက်တယ်''

''ဒါဆိုရင် ရှင် ကျွန်မကို မှတ်မိသားပဲ''

''ခင်ဗျားကို ကျွန်တော်က ဈေးနေ့မှာကတည်းက သတိထားမိတာ''

''ဪ''

သူမရဲ့အသံက ဆွေးမြေ့ဝမ်းနည်းသွားသလို မျက်နှာကလည်း ညှိုးယော်သွားခဲ့တယ်. . .။





''ကျွန်မ ဒီအကြောင်းတွေကို ဘယ်သူ့ကိုမှ ရှင်းမပြခဲ့ဘူး။ ရှင်းပြတာရှည်ပါတယ်. . . အားလုံးကို တနည်းနည်းနဲ့ နုတ်ပိတ်လိုက်တာပဲ။ တကယ်တော့ ရှင်တို့နှစ်ယောက်စလုံးကို သတ်ဖို့ပါပဲ''

''ကျွန်တော်တို့က ဘာလုပ်လို့သတ်ရမှာလဲ''

''အဲဒီအကြောင်းတွေကို ကျွန်မရှင်းပြမယ်။ ဒါပေမယ့် အဲဒီအကြောင်းတွေကို ဘယ်သူ့မှမပြောပါဘူးဆိုတာ သစ္စာရေသောက်ရမယ်. . . ဒါဆိုရင် ရှင်တို့ကို အသက်အန္တရာယ်က လွတ်ငြိမ်းခွင့်ပေးမယ်''

''အသက်အန္တရာယ်ပေးတာ၊ မပေးတာ ခင်ဗျားရဲ့အပိုင်းပါပဲ၊ ဒါပေမယ့် လူတစ်ယောက်ရဲ့ လျှို့ဝှက်ချက်ကို ထိန်းသိမ်းပေးပါလို့တောင်းခံရင် ကျွန်တော်က ယောကျ်ားကောင်းတစ်ယောက်ပါ. . . ထိန်းသိမ်းပေးသင့်တဲ့ကိစ္စဆိုရင် ထိန်းသိမ်းပေးရမှာပဲ''

''ရှင်ဟာ ကျွန်မယောကျ်ားစပ်ဆေးနော်လိုပဲ ယောကျ်ား



www.burmeseclassic.com

www.burmeseclassic.com



ကောင်းတစ်ယောက်ဆိုတဲ့ စကားပြောတာချင်းလဲ တူပါပေတယ်"

"ခင်ဗျား ဘာပြောတာလဲ၊ ကျွန်တော်နားမလည်ဘူး"

"ရှင်နားလည်လာအောင် ကျွန်မရှင်းပြပါ့မယ်။ ဒါပေ မယ့် သစ္စာရေကို သောက်လိုက်ပါဦး"

သည်တွင် အမျိုးသမီးတစ်ဦးက ငွေဖလားတွင် ရေအပြည့် ထည့်ပြီး ယူလာပေးသည်။ ပြီးတော့. . .။

"ကျွန်မ. . . သခင်မ နန်းကြာမှုန်က သစ္စာရေကို တိုက်ကျွေးပါမယ်။ လိုက်ဆိုပါ. . .။

ယခု ကျွန်မရှေ့တွင် ရောက်ရှိနေသော ဆရာကျောင်း နှင့်အဘသည် ကျွန်မပြောပြသည့် လျှို့ဝှက်ချက်များကို မည်သူ့ မျှမပြောပါဟု ဤရေဖြင့် သစ္စာကျိန်ဆိုပါသည်။ အကယ်၍ သစ္စာဖောက်ခဲ့သည်ရှိသော် ကုန်းလမ်းသွားကုန်းဘေးသင့်ပါစေ၊ ရေလမ်းသွား ရေဘေးသင့်ပြီး အသေဆိုးနဲ့ သေပါစေ"

နန်းကြာမှုန်တိုင်ပေးသည့်အတိုင်း ကျွန်တော်တို့နှစ်ဦး သား လိုက်ဆိုပြီးနောက် သစ္စာရေကို သောက်လိုက်ကြပါတယ်။





မကြာမီ အမျိုးသမီးတစ်ဦးက အခန်းထဲမှ ဓာတ်ပုံတစ်ပုံ ယူလာပါတယ်. . .။

"ကဲ. . . ဆရာကျောင်း၊ ကြည့်လိုက်စမ်းပါ"

နန်းကြာမှုန်က ကမ်းလင့်လိုက်တဲ့ဓာတ်ပုံကို လှမ်းယူပြီး ကြည့်လိုက်တယ်. . . ဓာတ်ပုံကတော့ ရှမ်းအမျိုးသားတစ်ယောက် ရှမ်းအင်္ကျီ၊ ရှမ်းခေါင်းပေါင်းနဲ့ ကိုယ်တစ်ပိုင်းပုံပါ. . .။

"ဆရာကျောင်း. . . ဒီဓာတ်ပုံကိုကြည့်ပြီး ဘာထူးခြားမှု တွေ့သလဲ"

ကျွန်တော်ဟာ ဒီဓာတ်ပုံကို သေသေချာချာကြည့်လိုက် တော့. . .။

ကျွန်တော်နဲ့ ချွတ်စွပ်တူနေတာကို တွေ့ရတယ်။ ဒါပေ မယ့်သူဟာ ကျွန်တော့်ထက် ..ျက်ခုံးပိုထူပြီး မျက်မှောင်ကျုံ့ထား သလိုပဲ. . .။

"ကျွန်တော်နဲ့ တော်တော်တူတယ်"

ကျွန်တော်က တအံ့တဩပြောလိုက်တယ်။

"ဟုတ်ပါတယ်၊ ဓာတ်ပုံရှင်းဟာ ရှင်နဲ့သိပ်တူတဲ့ [illegible]



www.burmeseclassic.com

www.burmeseclassic.com



မောင်တော် စော်ဘွားအနွယ်တော် စပ်ဆေးနော်ပဲ''

''ဪ''

''ဒါပေမယ့် စော်ဘွားအနွယ်တော် စပ်ဆေးနော်ဟာ ကောက်ကျစ်တဲ့လူတစ်စုရဲ့လက်ချက်နဲ့ ကွယ်လွန်ခဲ့ပါပြီ''

''ဖြစ်မှဖြစ်ရလေ''

အဘကလည်း ကျွန်တော့်ကိုတစ်လှည့်၊ ဓာတ်ပုံကို တစ်လှည့် ကြည့်ရင်း အံ့သြနေတယ်. . .။

''ဪ. . .လောကကြီးမှာ လူတူမရှား၊ နာမည်တူမရှား ဆိုတာ သိပ်မှန်တာပဲ၊ ဆရာနဲ့တော်တော်တူတယ်''

အဘက ဒီလိုပြောလိုက်တယ်. . .။

နောက်တော့ အဘဘက်ကို လက်ညှိုးထိုးပြီး ထိုမိန်းက လေးက. . .။

''အဘဟာ ကျွန်မလျှောက်တဲ့လမ်းမှာ အနှောင့်အယှက် ဖြစ်လို့ အဘကိုရှင်းပစ်ဖို့ စိတ်ကူးမိတယ်''

''နေစမ်းပါဦး. . အဘက သမီးကို ဘာနှောင့်ယှက်လို့လဲ''





''အဘက သချိုင်းမှာ စိပ်ပုတီးစိပ်နေတယ်. . .ကျွန်မ က အဲဒီနားက ကျောက်တောင်ကထွက်ပြီး လူသွားသတ်ရတာ ဆိုတော့ အဘကိုရှောင်နေရတာနဲ့ အနှောင့်အယှက်ဖြစ်တယ်၊ ဒါ့ကြောင့် အဘကိုသတ်ဖို့ စဉ်းစားခဲ့တယ်''

''ဒါဆိုရင်. . .ဝတ်ရုံဖြူတစ္ဆေမဟာ မင်းပဲပေါ့''

''ဟုတ်ပါတယ်''

''ဪ. . .ဒါကြောင့်မို့ထင်ပါရဲ့. . .နန့်မဲလန်ဈေး နေ့မှာတွေ့တုန်းက မင်း ရုတ်တရက် ပျောက်သွားတာကိုး''

''ဟုတ်ပါတယ်. . .အဲဒီညက လရောင်ကထိန်လင်း နေတော့ ကျွန်မကို အဘ မှတ်မိမှာစိုးလို့ပါ''

''အင်း. . .မျက်နှာကတော့ သိပ်မမြင်ရလို့ သိပ်မမှတ် မိပေမယ့် ဈေးနေ့မှာတွေ့တုန်းက မင်းရဲ့ပုံသဏ္ဌာန်ကို မြင်ဖူး နေတယ်လို့မှတ်တာ''

''ကျွန်မတို့အလုပ်က လျှို့ဝှက်စွာ လုပ်ရတဲ့အလုပ်ဆို တော့ မှတ်မိမယ်ထင်တဲ့သူကိုလည်း အပြတ်ရှင်းရမှာပဲ''



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို...အဲဒီဈေးနေ့က ဘာဖြစ်လို့ နန်းမဲလန်ရွာကို လာရတာလဲ"

"ကျွန်မအလုပ်က ပိပိရိရိလုပ်ရတယ်...ပြီးရင် လက်စခြေစ ပေါ်မပေါ်ဆိုတာ ပြန်ပြီးသတင်းယူရတယ်...အဲဒီနေ့ကတောင် မိုင်းသောက်ကပြောင်းသွားတဲ့မိန်းမက ကျွန်မကို စုန်းမလို့ စွပ်စွဲခဲ့သေးတယ်...နောက်တစ်နေ့မှာ အဲဒီမိန်းမကို လည်း အပြတ်ရှင်းလိုက်ပြီ"

"ဘာဖြစ်လို့...လူတွေကို လိုက်သတ်နေရတာလဲ"

"သူတို့ဟာ...ကျွန်မတို့နဲ့ ရန်ငြိုးရန်စရှိတဲ့သူတွေပဲ"

"ဘယ်လိုရန်ငြိုးရန်စရှိတဲ့သူတွေလဲ"

"ပြောရရင်...ကျွန်မတို့ကို သစ္စာဖောက်သွားတဲ့လူတွေရယ်...ရန်သူ့ဘက်ကလူတွေရယ်...သူတို့ကို အပြတ် ရှင်းဖို့ ဆုံးဖြတ်ထားတယ်"

❁ ❁ ❁



အခန်း(၉)

"အနွယ်တော်များနှင့် တွေ့ဆုံခြင်း"

ကျွန်မတို့အနွယ်တော်ထဲမှာ ကျွန်မရဲ့ခင်ပွန်းက စပ်ဆေးနော်ပါ...။ ကျွန်မတို့အုပ်စုနဲ့ ရန်ဘက်ကတော့ စပ်အုန်းခိုင်တို့အဖွဲ့ပေါ့...။

သူတို့က ကျွန်မတို့လူတွေကို လက်သည်မပေါ်အောင် သတ်ခဲ့တယ်။ ကျွန်မတို့ဘက်က ပြန်သတ်တော့ အဖမ်းခံရထောင်ကျဖြစ်ခဲ့တယ်။

တစ်နေ့မှာ ကိစ္စတစ်ခုနဲ့ တောဘက်ကိုခရီးသွားရင်း...။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မရဲ့ခင်ပွန်းကို ခြောင်းမြောင်းပစ်သတ်ခဲ့ကြတယ်။ ကျွန်မဟာ ‘ခင်ပွန်းသည် ဆုံးရှုံးသွားတဲ့အတွက် အလွန်ပဲ ဝမ်းနည်းကြေကွဲခဲ့တယ်။

“သူတို့အားလုံးကိုသတ်မယ်”လို့ ကြိမ်းဝါးခဲ့တယ်။

ဒါပေမယ့် ကျွန်မတို့အုပ်စုက အရင်ကလို မသတ်တော့ပဲ လျှို့ဝှက်နည်းနဲ့သတ်ဖို့ ကြံစည်ခဲ့တယ်”

“မိန်းမတွေကို ကျွန်မသတ်မယ်...ဒါပေမယ့် ထင်ထင်ပေါ်ပေါ်သတ်လို့တော့ မဖြစ်ဘူး”

“ဒါဆို...ဘယ်လိုလုပ်ရင်ကောင်းမလဲ”

အဲဒီလိုစဉ်းစားတဲ့အခါမှာ ကျောက်တောင်ကြီးထဲက လိုဏ်ဂူအကြောင်းကို စဉ်းစားမိခဲ့ကြတယ်။

“အင်း...ဒီကျောက်တောင်ကြီးထဲက လိုဏ်ဂူဟာ ဟိုးအရင်တုန်းက ဖုတ်ဝင်စားတယ်လို့ နာမည်ကြီးတယ်...အဲဒါကို အကြောင်းပြပြီး တို့ကလည်း ဒီကျောက်တောင်ထဲက လိုဏ်ဂူကနေ ရွာတွေဆီထွက်ပြီး ဖုတ်ဝင်စားဟန်ဆောင်ပြီး သတ်ကြ





ရင် မကောင်းဘူးလား”

“အခု...ကျောက်တောင်ကြီးက ဝင်ပေါက်ပိတ်နေ တော့ ဘယ်လိုလုပ်မလဲ”

ကျောက်တောင်ထဲက လိုဏ်ဂူထဲသို့ဝင်ရန် ကျွန်မတို့ စဉ်းစားခဲ့ကြတယ်။ အဲဒီမှာ ကျွန်မတို့အဖွဲ့ရဲ့ အသက်အကြီးဆုံး အဘက...။

“လိုဏ်ဂူတွေရဲ့သဘောတရားက တစ်နေရာရာမှာ အပေါက်တွေ ရှိတတ်တယ်...ဒီတော့ ကျောက်တောင်ထဲဝင်ဖို့ အပေါက်လိုက်ရှာကြတာပေါ့”

အဘစကားကြောင့် ကျွန်တို့အဖွဲ့ဟာ ကျောက်တောင်ကြောတစ်လျှောက်မှာ အပေါက်နေရာရှာကြတယ်။ အဲဒီလိုရှာ ရင်း အခု ဆရာတို့ဝင်လာတဲ့နေရာမှာ အက်ကြောင်းတစ်ခုတွေ့ တယ်။

“သခင်မ...အက်ကြောင်းတွေ့တယ်”

“ဒါဆိုရင်...အက်ကြောင်းရှိတဲ့နားက ကျောက်တုံးတွေ လုပ်ကြည့်ကော်ကြည့်ရင် ကောင်းမယ်”


www.burmeseclassic.com

www.burmeseclassic.com



ကျွန်မတို့အုပ်စုဟာ နည်းမျိုးစုံနဲ့ကြံဆောင်ပြီး ကျောက်တုံးကြီးကို ကော်ကြည့်လိုက်ကြတယ်။

"ဟာ. . . အပေါက်ကြီးဖြစ်သွားပြီ"

ကျောက်တုံးကြီးဟာ အက်ကွဲကြောင်းအတိုင်း အလွယ်တကူ ကွဲထွက်သွားပြီး ဂူပေါက်ဖြစ်သွားခဲ့တယ်။

"ကဲ. . . လိုဏ်ပေါက်တွေ့ပြီ. . . ဝင်ကြည့်ကြမယ်"

ကျွန်မတို့ဟာ ခါးလည်ကဖြတ်ပြီး လိုဏ်ဂူထဲ ဝင်လိုက်ကြတယ်။ အဲဒီလိုဏ်ခေါင်းအတိုင်း သွားလိုက်တာ နန့်မဲလန်ရွာရဲ့ သင်္ချိုင်းနားမှာ လိုဏ်ဂူဟာ ဆုံးသွားတယ်။ ဒါနဲ့ အဲဒီနားက တောင်အလယ်လောက်မှာရှိတဲ့ ကျောက်တုံးတွေကို ကော်ကြည့်လိုက်တော့ အလွယ်တကူပဲ. . .။

"ဟာ. . . အပေါက်ဖြစ်သွားပြီ"

"ဒါပေမယ့် အဲဒီအပေါက်ကို လူသိခံလို့မဖြစ်ဘူး. . . ထွက်ပေါက်ဝင်ပေါက်အဖြစ် အသုံးပြုရမယ်"

"ဒီအပေါက် မြေပြန့်မှာမဟုတ်ပဲ နည်းနည်းမြင့်တယ်၊





ဘယ်လိုအတက်အဆင်း လုပ်ကြမလဲ"

"ဟောဟိုမှာ သစ်ပင်ကြီးကပ်ပေါက်နေတာ မတွေ့ဘူးလား. . . အဲဒီအပင်ကြီးကနေ နွယ်ကြိုးနဲ့ အတက်အဆင်းလုပ်ပေါ့"

"ဟုတ်တယ်. . . ဒါလည်းကောင်းတာပဲ. . . မြေပြန့်မှာမဟုတ်တဲ့အတွက် အဲဒီနေရာကို ဘယ်သူမှ သတိထားမိမှာမဟုတ်ဘူး"

"ဟုတ်တယ်. . . ဒီနေရာက ထွက်ပေါက်ဝင်ပေါက် အဖြစ်အသုံးပြုဖို့ အင်မတန်ကောင်းတဲ့နေရာပဲ. . . နောက်ပြီး သင်္ချိုင်းကလည်းရှိသေးတယ်. . . တော်ရုံတန်ရုံ လူအရောက်အပေါက်နည်းတယ်"

ကျွန်မဟာ ညဉ့်အခါမှာ တစ္ဆေလိုလို သရဲလိုလို ဖုတ်ဝင်စားတာလိုလို သူများထင်အောင် လသာတဲ့ညတွေမှာ ဝတ်ရုံဖြူဝတ်ပြီး အဲဒီတောင်ခါးပန်းကနေ သစ်ပင်ပေါ်တက်လိုက် ဆင်းလိုက် လုပ်ပြခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကြောင့် နန်းမဲလန်သချိုင်းမှာ ဝတ်ရုံဖြူနဲ့ ဖုတ်တစ္ဆေမ ရှိတယ်ဆိုပြီး လူတွေကပြောလာကြတယ်။ ဒါပေမယ့် ကျွန်မနဲ့ အဖော်သုံးဦးကတော့ မိုင်းသောက်ရွာသစ်မှာ အနေပြခဲ့တယ်။

တစ်ခါတစ်ခါ ပျောက်ပျောက်သွားတယ်လို့ ပြောကြတယ်။ အဲဒါက ကျွန်မတို့အုပ်စု လိုဏ်ဂူထဲမှာ သွားနေတဲ့အခါ ပေါ့...။

တစ်နေ့မှာ ကျွန်မတို့ကို သစ္စာဖောက်ပြီး ရန်သူဘက်ပါ သွားတဲ့ အမျိုးသမီးတစ်ဦးဟာ နန်းမဲလန်ရွာမှာ ရောက်နေတယ် လို့ သတင်းကြားလို့ ရှပ်ဖျက်ပြီးအလာမှာ...။

ဆရာကျောင်းကို စတင်တွေ့ဖူးခဲ့တယ်။

ဆရာကျောင်းကို တွေ့ကယ်ဆိုရင်ပဲ ကျွန်မရင်တွေ တဆတ်ဆတ်တုန်လာတယ်။ ကျွန်မဟာ ကြက်သေသေသွား သလို ဆရာကျောင်းကို ငေးကြည့်နေမိတယ်။

"ကိုဆေးနဲ့တူလိုက်တာ..၊ ကိုဆေး ပြန်ရှင်လာသလိုပဲ"

ကျွန်မရဲ့ခင်ပွန်းအတွက် ငိုခဲ့ရတဲ့ မျက်ရည်တွေဟာ





မခြောက်ခမ်းသေးဘူး။ သူ ကွယ်လွန်ခဲ့တာ တစ်နှစ်ကျော်ကျော် ပဲ ရှိသေးတယ်။ အဲဒီမှာတင် ကျွန်မခင်ပွန်းကို သတိရတိုင်း ဆရာကျောင်းကို လာလာကြည့်ဖြစ်ခဲ့တယ်။

ဒါပေမယ့် ကျွန်မမှာ နန်းမဲလန်ရွာကိုရောက်နေတဲ့ သစ္စာ ဖောက်တစ်ယောက်ကို ရှင်းပစ်ဖို့ ကိစ္စတစ်ရပ်ရှိသေးတယ်။

ဒါနဲ့...နန်းမဲလန်သချိုင်းနားက ဝင်ပေါက်ထွက်ပေါက် ကနေ ဝတ်ရုံဖြူဖုတ်တစ္ဆေအဖြစ်နဲ့ ထွက်လာခဲ့တယ်။ ရွာသူ ရွာသားတွေကလည်း ဖုတ်တစ္ဆေအကြောင်းတွေက ဒဏ္ဍာရီလိုလို တကယ်လိုလို ကြားသိထားရတော့ ဖုတ်တစ္ဆေနဲ့တွေ့ရင် သေမှာ ပဲဆိုတဲ့အတွေးနဲ့ ကြောက်လန့်ခဲ့ကြတယ်။ ဒါကြောင့် ကျွန်မဟာ ရန်သူတွေကို အလွယ်တကူ ရှင်းနိုင်ခဲ့တယ်။

ကျွန်မဟာ ရန်သူတစ်ယောက်ကို လုပ်ကြံတော့မယ်ဆို ရင် ပတ်ဝန်းကျင်လေ့လာမှုကို ပြုခဲ့တယ်။ အရင်က ကျွန်မ ခြောက်လှန့်ထားလို့ ဒီသချိုင်းထဲကို ညဘက်မှာ ဘယ်သူမှ မလာကြဘူး...။



www.burmeseclassic.com

www.burmeseclassic.com



အခုတော့. . . အဲဒီသင်္ချိုင်းထဲမှာ အဘရောက်နေတာ တွေ့ရတယ်။ အဘဟာ ပုတီးစိပ်နေပေမယ့် ကျွန်မကိုလှမ်းကြည့်နေတာ တွေ့လိုက်ရတယ်။ ပထမညက ရန်သူဆီသွားပေမယ့် လူတွေနိုးနေတာကြောင့် ကျွန်မရဲ့အကြံ မအောင်မြင်ခဲ့ဘူး. . .။

ဒါကြောင့် ဒုတိယအကြိမ် နောက်နေ့မှာ ဝတ်ရုံဖြူတစ္ဆေမအဖြစ်နဲ့ ထပ်ပြီး ထွက်ပေါ်လာခဲ့ရတယ်။ အဲဒီနေ့တုန်းကလည်း အဘဟာ ကျွန်မကို ကောင်းကောင်းကြီး လှမ်းကြည့်နေတာ တွေ့ရတယ်။

"အင်း. . . အဲဒီအဘဟာ ငါ့ကို ဝိညာဉ်မဟုတ်ပဲ လူမှန်းသိရင် သူ့ကိုလည်း သတ်မှဖြစ်မယ်"

ကျွန်မရဲ့ လုံခြုံရေးအရ ဒီလိုပဲလုပ်ဖို့ စဉ်းစားမိတယ်။ အဲဒီနေ့က ကျွန်မဟာ ရန်သူမိန်းမကို အောင်မြင်စွာ လုပ်ကြံနိုင်ခဲ့တယ်။

အဲဒါကတော့ မြွေဆိပ်ရည်လူးထားတဲ့ သံချွန်နဲ့ သူ့ရဲ့





လည်ပင်းမှာ အစွယ်ရာနှစ်ခုလို့ထင်အောင် ပြုလုပ်ပေးခဲ့တယ်။ အဲဒီမိန်းမဟာ သိမ်မကြာခင်မှာ မြွေဆိပ်တက်ပြီး သေသွားခဲ့တယ်။

"အင်း. . . တစ်ရန်တော့ရှင်းသွားပြီ. . . ဒါပေမယ့် ရွာထဲမှာ ဘယ်လိုသတင်းထွက်တယ်ဆိုတာ စုံစမ်းကြည့်ဦးမှပဲ"

ကျွန်မဟာ အလုပ်တစ်ခုလုပ်ပြီးတိုင်း နောက်ထပ် ဘယ်လိုသတင်းထွက်သလဲဆိုတာ စုံစမ်းရတယ်။ ဒါကြောင့် စုံစမ်းကြည့်လိုက်တော့ ဖုတ်ဝင်စားပြီးသေတာလို့ အရပ်ပြော ပြောကြတာ တွေ့ရတယ်။ နန်းတင်ကို ဖုတ်ဝင်စားတယ်လို့ သူတို့ထင်ကြတယ်။

ဒီလိုနဲ့. . . နန့်မဲလန် ငါးရက်တစ်ဈေးဆီကို ကျွန်မရောက်ခဲ့ပြန်တယ်။ ဆရာ့ကိုလည်း တွေ့ချင်တာပါတယ်။ ဆရာ့ကို ဈေးထဲမှာမြင်လိုက်ရတယ်။ ဆရာ့ကိုမြင်တော့ ကိုဆေးကိုလွမ်းတဲ့စိတ်တွေ တော်တော်သက်သာသွားတယ်။

ဆရာ့ကို ခိုးကြောင်ခိုးဝှက်နဲ့ ကြည့်လိုက်တဲ့အခါမှာ ဘေးနားက အဘကိုပါ တွေ့လိုက်ရတယ်။ အဲဒီမှာတင်ကျွန်မ



www.burmeseclassic.com

www.burmeseclassic.com



ဟာ ကြောက်လန့်တကြား ဖြစ်သွားခဲ့တယ်။ အဘဟာ ကျွန်မကို မှတ်မိလေသလားဆိုတဲ့အတွေးနဲ့ အဘနားက အမြန်ဆုံး ပြေးပုန်းခဲ့တယ်။

ကံဆိုးချင်တော့ နန်းမဲလန်ရွာသူတစ်ဦးက ကျွန်မကို စုန်းမလို့ စွပ်စွဲလို့ လေ့ဆိပ်ကိုအပြေးသွားပြီး လှေလှော်ပြေးခဲ့ ရတယ်။

ကျွန်မကို အပြင်မထွက်ဖို့ အားလုံးက ပြောခဲ့ကြပေမယ့် ကျွန်မ မနေနိုင်ဘူး။ ဆရာ့ကို လာ.သာကြည့်မိတယ်။ ကျွန်မကြည့်တဲ့အကြည့်က ဆရာ့အပေါ် မရိုးမသားအကြည့် မဟုတ်ပါဘူး။

ဆရာနဲ့ ဆရာမနန်းမိုးခမ်းတို့ အတူတူ ကျောက်တောင်ဘက်သွားကြည့်တာလည်း ကျွန်မ တွေ့လိုက်ရပါတယ်။ ကျွန်မ ခင်ပွန်းနဲ့ တူတာနဲ့တင် ဆရာတို့အတွဲကိုကြည့်ပြီး စိတ်ချမ်းမြေ့ခဲ့ပါတယ်။

ကျွန်မဟာ ဒီအကြောင်းပြောပြတာ အကြောင်းရှိပါတယ်။ နောက်တစ်ယောက်ကို ရှင်းရမယ့်ကိစ္စတစ်ခု ရှိသေးတယ်။ အဲဒီ





ကိစ္စပြီးရင် ကျွန်မကိုယ်တိုင် ရဲစခန်းမှာ ရှင်းမှာပါ။

နန်းကြာမှုန်က သူ့အကြောင်းကို အားလုံး ရှင်းပြခဲ့ တယ်။ သူ့အကြောင်းကိုကြားရတာ ကျွန်တော် အရမ်းအံ့သြ သွားတယ်။

အဘနဲ့ ကျွန်တော်တို့နှစ်ဦးဟာ သူမအပေါ် သံသယရှိတာတွေအားလုံး ရှင်းသွားခဲ့တယ်။

"ကျွန်တော်လဲ မကြာခင်မှာ. . . ရန်ကုန်ကိုသွားရတော့မှာ"

"ဆရာ. . . အလုပ်ပြောင်းရမှာလား"

"မဟုတ်ဘူး. . . ပညာရေးဘွဲ့အတွက် ဆက်တက်ရမှာပါ"

"ဘယ်တော့လောက် ဆရာသွားရမှာလဲ"

"နောက်တစ်ပတ်လောက်ဆို သွားရတော့မယ်"

"ဒါဆိုရင်. . . ကျွန်မအတွက် အလွမ်းဖြေစရာ ကြည့်ရမယ့်သူ မရှိတော့ဘူးပေါ့"

သူမက ဝမ်းနည်းစကားပြောလိုက်ပြီး ဖျော့တော့တော့



www.burmeseclassic.com

www.burmeseclassic.com



အပြုံးကလေး ပြုံးလိုက်တယ်။ ပြီးတော့ ဆက်ပြောလိုက်တယ်။

"ဒီလိုပေါ့ ဆရာရယ်. . . တွေ့ကြကြုံကြ ဆုံကြကွဲကြ ဆိုသလိုပါပဲ. . . ကျွန်မဟာ ရာဇဝတ်မှုတွေ ကျူးလွန်ထားတဲ့ သူမို့ ဆရာက အရင်ခွဲမသွားတောင် ကျွန်မက ခွဲသွားရမှာပါ"

သူမက အားလုံးရှင်းပြအပြီးမှာ ထမင်းဟင်း စားသောက်ဖွယ်ရာစုံစုံလင်လင်နဲ့ ညှေ့ခံကျွေးမွေးခဲ့တယ်။ ဒီတစ်ညအတွက် ကျွန်တော်တို့နှစ်ယောက်ဟာ ဘယ်သူမှ မရောက်ဖူးတဲ့ ဒီလိုဏ်ဂူကြီးထဲမှာ တစ်ညအိပ်ခဲ့ကြတယ်။

ကျွန်တော့်ဘဝမှာ ဒီလို ကျောက်ဂူကြီးထဲမှာ အိပ်ရလိမ့်မယ်လို့ တစ်ခါမှ မစဉ်းစားဖူးဘူး. . .။ လောကကြီးက ထူးဆန်းတာတွေနဲ့ ပြည့်နှက်နေတယ်ဆိုတာ ကျွန်တော် ယုံကြည်သွားပြီ. . .။

ဒေသအစွဲအလမ်းတွေအပေါ်မှာ အခွင့်ကောင်းယူပြီး အသုံးချခဲ့တဲ့ ဝဏ်ရုံဖြူတစ္ဆေမရဲ့ ဇာတ်သိမ်းကို ဒီကနေ့အဖို့ ကျွန်တော်တို့ ပြက်ပြက်ထင်ထင် သိခဲ့ရပြီ. . .။





ခင်ပွန်းသည် ဆုံးပါးသွားတဲ့အတွက် လက်စားချေရင်း လမ်းမှားတစ်ခုကို ရောက်ခဲ့တဲ့ နန်းကြာမှုန်ကိုကြည့်ပြီး ကျွန်တော် စိတ်မကောင်းဖြစ်ခဲ့ရတယ်။ ဒါပေမယ့် ကျွန်တော်လည်း ဒီဇာတ်လမ်းကို သိရှိခံစားရုံကလွဲလို့ ဘာလုပ်နိုင်မှာလဲ. . .။

သည်ညတစ်ညလုံး. . .။

ထူးဆန်းတာတွေကြောင့် ကောင်းကောင်းမအိပ်နိုင်ခဲ့ဘူး. . .။

နံနက်လင်းအားကြီးအချိန်မှာ. . .။

"ဆရာတို့ကို လိုက်ပို့ပေးမယ်"

သူမဟာ ခမောက်မည်းကလေးကိုဆောင်းပြီး လိုဏ်ဂူဘေးနားက ဖြတ်လမ်းလေးကကိုင်း လိုက်ပို့ပေးခဲ့တယ်။

နန်းမဲလန်ရွာအဝင်ကို ရောက်ခဲ့ပြီ. . .။

"ဆရာ. . . နန်းမဲလန်ရောက်ပြီ. . . ဘေးအန္တရာယ်ရှင်း ဗွာနဲ့သွားပါနော်"

"အခုလို လိုက်ပို့တဲ့အတွက် ညီမကို အစ်ကို ကျေး



www.burmeseclassic.com

www.burmeseclassic.com



တင်ပါတယ်''

''သြော်. . . အစ်ကို. . . အစ်ကိုတဲ့လား''

''ညီမရဲ့အစ်ကိုအဖြစ် ခံယူလိုက်ပါတယ်''

''ကျေးဇူးအများကြီးတင်ပါတယ် အစ်ကို''

သူမရဲ့ ညှိုးရော်သွားတဲ့ မျက်နှာကလေးကို ကြည့်ပြီး နှုတ်ဆက်ခဲ့ပါတယ်။

''ကဲ. . . အစ်ကို သွားတော့မယ်''

''ကောင်းပါပြီ အစ်ကို''

မကြာမီမှာ အိမ်ကိုပြန်ရောက်ခဲ့ပါတယ်။

အဘက အံ့သြစွာနဲ့. . .။

''အဘရဲ့ဘဝတစ်သက်တာမှာ ဒီလိုဆန်းကြယ်တဲ့အဖြစ် မျိုး တစ်ခါမှ မတွေ့ကြုံဖူးဘူး''

''ဟုတ်ပါရဲ့အဘရယ်. . . ဒီကိစ္စဟာ ဘယ်သူ့ကိုမှလဲ ပြောပြလို့မရတဲ့အကြောင်းပဲ''

ကျွန်တော်တို့နှစ်ယောက် လျှပ်တစ်ပြက် ပျောက်သွား





တဲ့ကိစ္စကို ဘယ်သူမှ မသိလိုက်ဘူး. . .။

''ဒါနဲ့. . . အဘလည်း အဓိဋ္ဌာန်ပြီးပြီမို့ ပြန်တော့မယ် ဆရာ''

''အဘရယ်. . . ကျွန်တော်လည်း ရန်ကုန်သွားမှာပဲ၊ အတူတူသွားကြတာပေါ့''

''အေးပေါ့ကွာ. . . ဒုက္ခရောက်တုန်းက အတူတူဆိုတော့ ရန်ကုန်သွားလည်း အတူတူသွားကြတာပေါ့''

''သိပ်ဟုတ်တာပေါ့ အဘရယ်''

''ဟား. . . ဟား. . . ဟား''

သည်တော့မှ အဘဦးသိန်းအောင်လည်း လွတ်လွတ်လပ် လပ် ရယ်မောနိုင်ခဲ့တယ်. . .။

နောက်တစ်ပတ်အကြာမှာတော့. . . အဘနဲ့ကျွန်တော် ရန်ကုန်သွားဖို့ ထော်လာကို စောင့်နေခဲ့တယ်။

ကျောင်းအုပ်ဆရာကြီးနဲ့ ဆရာမတို့အုပ်စုရယ်. . .

နန်းမိုးခမ်းရယ် ကျွန်တော်တို့ကို လိုက်ပို့ပေးခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



နန်းကတော့. . . မျက်ရည်မဆယ်နိုင်အောင်ကျရင်း. . .။

"အစ်ကို. . . ကျောင်းပြီးတာနဲ့ ချက်ချင်း ပြန်လာပါနော်. . . တစ်နှစ်ဆိုတဲ့အချိန်က နန်းအတွက် အကြာကြီးပဲ"

"ကျောင်းပြီးတာနဲ့ ချက်ချင်း ပြန်လာပါ့မယ် နန်းရယ်"

နန်းမိုးခမ်းကို ကျွန်တော်က ကြင်နာစွာ ပြန်ပြောလိုက်တယ်။

နန်းကိုပြောရင်း အမှတ်မထင် ခပ်လှမ်းလှမ်းကို ကြည့်လိုက်တော့. . .။

ဟော. . . ခမောက်မည်းကလေးနဲ့ ကောင်မလေးတစ်ယောက် မလှမ်းမကမ်းမှာ ရပ်နေတယ်။

ခမောက်မည်းကလေး မြင်တာနဲ့တင် ကျွန်တော် သိလိုက်ပါပြီ။

နန်းကြာမှုန်မှ. . . နန်းကြာမှုန်အစစ်. . .။

ကျွန်တော်က သူ့ကို မသိမသာ လှမ်းကြည့်လိုက်တယ်။ သူ ကျွန်တော့်ကို လိုက်ပို့တာမှန်း ကျွန်တော် ကောင်း





ကောင်းကြီး နားလည်လိုက်တယ်။

သူ့ကို ခေါင်းအသာငြိမ့်ပြလိုက်တယ်၊ သူ့ကို အသိအမှတ်ပြုတဲ့သဘော. . .။

ဟော. . . ကျိုင်းတုံကိုသွားဖို့ ထော်လာဂျီလာနေပြီ. . .။

ကျွန်တော်နဲ့အဘတို့နှစ်ယောက် ထော်လာဂျီပေါ်မှာ နေရာယူလိုက်တယ်။

"အားလုံးပဲ သွားတော့မယ်"

"နန်း. . . အစ်ကို သွားတော့မယ်နော်"

"ကောင်းကောင်းသွားပါ အစ်ကို"

တဖြည်းဖြည်းနဲ့ ထော်လာဂျီကလေး. . . စတင်ထွက်ခွာသွားခဲ့ပြီ. . .။

အားလုံးကို လက်ပြနှုတ်ဆက်ရင်း နန်းကြာမှုန်ဆီကို လှမ်းအကြည့်. . .။

သူမရဲ့ခမောက်မည်းကလေး တဖြည်းဖြည်းမော့လာပြီး ပါးပြင်မှာ မျက်ရည်စီးကြောင်းတွေနဲ့ နန်းကြာမှုန်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့လိုက်ရတယ်။

ပြီးတော့. . . ခမောက်မည်းကလေးကို အောက်သို့ ငုံ့လိုက်တယ်။

"ဩော်. . . သူလာနှုတ်ဆက်တာပဲ"

ဒီလိုစဉ်းစားချိန်မှာ အဘဦးသိန်းအောင်ကလည်း ကျွန်တော့်ရဲ့နံဘေးကို တတောင်နဲ့တွတ်ရင်း. . .။

"ဆရာ. . . ဟိုကောင်မလေး"လို့ မသိမသာလေး ပြောလိုက်တယ်။

"ဟုတ်ပါတယ်. . . သူလိုက်ပို့မှန်း သိပါတယ် အဘ"

"အင်း. . . ဒီဇာတ်လမ်းက ဘယ်သူ့ကိုမှ မပြောရဘူးလို့ သစ္စာရေသောက်ထားတဲ့အကြောင်းပဲ. . . အဘကတော့ ဒီလောက်ဆန်းကြယ်တဲ့အကြောင်းကို နာမည်ပေးချင်တယ်"

"ဘာနာမည်လဲ အဘ"

"ဝတ်ရုံဖြူတစ္ဆေမ"လို့. . .။

"ဟုတ်တယ်. . . ဟုတ်တယ်. . . ကျွန်ုပ်နဲ့ ဝတ်ရုံဖြူတစ္ဆေမပေါ့". . .။





"အင်း. . . သိပ်ကောင်းတဲ့နာမည်ပဲ"

တစ်ခါတစ်ရံမှာ. . . လောကကြီးမှာ နေထိုင် သွားလာရင်း ဒီလို ထူးခြားဆန်းကြယ်တဲ့အဖြစ်မျိုးလည်း ကြုံတွေ့တတ်ပါတယ်. . .။

စာဖတ်ပရိသတ်များကိုလေးစားသော

သိုက်ဖွား



BURMESE CLASSIC .com

www.burmeseclassic.com